# ခရစ်တော်
# ၌
# တည်နေခြင်း

## ယေရှုနှင့်အတူ လျှောက်လှမ်းခြင်း

Paul J. Bucknell

ပြန်ဆိုသူ ဓမ္မဆရာ ဦးဘီထန်း

# ပုံနှိပ်မှတ်တမ်း


- ပထမအကြိမ် - ၂၀၁၇ စက်တင်ဘာလ
- အုပ်ရေ - ၅၀၀
- တန်ဖိုး - ၂၀၀၀ /-
- စာရေးဆရာ & - Paul J. Bucknell
  မျက်နှာဖုံးဒီဇိုင်း
- ဘာသာပြန်သူ & - ဓမ္မဆရာ ဦးဘီထန်း
  ထုတ်ဝေသူ
- ဆက်သွယ်ရန် - ၀၉၄၂၀၀၇၉၀၁၈
  Email.fcbeitha75@gmail.com

# Paul J. Bucknell ရေးသားသောစာအုပ်များ

## ကျွန်ုပ်တို့အသက်တာထဲသို့ သမ္မာကျမ်းစကားပြောဆိုရန် အခွင့်ပေးခြင်း

- စိုးရိမ်ခြင်းကို အောင်မြင်ခြင်း - ငြိမ်သက်ခြင်းကို ရှာတွေ့ခြင်း၊ ဘုရား သခင်ကိုတွေ့ရှိခြင်း
- ဝိညာဉ်တော်၌ရှိသောအသက်! ခရစ်တော်၏ကြွယ်ဝခြင်းကို ခံစားခြင်း
- သာမန်ထက်ကျော်လွန်ရောက်ရှိခြင်း - အောင်မြင်သောသူ တစ်ဦးဖြစ်ခြင်း
- အသက်၏အနှစ်သာရ - ကြီးမြတ်သောလေ့ကျင့်သင်ကြားခြင်း ၏အဓိကအချက်
- ဘုရားတရားကြည်ညိုသောသူ - လူတစ်ဦး၏အသက်တာအား ဘုရားသခင်ထိတွေ့သောအခါ
- ကျမ်းစကားများအားဖြင့် ရွေးနုတ်ခြင်း
- မိသားစုအတွက် ဘုရားတရားကြည်ညိုမှု အစပြုခြင်း
- သမ္မာကျမ်းစာအရ အုပ်ထိန်းမှု၏အခြေခံသဘောတရားများ နှင့်အလေ့အကျင့်များ
- ကောင်းမွန်သောအိမ်ထောင်တစ်ရပ် တည်ဆောက်ခြင်း
- အကြံပြုသောသူများအတွက် လက်မထပ်သေးသည့်ခရစ်ယာန် အကြံပြုခြင်းဆိုင်ရာလက်ထိုး
- တပည့်တော်ဖြစ်ခြင်းဆိုင်ရာဆက်နွယ်မှု - ကားတိုင်၏လေ့တွေ့ ကျင့်စဉ်များ
- အပြေးပြိုင်ပွဲ - လိင်ပိုင်းဆိုင်ရာတပ်မက်မှုများကိုအောင်မြင်ခြင်း
- ကမ္ဘာဦးကျမ်းအပေါ် အနက်ဖွင့် သွန်သင်ခြင်း
- ရောမသြဝါဒစာစောင်အပေါ် အနက်ဖွင့် သွန်သင်ခြင်း


ခရစ်တော်၌ တည်နေခြင်း

- အသက်တာပြုပြင်ပြောင်းလဲခြင်း - ရောမသြဝါဒစာစောင် အပေါ် လစဉ်သင်ယူခြင်း
- ရောမသြဝါဒစာစောင် လေ့လာခြင်း
- ဖေက်သြဝါဒစာစောင် လေ့လာခြင်း
- ယေရှုနှင့်အတူ လျှောက်လှမ်းခြင်း - ခရစ်တော်၌ တည်ခြင်း
- တိတုစာစောင်ကို ခြုံငုံလေ့လာခြင်း
- ဩပေတရု လေ့လာခြင်းဆိုင်ရာ မေးခွန်းများ - ပျက်စီးနေသော ကမ္ဘာ၌ အသက်ရှင်ခြင်း
- အမှုတော်လုပ်ငန်းထဲသို့ သင့်ခြေလှမ်းလှမ်းခြင်း
- ထာဝရဘုရားသည် သင်၏အနာကိုငြိမ်းစေသောသူ-ကိုယ်တော့်ကိုတွေ့ပြီး အနာငြိမ်းခြင်း
- အမှုတော်လုပ်ငန်းအတွက် ခေါင်းဆောင်များကို လေ့ကျင့်ပေးခြင်း
- စာတန်၏ရုံလေးရုံ-ဖျက်ဆီးသောသူသည် ဖျက်ဆီးတတ်၏။
- ယောနဝတ္ထု လေ့လာရန် လမ်းညွှန်ချက် - ဘုရားသခင်၏စိတ်နှလုံးကိုနားလည်ခြင်း

Our Digital Libraries include these books as well as slides, handouts, audio/videos, and much more at:
www.foundationsforfreedom.net

# ခရစ်တော်၌ တည်နေခြင်း

## ယေရှုနှင့်အတူ လျှောက်လှမ်းခြင်း




By

Paul J. Bucknell

Abiding in Christ: Walking With Jesus
Copyright 2002, 2016 by Paul J. Bucknell
Translated by Fc. Bee Htan

Burmese Printed: ISBN-10: 1-61993-183-4
ISBN-13: 978-1-61993-183-1
Burmese Digital: ISBN-10: 1-61993-184-2
ISBN-13: 978-1-61993-184-8
English Printed: ISBN-10: 1-61993-072-2
ISBN-13: 978-1-61993-072-8

All Rights reserved
Printed by Biblical Foundations for Freedom
Pittsburgh, Pennsylvania,15212 USA
www.foundationsforfreedom.net
info@foundationsforfreedom.net

The NASB is used unless otherwise noted. The NEW AMERICAN STANDARD BIBLE, (C) Copyright: The Lockman Foundation 1960, 1962, 1963, 1968, 1971, 1972, 1973, 1975, 1977, 1988.

# မာတိကာ

## စကားချီး
## နိဒါန်း

၁။ မဖြစ်နိုင်သောချစ်ခြင်းမေတ္တာ (မာ၊ ၈:၁-၉) ၁၇
၂။ စစ်မှန်သောမိတ်ဆွေဖြစ်ခြင်း (ယော၊၁၅:၁၅-၁၆) ၂၄
၃။ မာကုထဲကချစ်ခြင်းမေတ္တာ (မာ၊၁၄:၁-၉) ၂၉
၄။ နောက်လိုက်ခြင်းသည် မလွယ်ကူပေ (မာ၊၁၀:၄၆-၅၂) ၃၅
၅။ သတိရှိစွာ နားထောင်ခြင်း (မာ၊၇:၁၇-၁၈) ၄၁
၆။ ထည့်တွက်ခြင်းခံရသောယုံကြည်ခြင်း (မာ၊၁၁:၂၀-၂၄) ၄၈
၇။ ဘုရားသခင်၏အလိုတော်အပေါ်၌ အာရုံစိုက်လျက် ရပ်တည်ခြင်း (မာ၊၁၅:၂၁-၂၈) ၅၃
၈။ သင်၏စစ်မှန်သောဘဏ္ဍာကို ရှာတွေ့ခြင်း (မာ၊၁၀:၂၁-၂၇) ၆၂
၉။ ထိုက်တန်ပေသည် (မာ၊၁၀:၂၈-၂၉) ၇၀
၁၀။ ဘာသာရေးကို မှောက်လှန်ခြင်း (မာ၊၃:၁-၆) ၇၆

၁၁။ ယေရှု၏မိသားစု ၈၂
(မာ၃:၃၁-၃၅)
၁၂။ ယေရှုအပေါ် ယုံကြည်စိတ်ချမှု ကြီးထွားခြင်း ၈၉
(မာ၇:၃၁-၃၇)
၁၃။ ဆင်းရဲဒုက္ခခံရသောခရစ်ယာန်အပေါ် စကားတစ်ခွန်း ၉၆
(ယော၅:၁-၂)
၁၃။ စစ်မှန်သောကိုးကွယ်ခြင်း ၁၀၀
(မာ၁၂:၂၈-၃၄)
၁၅။ အချည်းနှီး အိပ်မက်များ ၁၁၁
(မာ၁၃:၁-၃)
၁၆။ အကျင့်ပါသောယုံကြည်ခြင်း ၁၁၆
(မာ၁၁:၂၇-၃၃)
၁၇။ လဲနေသောကျော်ကြားမှု ၁၂၃
(မာ၂:၁-၂)
၁၈။ စိုးရိမ်ခြင်းအပေါ် ရှုထောင့်အမြင် ၁၂၉
(လု၁၂:၂၅-၂၆)
၁၉။ လူသား၏ကြောက်ရွံ့ခြင်းကို ကျော်လွှားအောင်မြင်ခြင်း ၁၃၅
(မာ၁၁:၂၇-၃၃)
၂၀။ နောက်ဆက်တွဲ ၁: စာရေးဆရာအကြောင်း ၁၄၁

# စကားချီး

ဤစာအုပ်သည် အစီလိုက်အတွက် စီစဉ်ထားခြင်းမဟုတ်ပေ။ သခင်ဘုရားသည် အကျွန်ုပ်ကိုခေါ်ယူလျက် စောင့်ရှောက်တော်မူ၏။ အကျွန်ုပ်သည် သူနှင့်ပို၍နီးစပ်ဖို့ရန် အကျွန်ုပ်၏ပုံမှန်လုပ်ရိုးလုပ်စဉ်ကို ချိုးဖျက်ပစ်လိုက်၏။

ပထမအနေဖြင့် သခင်ဘုရားသည် အကျွန်ုပ်၏ဆက်ကပ်အပ်နှံခြင်းကိုလက်ခံပေး၏။ ခရစ်ယာန်တစ်ဦးအနေဖြင့် အကျွန်ုပ်၏ကြီးထွားခြင်းအကြောင်းနှင့်ပတ်သက်၍ ကိုယ်တော်သည် အကျွန်ုပ်ကိုသတိပေးတတ်၏။ သူသည် ယခင်က အကျွန်ုပ်၏သာနာလုပ်ငန်း သို့မဟုတ် သင်းအုပ်ဆိုင်ရာအလုပ်တို့ကိုသဘောကျခြင်းမရှိပေ။ သခင်ဘုရားသည်အကျွန်ုပ်၏စိတ်နှလုံးကို ဆက်လက်ပုံသွင်းရန် ရည်ရွယ်ထားတော်မူ၏။ သူသည် အကျွန်ုပ်အား နေ့စဉ်ဆင်ခြင်နှလုံး သွင်းစေဖို့ရန် ဆာလံ ၁ နှင့်ယောရှု ၁ တို့အားဖြင့် စကားပြောတော်မူ၏။

*ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့်မည်ဟုစောင့်ရှောက်ခြင်းအလို့ငှာ ကျမ်းစာကိုမဖတ်မရွတ်ဘဲမနေ၊ နေ့ညမပြတ်ကြည့်ရှုဖတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည် (ယောရှု၁:၈)။*

ဘုရားသခင်သည် ဆင်ခြင်နှလုံးသွင်းခြင်းကို မိမိ၏လူများကြီးထွားဖို့ရန်နှင့်အောင်မြင်ဖို့ရန် နည်းလမ်းအဖြစ် ပုံဖော်ထားသည်။ အချိန်လုံလုံလောက် လောက်မရရှိဟူ၍ ဆင်ခြင်ပေးခြင်းသည် ခရီးမရောက်ရှိတတ်ပေ။ အကျွန်ုပ်ပင်လျှင် အစီအစဉ်အလွန်များသော်လည်း ကိုယ်တော်နှင့်တွေ့ဆုံဖို့ရန် နံနက်စောစောထလျက်ရှိ၏။ ကိုယ်တော်သည် အချိန်များများကိုအလိုရှိတော်မူ၏။ ကိုယ်တော်လိုချင်သောအရာကို ကျွန်ုပ်သိရှိထားသည်။

ခရစ်တော်၌ တည်နေခြင်း

အကျွန်ုပ်သည် ခက်ခက်ခဲခဲရုန်းကန်လှုပ်ရှားပြီးနောက် ရေဒီယိုလေလှိုင်းစကားပြောခြင်းကို စွန့်လွှတ်ပြီး ကိုယ်တော်၏နှုတ်ကပတ်အားဖြင့် သူ့အသံကို နားထောင်ရသောအခွင့်ရရှိလာရပါသည်။ ဆင်ခြင်နှလုံးသွင်းခြင်း အချိန်သည် အလိုအလျောက် နေ့စဉ်အချိန်များစွာ ပေးဆပ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ၎င်းသည် ပုံမှန်ဆက်ကပ်အပ်နှံခြင်းပင်ဖြစ်သည်။ အကျွန်ုပ်သည် ကတိကဝတ်များမပြုပေ။ ကောင်းသောအလေ့အထဖြစ်သည်နှင့်အညီ ရရှိသည့်အချိန်အ ခိုက်အတန့်၌ ကိုယ်တော်နှင့် ထိတွေ့ဖို့ရန် ရည်ရွယ်ထားခြင်းပင်ဖြစ်သည်။

ထိုအကြောင်းကို ကျွန်တော်စဉ်းစားသောအခါ အံ့အားသင့်နေဆဲပါ ။ ထိုအချိန်မှစ၍နှစ်ပေါင်းများစွာလွန်သွားသည့်တိုင်အောင် ကိုယ်တော်ပြုခဲ့သည့်အမှုအရာကိုစဉ်းစားသောအခါကျွန်ုပ်စိတ်ထဲတွင် အလွန်ပင်ခံစားရပါသည်။ အရာအားလုံးထဲမှ အချိန်တိုတွင်း ဆင်ခြင်နှလုံးသွင်းချိန်တွင် ကိုယ်တော့်ထံ တော်ပါးမှလာသောအသံကို အကျွန်ုပ်ကြားလိုပါသည်။ ကိုယ်တော်သည် အလွန်နီးကပ်လာ၍ အကျွန်ုပ်လုံးဝပြောင်းလဲသွားပါသည်။ ပုံမှန်အားဖြင့် မိနစ်သုံး ဆယ်ဝန်းကျင်ခန့်ပင် အချိန်ယူရသော်လည်း ကိုယ်တော်သည် အကျွန်ုပ်ကို သွန်သင်စကားပြော၍ မိမိအသက်တာကို များစွာအကျိုးသက်ရောက်မှုရှိစေပါသည်။ ကိုယ်တော်၏သမ္မာတရားသည် အလွန်ရှင်းလင်းသည်ဖြစ်၍ ကိုယ်တော်နှင့် တွေ့ဆုံဖို့ရန် အကျွန်ုပ်နှလုံးသည် ခုန်လျက်နေသည်။ အကျွန်ုပ်အား မည်သည့်အရာပြောပြမည်ကို အံ့အားသင့်လျက်စောင့်ဆိုင်းသည်။ အကျွန်ုပ်ကို မည်သည့်အရပ်သို့ပို့ဆောင်မည်နည်း။ ကိုယ်တော်၏နှုတ်ကပတ်တော်၌ အချိန်ယူမွေ့လျော်ပြီးသောအကာခါ အကျွန်ုပ်၏အသက်တာသည် ယခင်ကအချိန် နှင့်လုံးဝခြားသွားပါသည်။ ရိုးရိုးသားသားပြောရလျှင် အကျွန်ုပ်အသက်တာ သည် အမြဲထူးခြားမှုရှိသည်။

ယေရှုနှင့်ခရစ်ဝင်ကျမ်းများအပေါ် အကျွန်ုပ်၏လေ့လာသင်ယူခြင်းသည် အကန့်အသတ်ရှိပါသည်။ ခရစ်ဝင်ကျမ်းများသည် အကျွန်ုပ်နှင့်

အလွန်ရင်းနှီး သည်ဖြစ်၍ ထိုကျမ်းများကို ရှုထောင့်အမြင် အမျိုးမျိုးက နေထိတွေ့လေ့ရှိသည်။ အကျွန်ုပ်သည် ခရစ်ဝင်ကျမ်းပိုဒ်များကို အများ ဆုံးဟောပြော၍ သင်ကြားပေးလျက်ရှိသည်။ သို့သော် ယခုမှာ ယေရှုက မိမိ၏တပည့်တော်များအား မည်ကဲ့သို့လေ့ကျင့်သင်ကြားပေးခဲ့သည်ကို လေ့လာသင်ပြသွားမည်ဖြစ်သည်။ ယေရှုက အခြေအနေအမျိုးမျိုး၌ မည်ကဲ့သို့တုံ့ပြန်ခဲ့သည်များကိုလေ့လာမည့်အစားအကျွန်ုပ်သည် တပည့် တော်များကိုယ်တိုင် မည်သည့်အရာများကိုတွေ့ရှိ၍ ကြားခဲ့ သည်များကို အကျွန်ုပ်စစ်ဆေးသွားပါမည်။ ယေရှုသည် အရာအားလုံးအထက်၌ရှိ လျက်တပည့်တော်များကို လေ့ကျင့်သင်ကြားပေးခဲ့သည်။

ခရစ်ဝင်ကျမ်းများသည် အထူးလေ့လာသင်ကြားခြင်း လမ်းစဉ်များ နှင့်ပြည့်နှက်ပြီး လက်တွေ့ဆန်သောစွန့်စားမှုဖြစ်လာပါသည်။ အကျွန်ုပ် သည် ယေရှု၏ခြေတော်ရင်း၌ ထိုင်လျက် တပည့်တော်တို့အား မည်ကဲ့ သို့လေ့ကျင့် သင်ကြားပေးခဲ့သည်များကို ထိတွေ့ခံစားလျက်နေသည်။ အကျွန်ုပ်သည် လေ့ကျင့်သင်ကြားခြင်းကိုခံယူလိုပါသည်။ ဤကား အ ကျွန်ုပ်အလိုရှိသောအရာဖြစ်သည်။ ထိုအခြေအနေများမှ အကျွန်ုပ်သင် ယူနိုင်မည်လော။ အကျွန်ုပ်များစွာ သင်ယူနိုင်ပါသည်။ အကျွန်ုပ်အသက် တာကို အကျိုးသက်ရောက်မှုရှိသည့်သမ္မာတရားများဖြင့် အကျွန်ုပ်သည် ဝန်ပိလျက်နေသည်ဟု ခံစားမိပါသည်။ နောက်တစ်နေ့တွင် အကျွန်ုပ် သင်ယူမည့်အရာသည် အကျွန်ုပ်ကိုင်တွယ်နိုင်မည်လောဟူ၍ အကျွန်ုပ် လန့်ဖျပ်လျက်နေသည်။

ဘုရားသခင်သည် အကျွန်ုပ်ကိုစကားပြောလိုသလော သို့မဟုတ် အခြားခရစ်ယာန်များကို စကားပြောလိုဟူသည်ကို အကျွန်ုပ်လုံးဝယုံ မှားသံသယမရှိတော့ပေ။ ကိုယ်တော်သည် အကျွန်ုပ်အား အသံကျယ် ကျယ်နှင့် ရှင်းရှင်းလင်းလင်းစကားပြောလိုပါသည်။ မေးခွန်းအစစ်အမှန် ကား ကျွန်ုပ်တို့အား ကိုယ်တော်စကားပြောဆိုရန် ကျွန်ုပ်တို့အမှန်တ

ကယ်လိုချင်ပါသလော။ ကျွန်ုပ်တို့အား ကိုယ်တော်စကားပြောဆိုရန် ကျွန်ုပ်တို့သည် ထင်ရာစိုင်းသောသူများဖြစ်ကြသည်။

ဘုရားသခင်နှင့် အချိန်ယူပြီး ဆင်ခြင်နှလုံးသွင်းသည့်အစီအစဉ် တစ်ခုစီတိုင်းသည် ထူးခြားမှုရှိသည်။ နောက်ဆုံး၌ ဘုရားသခင်နှင့် တွေ့ ဆုံခြင်းတစ်ခုချင်းစီသည် မိမိအသက်တာ၌ အကျိုးသက်ရောက်မှုကြီး လှပေသည်။ တစ်ခါတစ်ရံ အဓိကဆိုလိုရင်းအချက်သည် ချက်ချင်း ပေါက်သွားရသည်။ ထိုသင်ခန်း စာများကိုမိမိရရဆုပ်ကိုင်ဖို့ရန် လွယ် ကူပါသည်။

အခန်းတစ်ခုစီတိုင်းသည် ကျမ်းပိုဒ်အသစ်တစ်ခုအပေါ်တွင် ဗဟိုပြု ပါသည်။ ကိုယ်တော်သည် သူ၏နှုတ်ကပတ်တော်အားဖြင့် စကားပြော သည့်တိုင်အောင် ကျမ်းပိုဒ်တစ်ပိုဒ်စီ အပေါ်တွင်ဖတ်ရှုပြီး ဆင်ခြင်ပါ သည်။ တစ်ခါတစ်ရံ တခြားအချိန်များထက် ပိုပြီးကြာရှည်မည်ဖြစ်သည်။ သို့သော် ကျွန်တော်၏စိတ်ဝိညာဉ်ထဲသို့ အနည်းဆုံးသမ္မာတရားတစ်ခု ပွင့်ထွက်လာသည့်တိုင်အောင် ထိုနေရာ၌ ကျွန်တော်နေပါမည်။ အကြိမ် များစွာကျွန်တော်လက်လျှော့ပြီး ကိုယ်တော်၏နှုတ်ကပတ်တော်ကို ယေ ဘုယျဖတ်ရှုရုံဖြင့် ကျေနပ်ခဲ့ပါသည်။ ကျေးဇူးတော်ချီးမွမ်းပါ၏။ ကိုယ် တော်စကားပြောသည့်တိုင်အောင် ကျမ်းပိုဒ်ဖတ်ရှုခြင်းကို ဆက်လက် လုပ်ဆောင်ပါသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်က ကျွန်တော်၏အ သက်တာကိုအစွမ်းဖြင့် စတင်မလှုပ်ခါမီ တစ်ကြိမ်မက နှစ် ကြိမ်ဆင်ခြင် ပြီးမကြာခဏဖတ်ရှုရန် လိုအပ်ပါသည်။ အပိုင်းတစ်ပိုင်းစီတိုင်းသည် အ သက်တာ၌ လက်တွေ့ကျင့်သုံးခြင်းဖြင့် အဆုံးသတ်ပါသည်။ ထုံးစံအ တိုင်း ဤအရာသည် အလွန်မခက်ခဲပါပေ။ ကျွန်တော့်ကိုသွန်သင်ရန် ကိုယ် တော်ရှိနေပါသည်။ ကျွန်တော်၏မာကျောသောစိတ်နှလုံးသား နောင်တရသောအခါ ကျွန်တော့်အသက်တာတွင် ကျင့်သုံးရန် စစ်မှန်ပြီး လက်တွေ့ကျသော သမ္မာတရားအချို့ အမြဲရှိပေသည်။

များစွာသောသင်ခန်းစာတို့သည် ဤစာအုပ်"ခရစ်တော်၌တည်နေခြင်း - ယေရှုနှင့်အတူ လျှောက်လှမ်းခြင်း"ထဲတွင် ရေးသားထားသည်။ ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်အားဖြင့် မိတ်ဆွေအား စကားပြောဆိုသည့်အပေါ် မိတ်ဆွေမည်ကဲ့သို့နားထောင်ရမည်ကို သင်ယူမည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ထိုအမှုအရာတို့သည် မိတ်ဆွေအသက်တာ၌ အကြီးမားဆုံးသောအချိန်အခါများ ဖြစ်ပါလိမ့်မည်။

သခင်ဘုရားက သင်နှင့်ကျွန်ုပ်ကိုစကားပြောနိုင်ဖို့စောင့်နေပါ၏။ သူ၏နှုတ်ကပတ်တော်ကို ဆင်ခြင်အောက်မေ့ညွှန်ကြားထားပါသည်။ တီဗွီ၊ ကွန်ပျူတာ၊ ရုပ်ရှင်တို့ကိုဘေးကိုရွှေ့ထားပြီး သေသေချာချာထိုင်ကာ သူ၏နှုတ်ကပတ်တော်အားဖြင့် သင့်ကိုစကားပြောရန် ဆုတောင်းပါ။ ကိုယ်တော်သည် ဖြောင့်မှန်ပါသည်။ လိုက်နာစရာသော့ချက်တစ်ခုတော့ရှိသည်။ ကိုယ်တော်လုပ်စေလိုသမျှအတိုင်းလုပ်ဆောင်ပါ။ ထိုသို့ပြုခြင်းသည် လိုအပ်သောရဲရင့်မှုတစ်ရပ်ဖြစ်သည်။ မည်သည့်အချိန်တွင်မှအဆုံးသတ်မည်ဟု ကျွန်ုပ်တို့မသိနိုင်သော ကျွန်ုပ်တို့၏ကျမ်းစာဆင်ခြင်အောက်မေ့ခြင်း အချိန်ကိုနှလုံးသားဖြင့် ချဉ်းကပ်လုပ်ဆောင်ရမည်ဖြစ်လေသည်။

# နိဒါန်း

ကျွန်ုပ်တို့သည် ယေရှုနှင့်အတူလျှောက်လှမ်းခြင်းဖြင့် ပြည့်ဝစုံလင်သော ခရစ်ယာန်အသက်တာ၌ အသက်ရှင်လိုကြသော်လည်း ထိုဖြစ်စဉ်၌ မိမိတို့ကိုယ်ကို အားမလိုအားမရဖြစ်ကြောင်း မကြာခဏတွေ့လေ့ရှိ၏။ ဤသို့ဖြစ်ရသည့်အကြောင်းရင်းတစ်ခုမှာ ယောဟန်အခန်းကြီး ၁၅ တွင်ဖော်ပြထားသည့်အတိုင်း ယေရှုသုံးနှုန်းသည့်'တည်နေ'ဟူသောစကားလုံးကို နားလည်ရန်ခက်ခဲသောကြောင့်ဖြစ်သည်။ ယေရှုသည်ထိုစကားလုံးကို လွယ်လွယ်ကူကူသုံး နှုန်းထားသော်လည်း အင်္ဂလိပ်ဘာသာပြန်ဆိုချက်အရ 'တည်နေခြင်း'၊ 'ရှိနေခြင်း'၊ အသက်ရှင်ခြင်းဟူသောစကားလုံးများက ယေရှု၏စကားတော်အနှစ်သာရကို ကျွန်ုပ်တို့အားအခက် တွေ့စေပါသည်။

*ခရစ်တော်၌ တည်နေခြင်းထက်သာ၍ ကြီးမြတ်သောအသက်၊ တွေ့ကြုံခံ စားမှုနှင့် ဝမ်းမြောက်ခြင်းဟူ၍ မရှိပေ။*

ပြီးခဲ့သည့်နှစ်များတွင် စပျစ်ပင်တို့၏အကြောင်းကို ကျွန်တော်ပို၍သဘောပေါက်လိုလာပါသည်။ ကျွန်တော်သည် မြို့ပြ၌ကြီးပြင်းလာသောကြောင့် စပျစ်ပင်တို့၏အကြောင်းအရာကို လေ့လာရန် အခွင့်အလမ်းများများမရရှိခဲ့ပေ။ သို့သော် အကျွန်ုပ်၌ရှိသည့်စပျစ်ပင်သုံးပင်က စပျစ်ပင်မည်ကဲ့သို့ကြီးထွား သည်ကိုလေ့လာရန် ကျွန်ုပ်အား ပုံမှန်အခွင့်အလမ်းပေးခဲ့သည်။ အကျွန်ုပ်၏စပျစ်ပင်တို့သည် ပင်စည်ထူထပ်ပြီး ရှည်လျားလာကာ နှစ်သက်ဖွယ်အကိုင်း အခက်များဖြင့် ဖြာထွက်လာပါတော့သည်။ ယေရှုသည် စပျစ်ပင်၏အကိုင်းအခက်များက ပင်စည်နှင့်မည်ကဲ့သို့ဆက်နွယ်သည်ကိုပုံဥပမာဖြင့် ပြသရန် စပျစ်ပင်၏ပုံဥပမာကိုအသုံးပြုခဲ့ပါသည်။ ထိုစပျစ်ပင်တို့သည် ကိုယ်တော်၏သားသမီးများကပြည့်ဝစုံလင်သောခရစ်ယာန် အသက်တာ၌ မည်ကဲ့သို့အသက်ရှင်ရ

မည်ကိုပြသထားပါသည်။ တည်နေခြင်းသည် တွဲချည်ထားသည့်သဘော၊ ဆက်နွယ်သည့်သဘော၊ အကိုင်းချင်းဆက်နေသည့်သဘော၊ အလွန်လုပပြီး အနံ့အရသာရှိသော အသီးကိုသီးစေသည့်အပြန်အလှန်လုပ်ဆောင်ခြင်း သဘောတရားဖြစ်ပါသည်။ အခေါင်းစဉ်အသီးသီးက ကျွန်ုပ်တို့အား ခရစ်တော်၌ မည့်ကဲ့သို့တည်နေရမည်ကို အသစ်သောအနက်အဓိပ္ပာယ်ဖြင့် တွေ့ရှိစေမှာဖြစ်ပြီး နေ့စဉ်လက်တွေ့ကျစေပါမည်။

*ငါသည် စပျစ်ပင်ဖြစ်၏။ သင်တို့သည် အကိုင်းအခက်များဖြစ်ကြ၏။ မည်သူမဆိုငါ၌တည်နေ၍ ငါသည်လည်း သူ၌တည်နေလျှင် ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကင်းကွာလျှင် သင်တို့သည် မည်သည့်အရာကိုမျှ မပြုနိုင်ကြ(ယော၁၅:၅)။*

ကျွန်ုပ်တို့ဘဝခရီးစဉ်၌ ယေရှုနှင့်အတူ တွေ့ကြုံခံစားခဲ့သော အရာများကိုမိမိတို့အဖို့ အချင်းချင်းကြားတွင် မျှဝေကြမည်ဆိုလျှင် ကောင်းမွန်သောအရာဖြစ်မည်ဟု ကျွန်တော်ယူဆမိပါသည်။ အကယ်၍ မိတ်ဆွေသည် ဤအလွန်စိတ်လှုပ်ရှား ဖွယ်သောကောင်းသောဘဝခရီးစဉ်အကြောင်းကိုရရှိခံစားခြင်းမရှိသေးပါက ယခုပင်ရရှိခံစားဖို့ အလွန်အရေးကြီးပါသည်။

- ကျွန်ုပ်တို့သည် ယေရှုကိုသိရှိရန် အစပြုသည်။ ကိုယ်တော်သည် သေခြင်းမှ ရှင်ပြန်ထမြောက်၍ အသက်ရှင်လျက်နေ၏။
- ယေရှုနှင့် တွေ့ဆုံခြင်းသည် မိမိတို့၏အပြစ် အဘယ်မျှလောက်ကြောက်မက်ဖွယ်ကောင်းသည်ကို သိမြင်ရမည့်နေရာသို့မိမိတို့အား အစဉ်ပို့ဆောင်စေပါလိမ့်မည်။
- ကျွန်ုပ်တို့သည်ကိုယ်တော်၏မိန့်တော်ချက်များကို နားထောင်ခြင်းဖြင့် မဟာဗျူဟာလမ်းစဉ်အပေါ် အစဉ်သွားလျက်နေ၏။
- ကျွန်ုပ်တို့သည် ထိုလမ်းစဉ်အပေါ် တစ်ခါရောက်ရှိသောအခါ ယေရှုနှင့်အတူ ထိုလမ်းစဉ်၌ရှိနေဖို့လိုအပ်ပါသည်။၎င်းကို ယေရှုနှင့်အတူလျှောက်လှမ်းခြင်း သို့မဟုတ် ခရစ်တော်၌တည်နေခြင်း

ဟုခေါ်ပါသည်။ ကျွန်ုပ်တို့သည် အဘယ်အရပ်၌ဖြစ်စေ ကိုယ်တော်အတူပါရှိခြင်းကို ဩတ္တပ္ပစိတ်၌ နားလည်သ ဘောပေါက်ပြီး ယုံကြည်ကိုးစားရပါသည်။ ဘဝအသက်တာသည် အမှန်ပင်အလွန်စွဲမက်စရာကောင်းလာပါ တော့သည်။ နေ့ရက်တိုင်းယေရှုနှင့်အတူ ခရီးလျှောက်လှမ်းသည်။ ဆက်နွယ်ခြင်းမှစ၍ တွေ့ဆုံခြင်းနှင့်အဖြစ်အပျက်တိုင်းသည် သာမန်မဟုတ်တော့ဘဲ ထူးခြားလာပါသည်။

ယေရှုနှင့်အတူ လျှောက်လှမ်းခြင်း၌ ပိုမိုနက်ရှိုင်းစွာ နားလည်ရန် အရောက်လှမ်းခဲ့ပ ါ။ ဆက်လက်ဖော်ပြသောအကြောင်းအရာများကို ဖတ်ရှုပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်၌လည်း သာ၍ကောင်းမွန်သောဆင်ခြင်နှလုံးသွင်းခြင်းကို အစပြုလိုက်ပါ။ ကိုယ်တော်သည် သင်နှင့်တွေ့ဆုံရန်စောင့်ကြိုလျက် နှစ်သက်ပျော်ရွှင်ဖွယ် ကောင်းသောဘဝခရီးသို့ခေါ်ဆောင်သွားပါမည်။ သင်၌ မျက်ရည်နှင့်တကွ တိုက်လှန်ဖို့ရန်ရှိကောင်းရှိသော်လည်း ကိုယ်တော်နှင့်မတွေ့ဘဲရှောင်ထွက်ဖို့ သင်အဘယ်အခါမျှ အလိုရှိမည်မဟုတ်ပေ။

# မဖြစ်နိုင်သောချစ်ခြင်းမေတ္တာ

## မာကု ၈:၁-၉

ဤပုံဥပမာအကြောင်းကို ကျွန်တော်အကြိမ်ပေါင်းများစွာ ဖတ်ခဲ့ပါသည်။ သို့ရာတွင်ကျွန်ုပ်သည်ဆိုလိုရင်းအနက်အဓိပ္ပာယ်နှင့်အဘယ့်ကြောင့်လွဲနေရသနည်း။

ထိုသို့ဖြစ်ရသည်မှာ ကျွန်တော်သည် နိမိတ်လက္ခဏာအပေါ်၌ များစွာ အာရုံစူးစိုက်သောကြောင့် ဖြစ်နိုင်ပါသည်။ သို့ရာတွင် ဤအကြောင်းအရာကိုသည်တစ်ခါ ကျွန်တော်ဖတ်ရသောအခါ အဖြစ်အပျက်တစ်ခုလုံးက ကျွန်ုပ်၏စိတ်နှလုံးကို ဖမ်းဆုပ်လိုက်ပါသည်။ ယေရှုသည် ကျွန်ုပ်အားသူ၌ တည်နေခြင်းအကြောင်းကို သင်ကြားပေးရန် အားထုတ်လျက်နေသည်။ ကျွန်ုပ်၏ရှာဖွေခြင်းသည် လွယ်လွယ်ကူကူစတင်လိုက်ပါသည်။ ကိုယ်တော်၌ ကျွန်ုပ်မည်ကဲ့သို့တည်နေရမည်ကို ကျွန်ုပ်အားပြသစေလိုပါသည်။ "ဤလူထုပရိသတ်ကို ငါ သနားသည်"ဟူသောစကားလုံးကို ကျွန်တော်ဖတ်ရှုသောအခါ ကိုယ်တော်က ကျွန်ုပ်ကိုကြီးမားသောသင်ခန်းစာတစ်ခု သွန်သင်ပေးမည်ဟု ကျွန်ုပ်စိတ်ထဲတွင်သိရှိထားပါသည်။




တပည့်တော်တို့သည် ထိုနေ့ရက်၌ ယေရှုနှင့်အတူရှိကြ၏။ သူတို့သည် ယေရှုတွေ့မြင်သောအရာကို တွေ့မြင်ကြ၏။ လူထုပရိသတ်အပေါင်းတို့သည် ယေရှု၏ သွန်သင်ခြင်းကိုစူးစိုက်နားထောင်ဖို့ရန် တောကန္တာရတလျှောက် လိုက်လံလျက်နေကြ၏။ သွန်သင်ခြင်းသည် အရေးကြီးပါသည်။ သူတို့၏အသက်တာများ

ပြောင်းလဲလျက်နေ၏။ ထိုအချိန်၌ လူထုပရိသတ်အများစုမှာ စားစရာမပါဘဲ သွားကြသည်ကို ကျွန်ုပ်တို့သိရှိရပါသည်။ ထိုသူတို့သည် တစ်ညတာစခန်းချအိပ်ကြသည်။ ထိုသို့ဖြင့် သူတို့အဖို့ ယေရှုပြု ပေးသောအမှုနှင့်မလွဲဘဲနေကြ၏။ ယေရှု၏စကားတော်များက သူတို့၏စိတ်အာရုံစူးစိုက်မှုကိုဖမ်းစားခဲ့သည်။ ယေရှုက ဤခမ်းနားကြီးကျယ်သောအချိန်အခါ အဆုံးသတ်တော့မည်ကိုသိရှိပြီးဖြစ်ပါသည်။ ယေရှုသည် သူတို့၏လိုအပ်ချက်ကို ထည့်တွက်စဉ်းစားလျက်နေသည်။ ယေရှုသည် ဤလူထုပရိသတ်အားဘုရားသခင်၏နှုတ်ကပတ်တော်ကို သုံးရက်တိုင်တိုင် သင်ကြားပေးသည်ဖြစ်၍ မောပန်းနေမည်မှာ သံသယရှိစရာမလိုပေ။ ထိုသို့မောပန်းနေသော်လည်း သူတို့၏လိုအပ်ချက်ကို ထည့်တွက်စဉ်းစားပေးခဲ့သည်။

*ထိုနေ့ရက်တို့၌ များစွာသောလူထုပရိသတ်သည် တစ်ဖန်စုဝေးလာကြ၏။ ထိုသူတို့၌ စားစရာမရှိသောကြောင့် ယေရှုသည် တပည့်တော်တို့ကိုခေါ်၍ "ဤလူထုပရိသတ်ကိုငါသနား၏။ အကြောင်းမူကား သူတို့သည် သုံးရက်တိုင်တိုင် ငါနှင့်အတူရှိကြပြီး သူတို့၌ မည်သည့်စားစရာမျှမရှိ။ သူတို့ထဲမှအချို့တို့သည် အဝေးမှလာကြသည်ဖြစ်၍ သူတို့ကိုဘာမျှမကျွေးဘဲ မိမိတို့အိမ်သို့ပြန်သွားစေလျှင် သူတို့သည် လမ်းခရီး၌အားပြတ်ကြလိမ့်မည်"ဟု မိန့်တော်မူ၏။ တပည့်တော်တို့ကလည်း "ဤတောကန္တာရ၌မည်သူသည် အဘယ်ကမုန့်ကိုယူ၍ဤသူတို့အားဝလင်စွာကျွေးနိုင်ပါမည်နည်း"ဟုပြန်လျှောက်ကြ၏။ ယေရှုကလည်း "သင်တို့တွင်မုန့်မည်မျှရှိသနည်း"ဟု မေးတော်မူရာ သူတို့က "မုန့်ခုနစ်လုံးရှိပါသည်"ဟု ပြန်လျှောက်ကြ၏။ ထိုအခါ ကိုယ်တော်သည် လူထုပရိသတ်ကိုမြေပေါ်၌ထိုင်ကြရန် မိန့်မှာတော်မူလျက် မုန့်ခုနစ်လုံးကိုယူ၍ ကျေးဇူးတော်ချီးမွမ်းပြီးလျှင် ၎င်းတို့ကိုဖဲ့ကာ လူအစုအဝေးတို့အားပေးရန် တပည့်တော်တို့ကိုပေးတော်မူ၏။ တပည့်တော်တို့သည်လည်း လူထုပရိသတ်တို့အားဝေပေးကြ၏။ သူတို့၌ ငါးကလေးအနည်းငယ်ရှိသဖြင့်*

*ငင်းတို့အတွက် ကျေးဇူးတော်ချီးမွမ်းပြီးမှ ထိုငါးတို့ကိုလည်း ဝေပေးရန် မိန့်တော်မူ၏။ လူတို့သည် စား၍ဝကြ၏။ ထို့နောက် ကြွင်းကျန်သော မုန့်အကျိုးအပဲ့များကို ကောက်သိမ်းကြရာ ခုနစ်တောင်းရကြ၏။ ထိုနေရာ၌ လူလေးထောင်ခန့်ရှိကြ၏။ ထို့နောက် ကိုယ်တော်သည် လူတို့ကို ပြန်လွှတ်တော်မူပြီးလျှင် တပည့်တော်တို့နှင့်အတူ လှေပေါ်သို့ချက်ချင်း တက်၍ ဒါလမနုသနယ်မြေဒေသများသို့ ကြွတော်မူ၏။*

ယေရှုသည် ချစ်ခြင်းမေတ္တာအတိုင်း လုပ်ဆောင်ခဲ့သည်ကို သင် သတိပြုမိပါသလား။ ကိုယ်တော်သည် သူတို့၏လိုအပ်ချက်အတွက် ထည့်တွက် စဉ်းစားပြီး ခံစားပေးသည်။ တပည့်တို့သည်လည်း လူထုပရိသတ်အပေါင်းတို့အတွက် စဉ်းစားကောင်းစဉ်းစားနိုင်ပါသည်။ သို့သော် တပည့်တို့အနေဖြင့် လူထုပရိသတ်၏ လိုအပ်ချက်နှင့်စပ်လျဉ်း၍ ပြောကြားခြင်းကိုမူ ကျွန်ုပ်တို့မကြားရပေ။ မည်သို့ပင်ဖြစ်စေ ယေရှု၏တုံ့ပြန်မှုသည် တပည့်တို့နှင့်ခြားနားလှပါသည်။ ယေရှုသည် လူထုပရိသတ်၏ လိုအပ်ချက်အတိုင်း တုံ့ပြန်ခဲ့ပါသည်။ တပည့်တော်တို့မူကား လူထုပရိသတ်၏အင်အားအတိုင်း တုံ့ပြန်ကြ၏။ ယေရှုက ဘုရားသခင်၏အလိုတော်ကား အချင်းချင်းချစ်ခြင်းပင်ဖြစ်ကြောင်း သိရှိထားသည်။ တပည့်တော်တို့သည် မိမိတို့လုပ်ဆောင်နိုင်သည့်အတိုင်းအတာအားဖြင့်မိမိတို့၏သာသနာလုပ်ငန်းကို ကန့်သတ်နေကြသည်။

ချစ်ခြင်းမေတ္တာသည် ယေရှု၏ယုံကြည်ခြင်းကိုမြင်ခြင်း ထက်ပုံဖော်ခဲ့ပါသည်။ ခမည်းတော်ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် လူသားတို့ ထံသို့ချဲ့ထွင်ရမည်ကိုကိုယ်တော်သည် နားလည်သဘောပေါက်ပါသည်။ ပညတ်ချက်ရှိသမျှတို့တွင် ချစ်ခြင်းမေတ္တာသည် အထွတ်အထိပ်ဖြစ်ပါသည်။ အကြောင်းမှာ ထိုချစ်ခြင်းမေတ္တာသည် ပညတ်ချက်ရှိသမျှတို့ ကိုခြုံငုံသောကြောင့်တည်း။ နည်းလမ်းနှစ်ရပ်ဖြင့် ပြန်လည်လေ့ကျင့်ပေးရန်လိုအပ်ကြောင်း ကျွန်တော်နားလည်ရပါသည်။

- လူတို့အား ချစ်နိုင်သည့်နည်းလမ်းများကိုရှာဖွေပါ။

- လူတို့ကိုချစ်နိုင်ရန် အင်အားရင်းမြစ်များအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။

George Mueller သည် ယုံကြည်ခြင်းသူရဲကောင်းတစ်ဦးဖြစ်ပါသည်။ သူသည် ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသူတစ်ဦးလည်းဖြစ်ပါသည်။ သူသည် ၁၈၃၅ ခုနှစ်တွင် မိဘနှစ်ပါးကြားမှမွေးဖွားလာကြသည့်ကလေးငယ်များ တနည်းပြောရလျှင် ရောဂါသည် မိဘတို့၏ကလေးငယ်လေးများကိုစတင်ပြုစုပျိုးထောင်ခဲ့ပါသည်။ သူသည် ထိုမိဘမဲ့ကလေးများအတွက် နေထိုင်စရာအဆောက်အအုံ အိမ်များကို ဆယ်နှစ်ကျော်ကျော်ငှားရမ်းခဲ့သည်။ ထိုသို့အိမ်ငှားရမ်းခြင်းသည် နိုင်ငံတော်၏လိုအပ်ချက်များထဲသို့ငွေကြေးပိုမိုရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းတော်တော်များများကိုဖြစ်ပေါ်စေပါသည်။ တစ်စုံတစ်ရာဖြစ်ပျက်ခဲ့သည့်အတွက် ၎င်းက သူ၏တွေးတောကြံဆမှုကို ပြောင်းလဲစေခဲ့ပါသည်။

၁၈၄၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် သူသည် မိဘမဲ့ကလေးလေးဦးရှိသည့်နေရာလမ်းမကြီးဘေးတွင် နေထိုင်သည့်လူတစ်ဦးထံမှစာတစ်စောင်ကိုလက်ခံရရှိခဲ့ပါသည်။ ထိုစာသည် မေတ္တာပါပြီး ဖော်ရွေသောစာတစ်စောင်ဖြစ်သော်လည်း Wilson Street လမ်းမပေါ်၌နေသောသူတို့သည် မိဘမဲ့ဂေဟာကြောင့် အမျိုးမျိုးကာသိကအောက်ဖြစ်ကြသည်ကိုဖော်ပြထားသည်။ ထိုလူက ထိုအမှုကိစ္စကို Mueller လက်ထဲအပ်လိုက်ပါသည်။

Mueller သည် ဆယ်နှစ်လုံးလုံးအိမ်ဆောက်ဖို့ ဆန္ဒမရှိတော့ပေမဲ့၎င်းအခြေအနေသည် သူစာတစ်စောင်လက်ခံရရှိခဲ့သည့်နေရာနှင့် လုံးဝခြားနားသည်ကို စတင်သတိပြုမိလာသည်။ သူသည် မရွှေ့ပြောင်းရသည့်အကြောင်းရင်းများကိုရေးချခဲ့ပါတော့သည်။ နောက်ဆုံးတွင် ရွှေ့ပြောင်းရမည်မှာ ဘုရားသခင်၏အလိုတော်ပင်ဖြစ်ကြောင်းကို သူသိရှိလာရပါသည်။ အခြေခံအကြောင်းရင်းမှာ အိမ်နီးနားချင်းနှင့် အဆင်မပြေခြင်းကြောင့်ဖြစ်ပါသည်။ ၎င်းဖြစ်ရပ်ကို ဖိလိပ္ပိ ၄၅ က သူ့အတွက်

အတည်ပြုစေခဲ့သည်။ သင်တို့သည် ညင်သာသောသဘောကို လူအပေါင်းတို့အား သိစေကြလော့။ သခင်ဘုရားသည် အနီး၌ရှိတော်မူ၏။

သူသည် ကလေးတို့၏ဆူညံသံအတွက် တာဝန်ရှိခြင်းနှင့်အိမ်မဆောက်ဘဲ ငှားရမ်းအိမ်၌ နှစ်အတန်ကြာနေလာခဲ့သည့်ကြီးမားသော တာဝန်ရှိခြင်းကို တော်တော်လေးခံစားခဲ့ပါသည်။ အခြားဖြေရှင်းနည်းကို ကြိုးစားပြီး စဉ်းစားခဲ့သော်လည်း အဘယ်သို့မျှကြံဆမရဖြစ်ခဲ့ရသည်။ အခြားသူများက သူသည် အိမ်ကိုဆောက်သင့်ကြောင်း တိုင်ပင်နိုးနှော ကြသည်။ သူသည် ဆုတောင်းပြီးသည့်အခါ အိမ်နီးနားချင်းများထံသို့ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ပြသရန်နှင့်ကလေးများအတွက် ပို၍ကောင်းမွန်သောမစခြင်းကိုရရှိဖို့ရန် ဤအခြေအနေကို ဘုရားသခင်အသုံးပြုလျက်ရှိကြောင်း သူနားလည်လာရပါသည်။ မှန်ပါသည်။ ဘုရားသခင်၏ကြီးမြတ်သောအလုပ်နှင့်ဘုန်းအသရေကို လူသား များသိရှိလာရမည်ဟူသောအချက်သည် ဤအရာအားလုံး၏နောက်ကွယ်၌ ရှိသောသူ၏လိုလားချက်ပင်ဖြစ်ပါသည်။

တစ်စုံတစ်ယောက်က Mueller သည် သူ့လက်ထဲ၌ အဆောက်အအုံအတွက် ငွေကြေးမရှိသည့်အတွက်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ပေါ်လစီအရ သူသည် ရန်ပုံငွေကို တောင်းလေ့မရှိတတ်ပေ။ ထို့ပြင် သူသည် အကြွေးလည်းမရှိ၊ အကြွေးယူလေ့ယူထလည်းမရှိပေ။ ကလေး ၃၀၀ အတွက် လုံလောက် သည့်နေရာ ဝယ်ယူရန် ဆုံးဖြတ်ချက်ပြုလုပ်ခြင်းသည် ကိစ္စတစ်ရပ်ဖြစ်လာပါသည်။ မည်သူမဆို ဤအရာကိုဆုံးဖြတ်ချက်ချနိုင်ကြပါသည်။ သို့ရာတွင် ရန်ပုံငွေသည် အဘယ်အရပ်မှ ပေါ်လာမည်နည်း။ Mueller သည် သူကြံစည်နိုင်သည့်အင်အားရင်းမြစ်အားဖြင့် အသက်ရှင်သောသူမဟုတ်ဘဲ ဘုရားသခင်ပြင်ဆင်ပေးခြင်းအားဖြင့် အသက်ရှင်သောသူဖြစ်ပါသည်။

ဤပုံစံသည် ယေရှုက လူပေါင်း ၄၀၀၀ နှင့်မိသားစုဝင်များကို ကျွေးမွေးသောအခါ ကျွန်ုပ်တို့တွေ့မြင်သောအရာကဲ့သို့ပင်မဟုတ်ပေလော။ Mueller က ကုန်ကျမည့်ငွေကို ဤသို့ခန့်မှန်းကြည့်ပါသည်။

- Bristol, England အနီးအနားတွင် ဧက ၆-၇ ပိုင်ဆိုင်ရန် စတာလင်ပေါင်ငွေ ၂-၃,၀၀၀
- အဆောက်အအုံတစ်လုံးအတွက် အနိမ့်ဆုံးခန့်မှန်းချက်ကား စတာလင်ပေါင်ငွေ ၆-၈,၀၀၀
- လူပေါင်း ၃-၄၀၀ အသုံးပြုဖို့အတွက် ကြမ်းခင်းရန် စတာလင်ပေါင်ငွေ ၁,၅၀၀

သူက "ဒါဟာ အမှန်တကယ် ငါလိုအပ်တဲ့ငွေကြေးပမာဏပဲ ဖြစ်တယ်။ ဒါပေမဲ့ ငါ့ရဲ့မျှော်လင့်ချက်ဟာ ဘုရားသခင်ဆီမှာပဲရှိတယ်။ ငါ က ဒီငွေကြေးတွေကို ရှာဖွေနေတာမဟုတ်ပါဘူး။ ဒီငွေကြေးနဲ့ ငါ အစပြုတာလည်းမဟုတ်ပါဘူး။ ငါ့ဆီကို စာတစ်စောင်မရောက်လာမီမှာပဲ ဘုရားသခင်ဟာ လုံးဝကိုမျှော်လင့်မထားဘဲ ငါ့ကိုပို့ဆောင်ခဲ့ပါတယ်။ အဲဒီစာကို ငါမရမီတစ်နေ့မှာ မိဘမဲ့ကလေးတွေရဲ့နေရာထိုင်ခင်း အဆောက်အအုံနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဘာကိုမှတွေးတောကြံဆတာတွေမရှိတော့ပါဘူး။ ကျွန်ုပ်တို့အဲဒီလိုနေလာခဲ့တာ ဆယ်နှစ်တောင်ရှိပါ ပြီ"လို့ပြောလိုက်ပါတယ်။

ချစ်ခြင်းမေတ္တာနှင့်ဘုရားသခင်၏ဘုန်းအသရေသည် သူ၏တွေးတောကြံစည်ခြင်းကိုပုံသွင်းပြီး ဤအစီအစဉ်အပေါ် အစပြုနိုင်ရန်သူ၏ဆုံးဖြတ်ချက်ကို ခိုင်ခံ့စေခဲ့ပါသည်။ တောင်းလျှောက်ခြင်းမရှိဘဲ စတာလင်ပေါင်ငွေ ၁၅,၇၈၄ ကိုလက်ခံရရှိခဲ့သည်။ တည်ဆောက်စရာအဆောက်အအုံများ ဆောက်လုပ်ပြီးစီးသည့်နောက်တွင် လက်ကျန်ငွေမှာ စတာလင်ပေါင်ငွေ ၇၇၆ ဖြစ်ပါသည်။ အဆောက်အအုံအတွက် ဘုရားသခင်အား သူတောင်းလျှောက်ခြင်း စတင်ချိန်မှစ၍ ဤသို့ပြီးစီးသွားသည့်အထိ ရက်ပေါင်း ၁,၁၉၅ ကြာမြင့်ပါသည်။ မိဘမဲ့ကလေးအ

ယောက်သုံးရာတို့သည် Ashley Down အရပ်မှာရှိသည့်ဂေဟာသစ်တွင် ပြုစုပျိုးထောင်ခြင်းခံကြရ၏။

ဤအကြောင်းအရာသည် ယေရှုကျွေးမွေးခဲ့သည့်လူထု အကြောင်းအရာ နှင့်အဘယ်ကဲ့သို့ဆင်တူမှုရှိသည်ကို ကျွန်တော်အလွန်အံ့သြမိပါသည်။ချစ်ခြင်းမေတ္တာသည်ကျွန်ုပ်တို့၏အင်အားရင်းမြစ်များထက် ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်များကို သတ်ပုံပေးသင့်သည်။ ကျွန်ုပ်တို့သည် ငွေကြေးအပေါ် အာရုံစူးစိုက်ခြင်းထက် လိုအပ်ချက်အပေါ် အာရုံစူးစိုက်ဖို့ လိုအပ်ပါသည်။

ယေရှုနှင့်အတူ ကျွန်ုပ်တို့လျှောက်လှမ်းခြင်းသည် အံ့အားသင့်စရာများကို ဖြစ်စေမည့်အခြေခံအကြောင်းရင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဟူ၍မဟုတ်ဘဲ ဘုရားသခင်ကသာ မိမိတို့ကိုဖြည့်ဆည်းပေးမှာဖြစ်သည်။ ဥပမာအားဖြင့် ထောက်ပံ့ပေးခြင်း၊ အနာငြိမ်းခြင်း၊ ဉာဏ်ပညာ၊ လမ်းညွှန်မှု၊ တန်ခိုးစသည့်အရာများဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဘက်သို့ဦးတည်စေမည့်ချစ်ခြင်းမေတ္တာကို အခွင့်ပေးရပါမည်။ ဘုရားသခင်ကပဲ အသေးစိတ်အချက်အလက်များကို လုပ်ဆောင်သွားပါစေ။

# စစ်မှန်သောမိတ်ဆွေ
## ယော၊ ၁၅:၁၅-၁၆

ကျွန်တော်သည် မိတ်ဆွေစစ်မိတ်ဆွေမှန်ရရှိဖို့အတွက် အစဉ်အမြဲတောင့်တလျက်နေ၏။ ထိုသို့ပြောဆိုရာတွင် ကျွန်ုပ်မှာမိတ်ဆွေများမရှိသည့်အတွက်ကြောင့်မဟုတ်ပါ။ ကျွန်ုပ်မှာ မိတ်ဆွေများစွာရှိပါ၏။ သို့ရာတွင် မိတ်ဆွေစစ်မိတ်ဆွေမှန်ကို ကျွန်ုပ်တော်လိုလားတောင့်တနေခြင်းပြောဆိုခြင်းဖြစ်သည်။

ကျွန်ုပ်သည် မိမိဖခင်နှင့် အစကဦးဘဝမှာ ခွဲခွာခဲ့သည့်အတွက် ထိုသို့မိတ်ဆွေစစ်မိတ်ဆွေမှန်ကိုတောင့်တရခြင်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်သည် ဘုရားသခင်နှင့် ပို၍ရင်းနှီးကျွမ်းဝင်သောသူဖြစ်လာဖို့ရန် စတင်စူးစမ်းလေ့လာသည်နှင့်အမျှ ဤအမှုအား အဘယ်သို့ပြုရမည်ကို ကျွန်ုပ်အားသွန်သင်ပေးရန် ဘုရားသခင်ထံတောင်းလျှောက်လေ့နေ၏။ ဤဆက်ဆံဆက်နွှယ်မှုကို ကိုယ်တော်နှင့်အတူ အဘယ်သို့လိုက်စားရမည်ကိုကျွန်ုပ်လုံးဝမသိခဲ့ပေ။

ကိုယ်တော်နှင့် ပို၍ရင်းနှီးကျွမ်းဝင်သောသူဖြစ်လာခြင်း အဆင်းများထဲက ကျွန်ုပ်အားအံ့အားသင့်စေသောပထမအဆင့်ကား မိတ်ဆွေဖြစ်ခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်အား ကိုယ်တော်သင်ကြားပေးခြင်းပင်ဖြစ်သည်။ ဘုရားကျေးဇူးပြုခြင်းကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်ခြင်းနှင့်စပ်ဆိုင်သောစကားတော်တို့သည် ချက်ချင်းဆိုသလိုပင် ကျွန်ုပ်စိတ်နှလုံးထဲသို့ထိုးဖောက်ဝင်ရောက်လာခဲ့ပါသည်။ သခင်ဘုရားသည် ကျွန်ုပ်၏သခင်သက်သက်မဟုတ်ဘဲ ကျွန်ုပ်၏မိတ်ဆွေဖြစ်ရပါမည်။ ဤစကားတော်များကို ကျွန်တော်စဉ်းစားသည်နှင့်အမျှ သခင်ဘုရား၏အတူပါရှိခြင်းကို ကျွန်တော်သတိပြုမိလာပါသည်။

## မိတ်ဆွေသည် သင့်ကိုအရှိတိုင်း လက်ခံသည်။
## မိတ်ဆွေသည် သင်နှင့်အတူ အချိန်ယူလိုသည်။

ဤဖော်ပြချက်ကို ဖတ်ရှုခြင်းဖြင့် အကျွန်ုပ်နှိမ့်ချရပါသည်။ အကျွန်ုပ်သည် ကိုယ်တော်နှင့်အတူ အချိန်ယူရသော်လည်း ကိုယ်တော်က ပို၍အချိန်ယူစေလိုပါသည်။ သူနှင့်အတူတကွ ပို၍အာရုံစူးစိုက်နိုင်ဖို့ရန် ရေဒီယိုလေလှိုင်းသံ နားထောင်ခြင်းကို အကျွန်ုပ်အား စွန့်လွှတ်စေလိုသည်။ အကျွန်ုပ်စိတ်ဝိညာဉ်ထဲ၌ တောင့်တင်းခြင်းကို အကျွန်ုပ်သတိပြုမိလာသည်။ အကျွန်ုပ်သည် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပါသည်။ စီမံချက်များအပေါ် လုပ်ဆောင်ခြင်းကို အကျွန်ုပ်နှစ်သက်သည်။ မိတ်ဆွေသက်သက်ဖြစ်ဖို့ရန် အရှိန်လျှော့ခြင်းကို အကျွန်ုပ်မလိုလားပေ။

*ငါသည် သင်တို့ကိုကျွန်ဟူ၍ ခေါ်တော့မည်မဟုတ်။ အကြောင်းမူကား ကျွန်သည် မိမိသခင်ပြုသောအရာကိုမသိ။ ငါ့ခမည်းတော်ထံမှ ကြားနာခဲ့သောအရာ အားလုံးကို သင်တို့အား ငါသိစေခဲ့ပြီဖြစ်သောကြောင့် သင်တို့ကိုမိတ်ဆွေဟူ၍ ငါခေါ်၏။ သင်တို့သည် ငါ့ကိုရွေးကောက်ကြသည်မဟုတ်။ ငါသာလျှင် သင်တို့ကို ရွေးကောက်သဖြင့် သင်တို့သည်သွား၍ အသီးကိုသီးကာ သင်တို့၏အသီး တည်မြဲမည့်အကြောင်းနှင့်ငါ့ခမည်းတော်အား တောင်းလျှောက်သမျှတို့ကို သင်တို့အားခမည်းတော်ပေးတော်မူမည့်အကြောင်း သင်တို့ကို ငါခန့်ထား၏ (ယော၊ ၁၅:၁၅-၁၆)။*

ဤသို့သော မိတ်ဆွေရင်းချာ ဆက်ဆံဆက်နွယ်ခြင်းသည် အမှန်စင်စစ် အကျွန်ုပ်လိုလားသောအရာပင်ဖြစ်ကြောင်း အကျွန်ုပ်စိတ်ဆုံးဖြတ်ခဲ့ပါသည်။ အကျွန်ုပ်၏ကလေးဘဝက အခက်အခဲသည် ပိုမိုနက်ရှိုင်းသောရင်းနှီးကျွမ်းဝင်မှုအတွက် အကျွန်ုပ်တောင့်တချက်အပေါ် ပုံဖော်ဖို့ရန် အခွင့်သာစေခဲ့သည်ကို အကျွန်ုပ်သိရှိလာရပါသည်။ အကျွန်ုပ်သည် ကိုယ်တော်နှင့်သာလျှင် ပို၍ပို၍ချင့်ချိန်ပြီး အာရုံစိုက်လျက်

ကိုယ်တော့်နောက်ကိုလိုက်ဖို့ရန် လိုအပ်သည့်ဆက်ကပ်အပ်နှံမှုများကို ပြုလုပ်ခဲ့သည်။ အချိန်အတန်ကြာသောအခါ ဝိညာဉ်ရေးရာ ရင်းနှီးကျွမ်းဝင်မှု ဆောင်းပါးတစ်ပုဒ်ကို အကျွန်ုပ်လေ့လာဖတ်ရှုလျက်နေပါသည်။

ကျွန်တော်စာဖတ်နေခိုက်မှာ ကျွန်တော့်သားလေးတစ်ယောက်က သူ၏သင်္ချာပုစ္ဆာနှင့်စပ်လျဉ်းပြီး ကျွန်တော်နှင့်အတူ ဆန်းစစ်သုံးသပ်ဖို့ကျွန်တော့်ဆီရောက်လာခဲ့ ပါသည်။ သူ့မှာ ပြဿနာတစ်ခုနှင့်အခက်တွေ့နေပါသည်။ အမှန်မှာ သူ၏ဒုတိယတန်း သင်ရိုးညွှန်တမ်းစာအုပ်ကို ကျွန်တော်နားမလည်ပါ။ သို့သော် ကျွန်တော်က "ပြဿနာရှိတဲ့အပိုင်းလေးကို ရှင်းလုပ်လိုက်ပေါ့" လို့ ပြောလိုက်ပါသည်။ ထိုသို့ အကြံပေးပြီး ပြောဆိုခြင်းသည် သားလေးအတွက် တစ်မူထူးခြားမည်ဟု ယူဆမိသည်။ သားလေးက ကျွန်ုပ်၏စကားကို လက်မခံနိုင်ခဲ့ပေ။ ကျွန်တော်ကလည်း ကျွန်တော့်၏ဆောင်းပါးကိုပဲ ပိုင်ပိုင်နိုင်နိုင်ဖတ်လိုပါသည်။ ငါ့သားက ငါ့ကို နှောင့်ယှက်နေသလိုဖြစ်သည်။ ထိုသို့ ပြောပြီးနောက် ထိုပုစ္ဆာကို သူ့ဖန်သာသူ လုပ်သွားသည်အထိ သူ့ကို ငါ့အခန်းကနေ နှင်လိုက်ပါတော့သည်။

သို့သော် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည် အကျွန်ုပ်၏စိတ်နှလုံးထဲ၌ အလုပ်လုပ်ဆောင်နှင့်ပြီးဖြစ်ပါသည်။ သားလေးအပေါ်၌ အကျွန်ုပ်၏ လုပ်ဆောင်ချက်ကို သခင်ဘုရားမနှစ်သက်ကြောင်း အကျွန်ုပ်ရှင်းရှင်းလင်းလင်း တွေ့မြင်ရပါသည်။ အကျွန်ုပ်သည် သခင်ဘုရားနှင့်အတူအချိန်ယူဖို့ အားထုတ်နေသော်လည်း အကျွန်ုပ်သား အပေါ်မှာ စိတ်မရှည်နိုင်ခဲ့ပေ။ ၁ ကော အခန်းကြီး ၁၃ ထဲတွင် တွေ့ရှိသည့် "မေတ္တာသည် စိတ်ရှည်တတ်၏" ဟူသောကျမ်းစကားက အကျွန်ုပ်ကို ရှင်းလင်းနားလည်စေပါသည်။

အကျွန်ုပ်၏စိတ်နှလုံးသည် ကြီးစွာနှိမ့်ချခြင်းခံရသည်။ အကျွန်ုပ်၏သားအပေါ် အကျွန်ုပ်ပြုမူဆက်ဆံသကဲ့သို့ ကောင်းကင်ဘုံရှင်အဖဘုရားက အကျွန်ုပ်အားပြုမူဆက်ဆံရန်အကျွန်ုပ်အလိုမရှိပေ။ အကျွန်ုပ်

သည် ဘုရားသခင်ကိုလည်းကောင်း မိမိသားကိုလည်းကောင်း ဤလမ်းစဉ်အတိုင်းမပြုရ။ အကျွန်ုပ်သည် မိမိသားအပေါ် အမှားပြုမိသောကြောင့် ဘုရားသခင်ရော သားကိုပါတောင်းပန်ခဲ့သည်။ အကျွန်ုပ် ပြဿနာကိုလိမ္မာပါးနပ်စွာထုတ်ဖော်ခဲ့သည်။ မိတ်ဆွေကောင်းသည် မိမိမိတ်ဆွေနှင့်အတူ အချိန်ယူလိုသည်။ အကျွန်ုပ်ကိုယ်တိုင် မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ဖို့ လိုအပ်သည်။ အကျွန်ုပ်သည် မိမိပတ်ဝန်းကျင်၌ရှိသောသူများနှင့်အချိန်ယူပြီးသူတို့ကိုချစ်ခင်မြတ်နိုးကြောင်းပြောပြရမည်။

သခင်ဘုရားသည် တစ်စက္ကန့်ကိုပင် အချိန်မဖြုန်းတတ်ပေ။ အကျွန်ုပ်၏ကိုးနှစ်သမီးသည် အကျွန်ုပ်အချိန်ယူလေ့လာသည့်အခန်း ထဲသို့ ဝင်ရောက်ပြီးနောက်ပိုင်း များမကြာမီတွင် နောက်တပတ်ကျမ်းစာသင်တန်းတက်ရောက်ဖို့ ကလေးငယ်များကိုခေါ်ဖိတ်ရန် အခြားသူများ နှင့်မသွားတော့ဘဲနေသည်ကို အကျွန်ုပ်တွေ့ရှိလေသည်။ အကျွန်ုပ်သည် မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ဖို့ရန် တစ်စုံတစ်ယောက်နှင့် နောက်ထပ်အချိန်ယူဖို့ လိုအပ်သည်ကို ချက်ချင်းရိပ်မိလာပါသည်။ ထို့ကြောင့် အကျွန်ုပ်လုပ်ဆောင်နေသောအရာကို ခဏဘေးချိတ်ပြီး ယေရှုပြုမူသကဲ့သို့ အကျွန်ုပ်၏ကလေးမနှင့် အချိန်ယူစကားပြောဆိုလေသည်။ ထိုကလေးမနှင့် ထိုသို့အချိန်ယူပြောဆိုခြင်းသည် အသိသာအထင်ရှားဆုံး စကားစမြည်ပြောဆိုခြင်းအဖြစ်သို့ပြောင်းလဲသွားကို အကျွန်ုပ်မြင်တွေ့ရပါသည်။

သူမသည် ကြောက်ရွံ့ခြင်းနှင့်အတူ ပြဿနာပေါင်းစုံကို ရင်ဆိုင်ခဲ့ရသည်။ သို့ဖြစ်၍ သခင်ဘုရားက သူမအား ကြောက်ရွံ့ခြင်းနှင့်စိုးရိမ်ခြင်းမရှိဖို့ရန် ပြောဆိုခဲ့သည့်ကျမ်းပိုဒ်များကို အကျွန်ုပ်စတင်ဝေငှခဲ့ပါသည်။ သူမသည် အစပိုင်း၌ ဆုတောင်းရန် အလိုမရှိသော်လည်း သူမအဖို့ အကျွန်ုပ်ဆုတောင်းပေးပြီးနောက်ပိုင်းတွင် စိတ်ထဲ၌ လွတ်မြောက်ခြင်းကိုရရှိခံစားပြီး ဆုတောင်းရန် အလိုရှိလာသည်။ သူမသည် နောက်ထပ်တစ်ခါ နောင်တရပြီး အကျွန်ုပ်နောက်ကနေ အပြစ်ခွင့်လွှတ်

ခြင်းအတွက် ဆုတောင်းလာပါတော့သည်။ ပြီးနောက် သူမ၏စိတ်နှလုံး ထဲ၌ရှိသည့်ကြောက်ရွံ့ခြင်းအတွက် စိတ်နှလုံးအကြွင်းမဲ့ဆုတောင်းဖို့ရန် သူမကို အကျွန်ုပ်ပြောပြလေသည်။ အနည်းငယ်ကြာသော် သူမက နာမကျန်းဖြစ်ခြင်းကို ကြောက်ရွံ့ခြင်းနှင့် စိတ်ကသိကအောက်ဖြစ်ခြင်း ကိုကြောက်ရွံ့ခြင်းဖြစ်ကြောင်း ပြောပြလာသည်။ ထိုသို့ဆုတောင်းပြီး နောက် ကယ်တင်ခြင်းအကြောင်းအရာများကို ဆက်လက်ဆွေးနွေးပြီး သူမသည် လွတ်မြောက်ခြင်းကိုရရှိလာကာ နောက်ပြောင်ပျော်ရွှင်လာ ပါတော့သည်။ ဘုရားသခင်သည် သူမ၌ ကာလတန်ကြာ ခံစားလာခဲ့ သောဗိုက်နာခြင်းဝေဒနာကိုလည်း ချုပ်ငြိမ်းစေခဲ့သည်။ ဘုရားသခင် သည် ထိုကလေးမအား ထိုသို့သောကြောက်ရွံ့ခြင်းနှင့်စိုးရိမ်ခြင်းများမှ လွတ်မြောက်စေခဲ့သူဖြစ်သည်။

သမီးလေးကို အကျွန်ုပ်၏အခန်းထဲမှ မမောင်းထုတ်တော့ဘဲ သူမနှင့်အတူ အချိန်ယူစကားပြောဆိုခြင်းသည် အကျွန်ုပ်အဖို့ အလွန် ပင်ဝမ်းသာအားရဖွယ်ကောင်းလှပေသည်။ အကျွန်ုပ်သည် ဘုရားသခင် ၏ကျေးဇူးတော်ကြောင့် အကျွန်ုပ်နှင့်ထိတွေ့သမျှသောသူတို့အား သခင် ဘုရားပေးလိုသည့်မေတ္တာတရားကို လက်ဆင့်ကမ်းပေးအပ်နိုင်ရန် အား ထုတ်လျက်နေသည်။ သို့သော် အကျွန်ုပ်သည် ဤသို့သောနေရာတွင် အကူအညီများစွာ လိုအပ်သည်။

မိတ်ဆွေတစ်ဦးသည် မိတ်ဆွေတစ်ဦးဖြစ်ရပါမည်။ ယေရှုနှင့်အ တူလျှောက်လှမ်းရာတွင် အကျွန်ုပ်သည် အလုပ်များနေသော်လည်း ကိုယ်တော်က လူတို့နှင့်အတူ အချိန်ပိုယူလိုသည့်အခါ အကျွန်ုပ်သည် ကိုယ်တော်ကိုဆိုင်းငံ့ဖို့ လိုအပ်ပါသည်။

# ချစ်ခြင်းမေတ္တာ၏ဖန်ဘူး
# မာကု ၁၄:၁-၉

ခရစ်ယာန်ဖြစ်ခြင်း၏အကြီးမားဆုံး အခန်းကဏ္ဍဖြစ်သည့်ခရစ်တော်သိကျွမ်းခြင်းကို မမေ့လျော့စေခြင်းမှာ ယေရှုနှင့်အတူ အကျွန်ုပ်တို့လျှောက်လှမ်းခြင်းသည် လုပ်ငန်းဆောင်ခြင်းအပေါ် အဓိကအာရုံစူးခြင်းမဖြစ်ရပေ။ ထိုထဲတွင် အကျွန်ုပ်တို့အဖို့ မည်သည့်သင်ခန်းစာ ကျန်ရစ်မည်နည်း။ ကျွန်ုပ်တို့သည် မိမိတို့မိသားစုအတွက် ငွေကြေးအမြတ်အစွန်းရရှိဖို့ အလုပ်ကိုကြိုးစားလုပ်ဆောင်ကြရာ အဆုံးတွင် မိမိတို့မိသားစုနှင့် အချိန်ကောင်းမရရှိကြတော့ပေ။ ကျွန်ုပ်တို့သည် သင်ကြားခြင်းဆိုင်ရာသင်ခန်းစာများကို ပြင်ဆင်ရာတွင် အားထုတ်ကြိုးစားခဲ့သော်လည်း မိမိတို့ကိုယ်တိုင်အသက်တာ၏လိုအပ်များကို ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အားဖြည့်ရန် မေ့လျော့တတ်ကြသည်။

ကျွန်ုပ်တို့သည် မိမိတို့၏အလုပ်များက မအုပ်စိုးရန် ဥပုသ်နေ့ကိုပြဋ္ဌာန်းခြင်းဖြစ်သည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံဆက်နွယ်ခြင်းသည် မိမိတို့အလုပ်များပေါ်တွင် ဦးစားပေးနေရာယူရမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အရာဝတ္ထုများနှင့် ဝမ်းမြောက်ပျော်ရွှင်စေလိုပါသည်။ ထိုထက်အရေးကြီးသည့်အရာကား ကိုယ်တော်သည် ကျွန်ုပ်တို့အား သူနှင့်အတူ ဝမ်းမြောက်စေလိုခြင်းသာဖြစ်သည်။

ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်သမ္မာတရားထဲ၌ နစ်မြုပ်ရန် ရည်ရွယ်ချက်အစစ်အမှန်ကို သတိမေ့ရင်း ကျမ်းစာဖတ်ရှုခြင်း၊ ကျမ်းစာလေ့လာခြင်းနှင့်ကျမ်းစာ ကျက်မှတ်ခြင်းတို့၌ အလွယ်တကူတွန်းအားဖြစနိုင်ပါသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် သခင်ဘုရားကို ကြည်ညိုးကိုးကွယ်တတ်ကြ၏။ လူတို့တွင် အမှန်တကယ်ဘုရားနှင့် အချိန်ယူခြင်းရှိ

မရှိဟူသောမေးခွန်းမေးမြန်းလေ့ရှိသည်ကို ကျွန်ုပ်မှတ်မိပါသည်။ ကျွန်ုပ်ဆိုလိုသောဘုရားနှင့်အချိန်ယူခြင်းကား လူတို့သည် နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်းအားဖြင့် သခင်ဘုရားနှင့်အတူ များများအချိန်ယူခြင်းကိုဆိုလိုသည်။ သို့သော် လူအများက ကျွန်ုပ်သည် လူတို့အား ကျမ်းစာဖတ်သလော သို့မဟုတ် ဆုတောင်းသလောဟူသောမေးခွန်းကို မေးမြန်းလေ့ရှိသည်ဟူ၍ ယူဆကြသည်ကို ယခုကျွန်ုပ်နားလည်ထားပါသည်။ ထိုသူတို့၌ သခင်ဘုရားနှင့် တွေ့ဆုံရန် အချိန်ယူဆက်ကပ်အပ်နှံခြင်းမရှိကြပေ။ အမှန်စင်စစ်အရေးကြီးသည့်အရာကား လုပ်ငန်းလုပ်ဆောင်နေမှုများမဟုတ်ဘဲ သခင်ဘုရားနှင့် အမှန်တကယ်တွေ့ဆုံခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းနှင့်ဆင်ခြင်နှလုံးသွင်းခြင်းမရှိဘဲ လုပ်ဆောင်နိုင်သည်ဟူ၍ ဆိုလိုခြင်းမဟုတ်ပေ။ ဘုရားသခင်သည် သူနှင့်တွေ့ဆုံခြင်း၌ ထိုသို့သောအလေ့အထကို အသုံးပြုလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ ဆိုလိုရင်းကား အဆုံးမဟုတ်သေးပေ။

အောက်ပါဖော်ပြချက်အကြောင်းအရာသည် ဘာသာရေးနှင့်ဆိုင်သောတာဝန်များအထက်၌ ဆက်ကပ်အပ်နှံခြင်း၏အရေးပါပုံကို လှပစွာပြသခဲ့သည့်မာရိအကြောင်းပင်ဖြစ်သည်။

*ပသခါပွဲတော်နှင့်တဆေးမဲ့မုန့်ပွဲတော်များ ကျရောက်ရန် နှစ်ရက်သာလိုတော့၏။ ယဇ်ပုရောဟိတ်အကြီးအကဲများနှင့်ကျမ်းပြုဆရာများသည် ယေရှုကို ပရိယာယ်အားဖြင့် မည်ကဲ့သို့ဖမ်းဆီးသတ်ဖြတ်ရမည်ကိုရှာကြံနေကြ၏။ သို့သော် သူတို့က "လူတို့ရုန်းရင်းဆန်ခတ်ဖြစ်မည်ကို စိုးရိမ်ရသည်ဖြစ်၍ ပွဲတော်အတွင်း မဖမ်းကြနှင့်"ဟု ပြောဆိုကြ၏။ ယေရှုသည် ဗေသနိရွာတွင် အနာကြီးရောဂါသည် ရှိမုန်၏အိမ်ထဲ၌ ထိုင်၍ စားသောက်နေတော်မူစဉ် အမျိုးသမီးတစ်ဦးသည် အလွန်တန်ဖိုးကြီးသောနာဒုဆီမွှေးအစစ်ထည့်ထားသည့် ကျောက်ဖြူဘူးကို ယူဆောင်လာ၍ ထိုကျောက်ဖြူဘူးကိုခွဲပြီးလျှင် ကိုယ်တော်၏ခေါင်းပေါ်၌ ဆီမွှေးကိုသွန်းလောင်းလေ၏။ ထိုအခါ လူအချို့တို့သည် စိတ်ဆိုးလျက် "အ*

*ဘယ့်ကြောင့် ဤဆီမွှေးကို ဖြုန်းတီးရသနည်း။ ဤဆီမွှေးကို ဒေနာရီသုံးရာကျော်နှင့် ရောင်း၍ ဆင်းရဲသားတို့ကို ပေးကမ်းနိုင်သည်"ဟု အချင်းချင်းပြောဆိုကာ ထိုအမျိုးသမီးကို အပြစ်တင်ကြ၏။ သို့သော် ယေရှုက "သူပြုလိုရာပြုပါစေ။ သူ့ကို အဘယ်ကြောင့် နှောင့်ယှက်ကြသနည်း။ သူသည် ငါ ၌ ကောင်းသောအမှုကိုပြုလေပြီ။ အကြောင်းမူကား ဆင်းရဲသားတို့သည် သင်တို့၌ အစဉ်ရှိကြသည်ဖြစ်၍ သင်တို့အလိုရှိ သည့်အခါ သူတို့ကိုကျေးဇူးပြုနိုင်၏။ ငါမူကား သင်တို့၌ အစဉ်ရှိသည် မဟုတ်။ သူသည် တတ်နိုင်သမျှကိုပြုခဲ့ပြီ။ သင်္ဂြိုဟ်ခြင်းအမှုအတွက် ငါ၏ကိုယ်ခန္ဓာကို ကြိုတင်၍ ဆီမွှေးလိမ်းပြီ။ သင်တို့အား ငါအမှန်ဆိုမည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ကောင်းမြတ်သော သတင်းကို ဟောပြော သည့်နေရာတိုင်း၌ ဤအမျိုးသမီးပြုခဲ့သောအမှုအရာကိုလည်း သူ၏အမှတ်တရအဖြစ်ပြောကြားကြလိမ့်မည်"ဟု မိန့်တော်မူ၏(မာ၁၄:၁-၉)။*

မာရိသည် ယေရှုကိုအလွန်တန်ဖိုးထားလျက် အမြင့်မြတ်ဆုံးသူအဖြစ်ယုံကြည်ခဲ့သည်။ ထိုသို့အမြင့်မြတ်ဆုံးသောသူအဖြစ် မယုံကြည်ခဲ့ပါက သူမပိုင်ဆိုင်ထားသည့်အဖိုးတန်ဆီမွှေးကို ယေရှုအပေါ် သွန်းလောင်းမည်မဟုတ်ပေ။ထိုအဖြစ်အပျက်ကို ထောက်ရှုခြင်းအားဖြင့် မာရိ၏အသက်တာ၌ ယေရှုပြုတော်မူသောကောင်းကြီးမင်္ဂလာများကို သိရှိရင်းနှင့်သူမ၏စိတ်နှလုံးထဲတွင် ကျေးဇူးတင်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့က စိုးမိုးထားကြောင်းပြသထားပါသည်။ မာရိအနေဖြင့် သူမ၏မောင်လာဇရု ထမြောက်ခြင်းကို စဉ်းစားမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့သော် လုကာ ၁၀:၃၈-၄၂ အရ ကြီးမားသောအဖြစ်အပျက်မတိုင်မီ ကပင် ယေရှုအပေါ် သူမ၏ယုံကြည်အပ်နှံမှုနှင့်မေတ္တာတရားသည် သိသာထင်ရှားကြောင်း ကျွန်ုပ်တို့သိရှိရပါသည်။

ဤအကြောင်းအရာကို ဆင်ခြင်နှလုံးသွင်းပြီးနောက် ကျွန်ုပ်အသက်တာ၌ ကိုယ်တော်အလိုရှိသမျှကို သခင့်အားပေးအပ်ရန် ကျွန်ုပ်စိတ်နှလုံးသည် တို့ထိခြင်းခံရပါသည်။ ကျွန်ုပ်ပိုင်ဆိုင်ထားသည့်တန်ဖိုး

အရှိဆုံးအရာကို ကျွန်ုပ်စဉ်းစားလျက်နေသည်။ အကျွန်ုပ်၌ ငွေကြေးများ များမရှိပေ။အကျွန်ုပ်ကား? အကျွန်ုပ်အိမ်?အကျွန်ုပ်နှလုံးသား? အမှန်ပင် အတိတ်က အကျွန်ုပ်ဘဝ၌ အကျွန်ုပ်ပိုင်ဆိုင်သမျှ တစ်ခုပြီးတစ်ခု ကိုယ်တော့်ထံပေးအပ်ပြီးဖြစ်ပါသည်။ မိမိအသက်တာမှစ၍ ဂုဏ်ထူးရာထူး၊ ဂုဏ်အသရေ၊ ဇနီး၊ သားသမီး၊ ဥစ္စာဓနနှင့် ပိုင်ဆိုင်မှုများနှင့် အကျွန်ုပ်၌ ရှိသမျှသောအရာတို့ကို ကိုယ်တော့်ထံပေးအပ်ပြီးဖြစ်ပါသည်။ ကိုယ်တော့်အတွက် အမွန်မြတ်ဆုံးသောစိတ်နှလုံးငြိမ်သက် ဝမ်းမြောက်ခြင်းကိုပင် ပေးအပ်လိုက်ပြီ။ ကိုယ်တော်သည် အကျွန်ုပ်၏အလုံးစုံ၌ အလုံးစုံဖြစ်တော်မူ၏။ အကျွန်ုပ်၌ မိမိပိုင်ဆိုင်ထားသည့်အရာဟူ၍ ဘာမျှမရှိပေ။ အရာအားလုံးသည် ကိုယ်တော်သာပိုင်ဆိုင်၏။

တည်နေခြင်း၏အနက်ကား ယေရှုနှင့်အတူ အချိန်ယူခြင်းဟုအဓိပ္ပာယ်ရသည်။ ယေရှုသည် အကျွန်ုပ်နှင့်သာ အတူရှိလိုသည်။ အကျွန်ုပ်လည်း ယေရှုနှင့်အတူရှိလိုပါသည်။ အကျွန်ုပ်သည် ဤအကြောင်းအရာကိုချင့်ချိန်ဖို့ လိုအပ်သည်။ မာရိနှင့်အခြားသူတို့သည် ယေရှုနှင့်အတူအချိန်ယူခြင်းကို နှစ်သက်လျက် ကိုယ်တော်အတူပါရှိခြင်း၌ ဝမ်းမြောက်ကြ၏။ ယေရှုကို ချစ်ခင်မြတ်နိုးသူများကသာ ထိုသို့အချိန်ယူနိုင်ကြသည်။ ယုဒ၏လျှို့ဝှက်ကြံစည်ခြင်းသည် မပေါ်ပေါက်သေးပေ။ များမကြာမီ ယေရှုသည် လွင်ပြင်ချိုင့်ဝှမ်းသို့ဆင်းသွားသဖြင့် ကားတိုင်၌ အသေခံဖို့ရန် ဂျေရုဆလင်တောင်ပေါ်သို့ တက်သွားလျက် အားလုံး၏ငြင်းပယ်ခြင်းကိုခံရလိမ့်မည်။

ယေရှုနှင့်အတူ တည်နေခြင်းသည် ကျွန်ုပ်တို့၌ရှိသည့်အဖိုးတန်ဆုံးသောအရာများကို နှစ်နာဆုံးရှုံးစေတတ်သည်။ မာရိအတွက် ရေမွှေးသွန်းလောင်းခြင်းသည် အလွန်အဖိုးကြီးပေ၏။ အကျွန်ုပ်အဖို့ မိမိအသက်နှင့်ချစ်ရသောသူများသည် အလွန်တန်ဖိုးကြီးပေသည်။ ပြီးခဲ့သည့် ခုနှစ်နှစ်က အကျွန်ုပ်အချစ်ရဆုံးသူများကို ဘုရားသခင်တောင်းဆိုခဲ့

သည့်အကြောင်းကို အကျွန်ုပ်မှတ်မိသေးသည်။ ထိုသို့ ဘုရားသခင် ပြုခြင်းသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့်ထူးခြားမှုပင်ဖြစ်သည်။

အကျွန်ုပ်သည် ဘုရားကျောင်းသွားဖို့ရန် တနင်္ဂနွေနေ့နံနက်စောစော၌ ရေချိုးလျက်နေ၏။ ထိုအချိန်၌ မည်သူတစ်ဦးတစ်ယောက်ကမျှ အိပ်ရာမနိုးကြသေးပေ။ အကျွန်ုပ်၏ရင်ဘတ်၌ ရုတ်တရက်အောင့်လျက် နာကျင်ခြင်းဝေဒနာကိုခံစားကာ အသက်ရှုကျပ်လေ၏။ ကျွန်ုပ်သည် ရေချိုးခန်းထဲမှ ချက်ချင်းထွက်သွား၍ ကျွန်ုပ်၏စာကြည့်ခန်းထဲသို့ ဆုတောင်းရန် ဝင်ရောက်လေ၏။ ထိုအဖြစ်အပျက်သည် ကျွန်ုပ်အသက်၏အဆုံးဖြစ်နိုင်သည်ဟု ကျွန်ုပ်စဉ်းစားမိလေသည်။ ကျွန်ုပ်သေနိုင်သည်။ သခင်ဘုရားနှင့်အတူ ကြမ်းပြင်ပေါ်မှာ ပြင်းပြင်းထန်ထန် ဒူးထောက်ဆုတောင်းနေချိန်တွင် ကျွန်ုပ်မိသားစုနှင့်သာသနာလုပ်ငန်းများကို သခင်ဘုရားလက်တော်၌ အပ်နှံခဲ့သည်။ ကျွန်ုပ်ဇနီးနှင့်သားသမီးများအပေါ် နူတ်ဆက်ပါသည်ဟူ၍ ပြောဆိုခြင်းသည် ခက်ရင်းလှပါသည်။ သို့သော် ထိုသို့ပြုရင်း သူတို့ကိုသခင်ဘုရားလက်တော်ထဲသို့ အပ်နှံလိုက်ပါသည်။ သူတို့ကို အကျွန်ုပ်မပိုင်ပါ။ သခင်ဘုရားသာ ပိုင်ဆိုင်၏။ အကျွန်ုပ်သည် သခင်ဘုရားနှင့်အတူ သွားဖို့ရန် အသင့်ရှိပါသည်။ ထိုသို့ဖြစ်ပျက်စဉ် ကျွန်ုပ်ကိုအရေးပေါ်ခန်းထဲသို့ ခေါ်သွင်းကြ၏။ သို့သော်လည်း ကျွန်ုပ်၌ မည်သည့်ပြဿနာကိုမျှ မတွေ့ကြပေ။ ယခု ကျွန်ုပ်၏အချိန်အခါသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ပြန်လည်ဖော်ထုတ်ခြင်းခံရပါသည်။ ကျွန်ုပ်တန်ဖိုးထားသောသူများကို ကိုယ်တော့်ထံပေးအပ်လိုက်၏။

ခရစ်တော်၌ တည်နေခြင်းသည် အဖိုးကြီးလှပေ၏။ ချစ်ခြင်းမေတ္တာသည်လည်း အဖိုးကြီးလှ၏။ ချစ်ခြင်းမေတ္တာ၏ဆိုလိုရင်းကား အခြားသောသူ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကျွန်ုပ်တို့၌ ရှိသမျှကို အသုံးပြုလိုခြင်းပင်ဖြစ်သည်။ ရေမွှေး၏ဖန်ဘူးသည် တမူထူးခြားသောတောင်းဆိုမှုသဖွယ်ဖြစ်သော်လည်း ၎င်းသည် မာရိ၏နှလုံး သားထဲ၌ လွှမ်းမိုးမှုအရှိဆုံးဖြစ်ပေသည်။ မိမိလက်ထဲ၌ရှိသောထို ရေမွှေးဘူးကို

မည်သည့်အချိန်၌မဆိုရောင်း၍ သူမအဖို့ အရေးပေါ်လိုချက် ရန်ပုံငွေအတွက် လုံလောက်သောအရာဖြစ်ပါသည်။ ဘာမျှမရှိတော့သည့်ဖန်ဘူးပုလင်းသည် သူမအဖို့ လုံခြုံစိတ်ချစရာမရှိတော့သလို ဖြစ်သွားလေသည်။ သူမပိုင်ဆိုင်ထားသည့်အဲ့အားသင့်လောက်အောင် အဖိုးကြီးသောရေမွှေးသည် သူမအဖို့ မက်မောစရာမဟုတ်တော့ပေ။ ယေရှုသာလျှင် သူမပိုင်ဆိုင်ရာဖြစ်လေပြီ။ ယေရှုသည် သူမကိုပိုင်ဆိုင်၍ သူမလည်း ယေရှုကိုပိုင်ဆိုင်၏။

# နောက်လိုက်ခြင်းသည် မလွယ်ကူပေ
## မာကု၊ ၁၀:၄၆-၅၂

ကျွန်ုပ်တော်သည် ဤကျမ်းပိုဒ်ထဲကလူထုများနှင့် ဘာမျှခြားနားမှု မရှိဟု ယူဆပါသည်။ ကျွန်ုပ်သည် အမှန်စင်စစ် ထိုသို့သောသူဖြစ်ပါသည်။ ထိုသူတို့သည် မျက်မမြင်သောသူအပေါ် လုံးဝကို စာနာထောက်ထားမှုမရှိကြပေ။ လူတို့သည် မျက်မမြင်သောသူကို တိတ်တိတ်နေရန် ကြမ်းကြမ်းတမ်းတမ်းပြောဆိုကြ၏။ ဤအဖြစ်အပျက်ကိုဖတ်လေ မိမိကိုယ်တိုင်ထူးခြားမှုမရှိသည်ကို တွေ့မြင်လေဖြစ်သည်။

ကျွန်ုပ်သည် အပြင်ဘက်ရှိ တစ်စုံတစ်ဦး၏လိုအပ်ချက်ကို ကြည့်ရှုစောင့်ရှောက်ခြင်းထက် ယေရှုနှင့်အတူ မိမိ၏ဝမ်းမြောက်ခြင်းကို အာရုံပြုရပါမည်။ မိမိကိုယ်တိုင်သည် ထိုမျက်မမြင်ကို တိတ်တိတ်နေရန် ကြမ်းကြမ်းတမ်းတမ်း ပြောဆိုသောလူထုထဲက တစ်ဦးတစ်ယောက် မဖြစ်သော်လည်း အကျွန်ုပ်သည် ယေရှုနှင့်အတူ မည်ကဲ့သို့နီးကပ်စွာ သွားလာအသက်ရှင်နိုင်ရမည်ကို စဉ်းစားရပါမည်။ ထိုသို့ပြုပြီးသည့်နောက်တွင် ထိုလူတို့သည် ယေရှုအားဖြင့် ကြီးမားစွာကောင်းကြီးခံစားသည်နည်းတူ အကျွန်ုပ်လည်း ခံစားမည်ဖြစ်သည်။ အကျွန်ုပ်၏အသက်တာသည် ပြောင်းလဲပြီဖြစ်သည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မည်သည့်သံသယမျှမရှိတော့ပေ။ ယေရှုခရစ်တော်သည် အကျွန်ုပ်အဖို့ ကောင်းမြတ်တော်မူ၏။ ယေရှုနှင့် နီးကပ်ရန် အလိုရှိခြင်းသည် လုံးဝအမှားမဟုတ်ကြောင်း ကျွန်ုပ်အာမခံပါသည်။

ယေရှုသည် အဘယ်ကြောင့် ရပ်တန့်တော်မူသနည်း။ အကယ်၍ ထိုလူ၏အော်ဟစ်သံကို အကျွန်ုပ်ကြားမည်ဆိုလျှင် အကျွန်ုပ်အံ့အားသင့်ပါမည်။ အကျွန်ုပ်ကောင်းကောင်းအိပ်ပျော်သည်ဟု မိန်းမကို ပြောပြ

လိုက်သည်။ ပြီးနောက် မိန်းမကို "နင်ဘယ်လိုလဲ၊ ကောင်းကောင်းအိပ်ပျော်ရဲ့လား"လို့ မေးလိုက်သည်။ မိန်းမက ကလေးနှစ်ယောက် သီးခြားစီငိုကြသည်ဖြစ်၍ နှစ်ကြိမ်ထရပါသည်ဟု ပြန်ပြော၏။ ထိုက လေးတို့၏ငိုသံကို အကျွန်ုပ်သည် အဘယ့်ကြောင့် မကြားရသည်ကိုအကျွန်ုပ်အံ့အားသင့်လျက်နေသည်။

ထိုမျက်မမြင်က စဉ်ဆက်မပြတ်ငိုနေမည်ဆိုလျှင် ကျွန်ုပ်အနေဖြင့် သူ့ကို တိတ်တိတ်နေရန် အလိုရှိနိုင်ပါသည်။ ကျွန်ုပ်သည် မိမိစဉ်းစားထားသည်ထက် ထိုလူထုနှင့်နည်းတူပင်ဖြစ်ကြောင်း ကျွန်ုပ်တွေ့ရှိလေသည်။ ကျွန်ုပ်နှင့်အတူ ယေရှုအတူပါရှိရန် ကျွန်ုပ်လိုချင်သည်။ ကျွန်ုပ်သည် အမှန်စင်စစ် ထိုမျက်မမြင်သောသူနှင့်အတူ မနေလိုပေ။

*ထို့နောက် သူတို့သည် ဂေရိခေါမြို့သို့ရောက်လာကြ၏။ ကိုယ်တော်သည် တပည့်တော်တို့နှင့်အတူ များစွာသောလူထုပရိသတ်ပါလျက် ဂေရိခေါမြို့မှထွက်ခွာတော်မူစဉ် တိမဲ၏သား ဗာတိမဲအမည်ရှိသောမျက်မမြင် သူတောင်းစားတစ်ဦးသည် လမ်းဘေးတွင် ထိုင်လျက်နေ၏။ နာဇရက်မြို့သားယေရှုဖြစ်ကြောင်း သူကြားသိလျှင် "ဒါဝိဒ်၏သားတော်ယေရှု၊ အကျွန်ုပ်ကိုသနားတော်မူပါ"ဟု အော်ဟစ်လေ၏။ လူအများတို့သည် သူ့ကိုတိတ်ဆိတ်စွာနေရန် ဆူငေါက်ကြ၏။ သို့သော် သူသည် "ဒါဝိဒ်၏သားတော်၊ အကျွန်ုပ်ကိုသနားတော်မူပါ"ဟု ပို၍အော်ဟစ်လေ၏။ ထိုအခါ ယေရှုသည် ရပ်တန့်လျက် "သူ့ကိုခေါ်ခဲ့ကြလော့"ဟု မိန့်တော်မူ၏။ လူတို့သည်လည်း ထိုမျက်မမြင်ကိုခေါ်၍ "အားမငယ်နှင့်၊ ထလော့၊ ကိုယ်တော်သည် သင့်ကိုခေါ်တော်မူ၏" ဟုဆိုကြ၏။ သူသည်လည်း မိမိဝတ်ရုံကို ဘေးသို့ပစ်ချပြီး ထ၍ယေရှုထံသို့လာလေ၏။ ယေရှုက "သင့်အတွက် မည်သည့်အမှုကိုပြုစေလိုသနည်း"ဟု မေးတော်မူလျှင် မျက်မမြင်က "ရဗ္ဗုနိ၊ မျက်စိမြင်အောင်လုပ်ပေးစေလို ပါ သည်" ဟု လျှောက်လေ၏။ ယေရှုကလည်း "သွားလော့၊ သင်၏ယုံ ကြည်ခြင်း*

*သည် သင့်ကိုကယ်တင်ပြီ"ဟု မိန့်တော်မူ၏။ ထိုခဏချင်းတွင် သူသည် မျက်စိမြင်၍ လမ်းခရီးတစ်လျှောက် နောက်တော်သို့လိုက် သွားလေ၏။*

နောက်လိုက်သောသူအပေါ် ကျွန်ုပ်တို့၏ရှင်းလင်းချက်သည် ပို၍ ကျယ်ပြန့်ကောင်းကျယ်ပြန့်နိုင်ပါသည်။ "အကျွန်ုပ်သည် သင့်ကဲ့သို့ဖြစ်သည်"ဟု ဆိုသည်ထက် "အကျွန်ုပ်သည် သင့်အနား၌ ရှိလိုပါသည်"ဟု ဆိုလိုပါသည်။ ယေရှုသည် ဗာတိမဲကိုခေါ်၍ စောင့်ဆိုင်းလျက်နေသော အခါ လူထုပရိသတ်တို့သည် ကိုယ်တော်နှင့်အတူ ရပ်နေကြ၏။ လူထုပရိသတ်သည် မျက်မမြင်အား တိတ်တိတ်နေရန်ပြောဆိုကြသည့် တိုင်အောင်တဖက်မှာ ပျော်ရွှင်ကြမည်ဟု ကျွန်ုပ်ယုံကြည်ထားပါသည်။ အကြောင်းမှာ ထိုမျက်မမြင်ကိုကောင်းကောင်းသိရှိသူများက ငြင်းပယ်ကြသော်လည်း ယုံကြည်လေးစားခြင်းကိုခံရသောမိမိဖခင်ဗာတိမဲသည် ယခုတွင် ယေရှုနောက်တော်သို့လိုက်နိုင်သောကြောင့်ဖြစ်သည်။ ထိုသို့ ဖြစ်ရခြင်းသည် ယေရှုနှင့်အတူ ရှိလိုခြင်းကြောင့်လော သို့မဟုတ် ယေရှုပြုသောအမှုကို ပြုလိုခြင်းကြောင့်လော။ ထိုသူတို့ထဲတွင် အမှန်တကယ်ယေရှုကဲ့သို့ဖြစ်လိုသောသူများကမည်မျှပါရှိမည်နည်း။ ဤငြင်းပယ်ခြင်းခံရသည့်ဆင်းရဲသားစိတ်ဝိညာဉ်ကို ဘယ်နှယောက်ကများ ကြည့်ရှုစောင့်ရှောက်ခဲ့သနည်း။

ကျွန်ုပ်တို့အသီးသီးသည် ယေရှုကိုချဉ်းကပ်ရသောအခွင့် သို့မဟုတ် သူနှင့်သဟ္ဇာန်တူရသောအခွင့်ကို ရရှိထားသူများဖြစ်ကြသည်။ ဗာတိမဲသည်လည်း သူ၏အခွင့်ထူးကို ရရှိပါလိမ့်မည်။ သူသည် လူထုထဲကဝိညာဉ်ပိုင်းဆိုင်ရာ ထူးချွန်သောသူများနှင့် ပါဝင်မည်လော သို့မဟုတ် ရပ်ဝေးရှိလိုအပ်ချက်ရှိသောသူများထံသို့ပြေးလျက် အကူအညီအတွက် ငိုကြွေးမည်လော။ သူသည် ဝိညာဉ်ရေးရာမာန၏ထုတ်ကြွားခြင်းဖြင့် ဖမ်းစားခြင်းခံရမည်လော သို့မဟုတ် ဘုရားသခင်အလိုတော်ရှိသည့် အတိုင်း ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ဖော်ပြဖို့ရန် အာရုံစိုက်မည်

လော။ ဤမေးခွန်းများသည် ကျွန်ုပ်အဖို့ အလေးအနက်စဉ်းစားစရာပင် ဖြစ်လာသည်။

အကယ်၍ အကျွန်ုပ်သည် ခရစ်တော်၌ တည်နေသောသူများ ဖြစ်လျှင် ယေရှုသွားရာအရပ်သို့သွားဖို့ ပြင်ဆင်ရန် လိုအပ်ပါသည်။ ကိုယ်တော်နှင့်အတူ မိတ်ဆွေဖြစ်ခြင်းသည် ပြည့်ဝစုံလင်သည်ဟူ၍မဟုတ်ပေ။ အကျွန်ုပ်တို့သည် မိတ်ဆွေများဖြစ်ကြသော်လည်း သူသည် သခင်ဘုရားဖြစ်တော်မူ၏။ သူသည် လမ်းပြပို့ဆောင်၍ အကျွန်ုပ်တို့က နောက်တော်သို့လိုက်ကြမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လမ်းလျှောက်ထွက်သောအခါ ထုံစံအတိုင်း ကျွန်ုပ်သားအကြီးဆုံးက ကျွန်ုပ်တို့ရှေ့ဆုံးကနေပြေးပြီး ကျွန်ုပ်တို့ကိုဦးဆောင်သွားတတ်ပါသည်။ သို့သော် ထိုသို့ပြေးနေကြစဉ် ကျွန်ုပ်တို့ဘက်ကိုလှည့်ပြီး ကျွန်ုပ်တို့၏ရှေးရှုရာလမ်းကြောင်း အမျိုးမျိုးသို့ဦးတည်နေသည်ကိုလှည့်ကြည့်ပါသည်။ ဤအရာသည် ကျွန်ုပ်တို့အများစု လမ်းစဉ်ပင်ဖြစ်ကြောင်း ကျွန်ုပ်နားလည်လာပါသည်။ ဤကျမ်းချက်ပါ အကြောင်းအရာကို ရိုးရိုးသားသားဖတ်ရှုခြင်းဖြင့် ကျွန်ုပ်ကြောက်ရွံ့တုန်လှုပ်မိပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်က ကိုယ်တော်သည် မိမိနှင့်အတူပါရှိသည်ဟုထင်ရသော်လည်း အမှန်မှာ တစ်စုံတစ်ယောက်၏စိတ်ဝိညာဉ် လိုအပ်ချက်အတွက် ပြန်လှည့်သွားနှင့်ပြီဖြစ်ပါသည်။

အကျွန်ုပ်၏အမှားများသည် အောင်မြင်ခြင်းထက် ပိုမိုများပြားပါသည်။ တစ်နေ့က ကျွန်ုပ်သည် ကလေးများနှင့်အတူ မြို့ထဲရှိပန်းခြံတစ်နေရာကိုသွားကြပါသည်။ အသက်ကြီးသည့်အမျိုးသမီးတစ်ဦးသည် ထူးထူးဆန်းဆန်း ပန်းခြံထိုင်ခုံတန်းလျား၌ ခြေပစ်လက်ပစ်လဲလျောင်းနေသည်ကို ကျွန်ုပ်မြင်တွေ့ရသည်။ ထိုမိန်းမသည် ပူပြင်းသည့်နေ၌ပင် အဝတ်ထူထူဝတ်ဆင်ထားသည်။ ကျွန်ုပ်စိတ်နှလုံးထဲတွင် ထိုနေရာကိုသွားပြီး သူမ၌ အကူအညီတစ်စုံတစ်ရာလိုနေမလားအထင်နှင့် သွားကြည့်ပါသည်။ "ထိုမိန်းမနှင့် ယေရှုစကားပြောလိမ့်မည်"ဟု ကျွန်ုပ်ယူဆ

ထားပါသည်။ ကျွန်ုပ်ကလေးများသည် လွှဲယမ်းလျက် ကစားနေကြသည်။ နောက်ဆုံးတွင် ကျွန်ုပ်စိတ်ထဲ၌ ထိုမိန်းမအနားသို့ချဉ်းကပ်ရန်ဖြစ်လာပါသည်။ ကျွန်ုပ်သည် အနားသို့သွားပြီး သူမနှင့် စကားပြောဆိုလေ၏။ ထိုမိန်းမသည် မိမိအိမ်သွားရာလမ်း၌ တောင်ကုန်းပေါ်မတက်မီတခဏအနားယူနေခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့နှစ်ဦးစကားပြောဆိုခြင်းသည် ဖော်ရွယ်သောစကားစမြည်ပြောဆိုခြင်းပင်ဖြစ်သည်။ သို့သော်ကျွန်ုပ်သည် ထိုအရာကိုပင် အလန့်တကြားဖြစ်ခဲ့မိသည်။

ထိုမိန်းမသည် ယေရှုကိုမတွေ့သေးပေ။ ယေရှု၏မေတ္တာနှင့် အထိအတွေ့မရှိသေးပေ။ ကျွန်ုပ်ကလေးများနှင့်အတူ ကစားရန် ကျွန်ုပ်သွားသောအခါ ထိုမိန်းမကို ပန်းခြံထိုင်ခုံတန်းလျားပေါ်မှာပဲ ကျွန်ုပ်ထားရစ်လိုပါသည်။ အကယ်၍ သူမအနေနှင့် အကူအညီတစ်ခုခုလိုအပ်လျှင်ယေရှုသည် သူမ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်ဟုသာ ကျွန်ုပ်စဉ်းစားထားပါသည်။ "အကျွန်ုပ်ကူညီနိုင်မလား သို့မဟုတ် သင့်အတွက်ကျွန်ုပ်ဆုတောင်းပေးနိုင်ရန် အထူးလိုအပ်ချက်တစ်စုံတစ်ရာရှိပါသလား"ဟူ၍ စကားအနည်းငယ်ပြောရုံလေးသာရှိပါသည်။

*ကျွန်ုပ်စိတ်နှလုံးသည် အခြားတစ်နေရာရာသို့ရောက်ရှိနေသောကြောင့် အခြားတစ်နေရာရာသို့ရောက်ရှိနေခြင်းဖြစ်သည်။ ကျွန်ုပ်သည် အမှန်စင်စစ် ဂရုစိုက်စောင့်ရှောက်ခြင်းမရှိခဲ့ပေ။*

ကျွန်ုပ်၏လိုအပ်ချက်များအပေါ်တွင် အာရုံစိုက်ခြင်းကိုကျွန်ုပ် နောင်တရရမည်။ ကျွန်ုပ်သည် ကျေးဇူးတော်၌ ကြွယ်ဝချမ်းသာသော်လည်းခရစ်တော်၏ကြွယ်ဝခြင်း၌ ဝမ်းမြောက်ရန် အခြားသောသူ၏စိတ်ဝိညာဉ်ကို ခေါ်ဖိတ်ခြင်းမပြုခဲ့ပေ။ ကျွန်ုပ်သည် အလွန်ချမ်းသာသည်။ သို့သော် အမှန်တကယ်ဆင်းရဲသားများအတွက် ကြည့်ရှုစောင့်ရှောက်ခြင်းမရှိပေ။ ထို့နောက်မှ သူမသွားပြီဖြစ်ကြောင်း ကျွန်ုပ်သိရှိလာရပါသည်။ ထိုကစားကွင်း၌ရပ်လျက် ကိုယ့်ကိုယ်ကို ပြစ်တင်ရှုတ်ချမိ

ပါသည်။ သူမသွားသည်ကိုပင် ကျွန်ုပ်မတွေ့ရှိခဲ့ပေ။ ကျွန်ုပ်နှလုံးသား၌ သူမရှိတော့ပေ။ ထိုသို့သောသူသည် သူမတစ်ယောက်တည်းမဟုတ်ပေ။ ယေရှုသည် ကျွန်ုပ်စိတ်နှလုံး၌ လူပ်ရှားလျက် ကိုယ်တော်ကို ကျွန်ုပ်သတိရအောက်မေ့ပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်တစ်ယောက်တည်းသာ ကျန်ရစ်ပါတော့သည်။

*ဆာလာ ၁၄၃:၂ အရ ဝိညာဉ်တော်၌ ကျွန်ုပ်ဆုတောင်းပါ၏။*
*"ကိုယ်တော်၏ကျွန်နှင့် တရားတွေ့တော်မမူပါနှင့်။*
*အသက်ရှင်သောသူမည်သည်ကား ရှေ့တော်၌*
*အပြစ်ကင်းစင်ရာသို့မရောက်ရပါ။"*

ပိုမိုသတိရှိစွာဖြင့် ယေရှုနောက်လိုက်ရန် ကျွန်ုပ်၏အသစ်သောစူးစမ်းရှာဖွေခြင်း၌ ကျွန်ုပ်၏ကျရှုံးမှုသည် ပို၍မြင့်တက်လာသလိုဖြစ်ပေသည်။ ကိုယ်တော်၏ကျေးဇူးတရားကို ကျွန်ုပ်လိုအပ်နေဆဲပင်ဖြစ်ကြောင်း ကျွန်ုပ်နားလည်လာပါသည်။ ကျွန်ုပ်သည် ကိုယ်တော်၏ကျေးဇူးဂရုဏာကို တောင်းလျှောက်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။ ကျွန်ုပ်၏ပျက်ကွက်မှုသည် ယခုကိုယ်တော်၏အံ့သြဖွယ်မေတ္တာ ကိုသာ၍ကြီးမားစွာ တွေ့ကြုံခံစားရပါသည်။

ကျွန်ုပ်သည် ယေရှုကဲ့သို့ဖြစ်သည်ဟု ပြောလိုပါသည်။ ယေရှုနောက်တော်သို့ ကျွန်ုပ်လိုက်သွားပါသည်။ ယေရှုကို ကျွန်ုပ်ချစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယခုတွင် နှုတ်ကပတ်တော်၌ ပိုမိုနိမ့်ချခြင်းဖြင့် အတွေ့အကြုံရှိလာပါသည်။ ကျွန်ုပ်သည် မျက်စိကန်းသောသူဖြစ်သောကြောင့် ကျွန်ုပ်၏လက်ကိုဆွဲကိုင်ပြီး ကျွန်ုပ်အားလမ်းပြရန် ကိုယ်တော်ကိုနှိမ့်ချစွာတောင်းလျှောက်ပါသည်။ ကျွန်ုပ်သည် ယေရှုမြင်တော်မူသောသူများကို မမြင်နိုင်ပေ။

# သတိရှိစွာ နားထောင်ခြင်း
## မာကု ၇:၁၇-၁၈

ကျွန်ုပ်တို့သည် အများကြီးသင်ယူနိုင်ကြမည်လော။ ကျွန်ုပ်တို့သင်ယူနိုင်မည်ဟုမထင်ပေ။ မှားယွင်းသောအရာများကို ကျွန်ုပ်တို့သင် ယူသောအခါ သို့မဟုတ် မှားယွင်းသည့်လမ်းစဉ်အတိုင်း သင်ယူသောအခါ မှန်ကန်သောအရာများကို မှန်ကန်သောဝိညာဉ်ဖြင့် သင်ယူခြင်းမှ အဟန့်အတားဖြစ်စေရန် ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ပေကျံသောအနှောင့်အဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။

ကျွန်ုပ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ရှုရန် ထိုင်ချသည့်အခါတိုင်း ကျွန်ုပ်စိတ်နှလုံးထဲ၌ မကြာခဏမြူရိုက်ထားသကဲ့သို့ဖြစ်သည်ကို ကျွန်ုပ်စတင်သိရှိလာပါသည်။ ထိုမြူထဲကစိတ်ကူးအတွေးအနည်းငယ်ပေါ်လာသည်ကား "ဒါဟာ ကများသိပြီးသားပါ။" "ကများအနေနဲ့ ကောင်းတဲ့အရာကို ထပ်ပြီးတော့ လေ့လာစရာမလိုတော့ပါဘူး။" "ကများမှာ ပိုမိုကောင်းမွန်တဲ့တစ်စုံတစ်ရာလုပ်စရာ မရှိတော့ဘူးလား။" သို့သော် ပြီးခဲ့သည့်အပတ်က တစ်စုံတစ်ရာပြောင်းလဲသွားပြီ။

သို့သော် ၎င်းသည် မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်သေချာမသိပေ။ မောက်မာတတ်သောလူဟောင်းဖြစ်ခြင်းက ဆက်လက်တည်ရှိလာခြင်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ၎င်းသည် ကျွန်ုပ်အပေါ်၌ ကာလအချိန်ကြာကြာ အကြီးမားဆုံးဖြစ်ပျက်ခဲ့သောအရာပင်ဖြစ်သည်။ သခင်ဘုရားသည် အကျွန်ုပ်ကို သူနှင့်အတူ ထိုင်စေလို၍ ကျွန်ုပ်အား သူပြောသောစကားကို နားထောင်စေလိုသည်ဟု ကျွန်တော်ယုံကြည်စိတ်ချပါသည်။ ထိုသို့သောနတ်ဆိုးနှင့်ဆိုင်သည့်တိုက်တွန်းချက်များသည် ကျွန်ုပ်၏ဦးနှောက်ထဲသို့ဝင်ရောက်လာသော်လည်း ဘုရားသခင်

၏ဝိညာဉ်တော်သည် ပိုမိုအားကြီးသောကြောင့် ကျွန်ုပ်ဆင်ခြင်နှလုံးသွင်းချိန်တွင် ကိုယ်တော်အပေါ် ကျွန်ုပ်၏ဆက်ကပ်အပ်နှံခြင်းသည် ပိုမိုလေးနက်စေဖို့ရန် ကျွန်ုပ်ကိုသတိပေးတတ်၏။

ကျွန်ုပ်သည် ကျမ်းစာထဲမှမည်သည့်အကျိုးအမြတ်ကိုမျှမရဘဲ ထိုကျမ်းစာကိုဖတ်ရှုရန် ထိုင်ချသည့်အချိန်ပေါင်းမည်မျှရှိသည်ကိုတွေးရင်းလန့်ဖျပ်မိပါသည်။ အကြောင်းမှာ ကျွန်ုပ်၏သွေးသားလိုလားမှုက ဘုရားသခင်နှင့်သူ၏နှုတ်ကပတ်ကိုချစ်ခင်မြတ်နိုးရန် ကျွန်ုပ်၏ကောင်းမွန်သောလိုဆင်ဆန္ဒများနှင့် ခွာစေသောကြောင့်ဖြစ်သည်။ ထောင်သောင်းမကသောအခွင့်ထူးများကို ဆုံးရှုံးခဲ့သည့်အတွက် ကျွန်ုပ်ထိတ်လန့်မိပါသည်။ မှန်ပါသည်၊ ကျွန်ုပ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ အချိန်ကောင်းများစွာရရှိခဲ့သည်။ အားလုံးဆုံးရှုံးသည်ဟူ၍မဟုတ်ပေ။ထိုအရာကိုသိရှိခြင်းမရှိဘဲဘုရားသခင်၏နှုတ်ကပတ်တော်၌ တူးဖော်လျက် ကြီးမားသောအကျိုးဖြင့် ထွက်လာခဲ့သည်။ ကြိမ်ဖန်များစွာ ယေရှုပြောဆိုသောစကားတော်ဖြစ်သည့် "သင်သည်လည်း နားမလည်သလော"ဟူသောစကားသည် ကျွန်ုပ်အသက်တာထဲသို့တိုက်ရိုက် အကျိုးသက်ရောက်မှုရှိလာသည်။

*ကိုယ်တော်သည် လူထုပရိသတ်ထံမှထွက်ခွာ၍ အိမ်ထဲသို့ဝင်တော်မူသောအခါ တပည့်တော်တို့သည် ထိုပုံဥပမာအကြောင်းကို ကိုယ်တော်အားမေးလျှောက်ကြ၏။ ထိုအခါ ကိုယ်တော်က "သင်တို့သည်လည်း ဤမျှလောက် အသိတရားကင်းမဲ့လျက် နေကြသလော။ ပြင်မှလူ့အထဲသို့ဝင်သမျှသောအရာသည်လူကိုမညစ်ညူးစေနိုင်ကြောင်း သင်တို့မသိကြသလော(မာ၊၇း၁၇-၁၈)။*

ယေရှု၏ဖော်ပြချက်ကို "သင်တို့သည် ဤမျှလောက်အသိတရားကင်းမဲ့ကြသလော" ဟူ၍ ကျွန်ုပ်တို့ဤသို့အနက်ဖွင့်နိုင်ပါသည်။ ထို့နောက် ထိုသူတို့သည် ယေရှုနှင့်အတူ မည်မျှကြာကြာနေကြသနည်း။ သို့သော် ယေရှုသည် မေတ္တာကရုဏာရှိတော်မူ၏။ ကိုယ်တော်သည်

မေတ္တာကရုဏာရှင်ဖြစ်တော်မူ၏။ ကိုယ်တော်၏မေတ္တာသည် မိမိ၏တပည့်တော်များအတွက် မရပ်တန့်နိုင်ပေ။ ကိုယ်တော်သည် မောက်မာသောသူမဟုတ်၊ မိမိ၏တပည့်တော်များအတွက် မိမိ၏ကြီးမားသောစောင့်ရှောက်ခြင်းကို ပြသလျက်နေတော်မူ၏။ တပည့်တော်များအဖို့ ယေရှု၌ရှိသည့်မေတ္တာကရုဏာနှင့်ဆိုင်သောအချက်သုံးချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

- သင့်အား သင်ယူခြင်းမှ မည်သည့်အရာက ဟန့်တားပါသနည်း။

ယေရှုသည် ဘုရားသခင်၏နှုတ်ကပတ်တော်သိရှိခြင်း၌ ထိုသူတို့၏စိတ်အားထက်သန်မှုကင်းမဲ့ခြင်းကို ဖော်ထုတ်ပြသလျက်နေသည်။ အကယ်၍ ထိုသူတို့သည် ဤသမ္မာတရားတော်များကို စောလျင်စွာနားမလည်နိုင်ကြလျှင်လည်း ယေရှုသည် ထိုသူတို့ကိုပြစ်တင်ရှုတ်ချမည်မဟုတ်ပေ။ သူတို့မှာ သူတို့၏အခွင့်အခါများရှိသည်။ ကျွန်ုပ်မှာလည်း ကျွန်ုပ်၏အခွင့်အခါများရှိပါသည်။ ထိုသို့ဖြစ်ခြင်းသည် ကျွန်ုပ်မရှာဖွေသောကြောင့်လော။ မယုံသောကြောင့်လော။ မလိုချင်သောကြောင့်လော။ အလွန်မောက်မာသောကြောင့်လော။ ထိုသို့သောမေးခွန်းများက ကျွန်ုပ်အား စစ်မှန်သောသင်ယူခြင်းနှင့် ကင်းဝေးစေပါသည်။ အကယ်၍ ထိုသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိတို့၏စိတ်နှလုံးထဲ၌ မာရိက ယေရှုဖွားမြင်ခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ကောင်းကင်တမန်၏စကားကို သူမ၏နှလုံးသားထဲ၌ သိုထားသကဲ့သို့သိုထားကြမည်ဆိုလျှင် ပိုမိုကောင်းမွန်ပြီးကြွယ်ဝသောအသက်ရှင်ခြင်းရှိသည်ကို ယေရှုသိတော်မူ၏။

- ငါသည် သင်နှင့်အတူ မရှိသောအခါ မည်သည့်အရာဖြစ်ပျက်မည်နည်း။

အချိန်သည် တိုတောင်း၏။ စာမျက်နှာများကိုလှန်ပြီး အသေခံခြင်းအကြောင်းကိုဖတ်၏။ လအနည်းငယ် ရှေ့ကိုခုန်ကျော်ပြီး ယေရှုကို သင်္ချိုင်း၌ ထားရစ်ပါလိမ့်မည်။ ထိုသူတို့သည် အဆင်သင့်ရှိသလော။

အဆင်သင့်မရှိကြပေ။ သူတို့သည် နောက်ကိုပြန်လှည့်ပြီး ကားတိုင်၌ ချိတ်ဆွဲလျက်ရှိသည့်ယေရှုကို တစ်ယောက်တည်း ထားရစ်ကြသည့် အဖြစ်အပျက်ကို ကျွန်ုပ်တို့ထင်ထင်ရှားရှား မြင်တွေ့ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားများသည် သူတို့၏စိတ်နှလုံးထဲ၌ အမြစ်တွယ်နေရာယူခြင်းမရှိပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အပေါ်၌ အဘယ်မျှလောက်အကျိုးပြုသည်ကို အကောင်းဆုံးစမ်းသပ်ခြင်းကား ခက်ခဲကျပ်တည်းသောအချိန်၌ ဤသမ္မာတရားများက မိမိတို့၏တွေးတောကြံစည်မှုများနှင့်ဆုံးဖြတ်ချက်များအပေါ် အဘယ်မျှလောက်လွှမ်းမိုးထားသည်ကို ကြည့်ရှုရမည်ဖြစ်သည်။ ဘုရားသခင်၏ သမ္မာတရားများသည် ကျွန်ုပ်နှင့်အတူ ပါရှိသလော သို့မဟုတ် ထိုသမ္မာတရားများကို တန်ဖိုးမဲ့စွန့်လွှတ်ပါသလော။ ထိုသူတို့သည် အားဖြည့်ခြင်းမခံရပါ က ကျရှုံးမည်ကို ယေရှုသိရှိတော်မူနှင့်၏။

- သင်သည် ငါ၏သမ္မာတရားများကို ယူသွား၍ အခြားသူများအား မှန်ကန်စွာ လုပ်ကျွေးပြုစုနိုင်မည်လော။

မှန်ပါသည်၊ သူတို့သင်ကြားနိုင်ပါသည်။ သူတို့သည် အကြီးမြတ်ဆုံးသောဆရာထံမှ အကြီးမြတ်ဆုံးသောသင်ကြားခြင်းကို ကြားခဲ့ပြီဖြစ်သည်။ သူတို့၌ သခင့်နှုတ်တော်မှကြားခဲ့ကြသည့် ဖြောင့်တန်းသောဒေသနာများနှင့်ပုံဥမာများစွာရှိပါသည်။ သူတို့သည် မိမိတို့ဝိညာဉ်ကို လှုံ့ဆော်ရမည်အကြောင်း ဘုရားသခင်၏သမ္မာတရားသည် သူတို့၏စိတ်နှလုံးကို တို့ထိပါသလော။ ကိုယ်တော်၏သွန်သင်ချက်များသည် ရှင်သန်လျက်သူတို့၏စိတ်နှလုံးထဲတွင် သူတို့ကိုသတိပေးကာ အခြားသူများ၏လိုအပ်ချက်များကို အလေးထားအာရုံစူးစိုက်နိုင်ပါသလော။ သေးမွှားသည့်သမ္မာတရားသည် ကြောက်စရာကောင်းပေ၏။ သမ္မာတရားအပေါ်မှားယွင်းစွာဆွဲကိုင်ခြင်းသည် သေလောက်သည့်အဆိပ်ပမာဏပင်ဖြစ်သည်။ ဤအကြောင်းအရာက လူငယ်တစ်ယောက် အမဲလိုက်ထွက်နေစဉ် မတော်တဆပြစ်ခတ်မိသည့်အဖြစ်ကို ကျွန်ုပ်အား သတိရစေပါ

သည်။ မတော်တဆရှိပါလိမ့်မည်။ သို့သော် များစွာသောမတော်တဆမှုများသည် မဖြစ်သင့်သောအရာများဖြစ်သည်။ မောက်မာထောင်လွှားခြင်းသည် အခြားသူများအား ပြုစုစောင့်ရှောက်ခြင်းနှင့် ကင်းဝေးစေရုံသာမကဘဲ အခြားသူများကိုပါ ထိခိုက်နစ်နာစေတတ်သည်။ သခင်ယေရှုသည် သူတို့၏အသက်တာအားဖြင့် အခြားသူများကိုကူညီမစရန်များစွာလုပ်ဆောင်လိုပါသည်။

ကျွန်ုပ်တို့အသက်တာထဲတွင် အခြေခံကျသောသမ္မာတရားများကိုစောင့်ထိန်းရမည်အကြောင်း အဘယ်ကဲ့သို့ပြု၍ သီအိုလော်ဂျီဆိုင်ရာကွန်ရက်နှင့်စနစ်များကို ကျော်လွှားနိုင်မည်နည်း။

နားလည်သဘောပေါက်ခြင်းမရှိသောကြောင့်လော။ မှန်ပါသည်။ ကျွန်ုပ်၏အသက်တာထဲမှသမ္မာတရားကို စောင့်ထိန်းဖို့ရန် တပည့်တော်များနည်းတူ ကျွန်ုပ်၌ လုံလောက်သောသမ္မာတရားပိုင်ဆိုင်ထားပါသည်။ သာ၍ထက်မြက်သောသီအိုလော်ဂျီပိုင်းဆိုင်ရာ ကွန်ရက်များသည် စစ်မှန်သောဘုရားသခင်၏သမ္မာတရားများကို ကျွန်ုပ်တို့၏စိတ်နှလုံးထဲမှကွယ်စေတတ်၏။ ကျွန်ုပ်တို့သည် မိမိတို့ပတ်ဝန်းကျင်ရှိ သွန်သင်ချက်များက များစွာလွှမ်းမိုးထားသည်။ သို့ဖြစ်၍ သမ္မာတရားကိုဆွဲကိုင်ဖို့ရန် ကျွန်ုပ်တို့၌ ကြီးမားသောအခက်အခဲတွေ့ကြုံရပါသည်။ တပည့်တော်တို့သည် ယေရှုအနား၌ရှိကြသော်လည်း ၎င်းက အကျိုးမပြုပေ။ ယေရှုကို သူတို့မေးလျှောက်ကြ၏။ သူတို့သည် ဘုရားသခင်၏သန့်ရှင်းသောကယ်တင်ရှင်နှင့် ရင်းနှီးသောကြောင့် ထောင်လွှားမောက်မာနိုင်ကြသည်။ ထိုသို့ဖြစ်လင့်ကစား သူတို့သည် ဝိညာဉ်ရေးရာ၌ မျက်စိကန်းနေဆဲပင်ဖြစ်သည်။

ကျွန်ုပ်သည် ကိုယ်တော်၏နှုတ်ကပတ်တော်သမ္မာတရားကို နှစ်ပေါင်းများစွာဖော်ထုတ်ခဲ့ပြီးနောက် နားလည်သဘောပေါက်ခြင်း သိပ်မရှိဟူသောစကားသည် ဖြစ်နိုင်ပါမည်လော။ ကျွန်ုပ်သည် အကြံတုံးအဉာဏ်တုံးလော။ ဉာဏ်ထိုင်းသောသူလော။ ကျွန်ုပ်သည် အမှန်တကယ်

နားလည်သဘောပေါက်အောင် ကိုယ်တော်နှင့် အဆက်လုပ်နိုင်ပါသည် ဟူသောအချက်ကိုတွေးရင်း ကျွန်ုပ်စိတ်မကောင်းဖြစ်မိပါသည်။ အပြစ်တင်ခြင်းသည် အခြားသူများအပေါ်တွင် မတည်ရဘဲ၊ ကျွန်ုပ်အပေါ်တွင် တည်ရမည်။ ကျွန်ုပ်ကို အမှန်တကယ်ဘေးသို့ရောက်စေသောအရာသည် အခြားသူများ၏စိတ်နှလုံးအေးတိအေးစက်ခြင်းကြောင့်မဟုတ်ဘဲ၊ ကျွန်ုပ်၏စိတ်နှလုံး အေးတိအေးစက်ခြင်းကြောင့်ဖြစ်ပါသည်။

အကယ်၍ ကျွန်ုပ်၏စိတ်နှလုံးသည် ကိုယ်တော်ကိုတောင့်တ လျှင် မိမိအထဲ၌ ရှိသည့်မြူသည် အနည်းငယ်သာအကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ကျွန်ုပ်သည် မိမိ၏ဒုစရိုက်အပြစ်များကို ဝန်ချတောင်းပန်သည်။ ဘုရားသခင်၏အသက်ရှင်သောနှုတ်ကပတ်တော်နှင့်ဆက်စပ်မှုရှိသည့်အကြံအဉာဏ်တုံးကို ကျွန်ုပ်ရှုတ်ချပါသည်။

ယေရှုသည် မိမိ၏သမ္မာတရားအသက်ရှင်ကြောင်းကို ဆက်လက်ထိန်းသိမ်းမည်ဟု ကျွန်ုပ်ယုံကြည်စိတ်ချနိုင်ပါသလော။ ဤအရာကား အလေးထားစရာဖြစ်သည်။ ကျွန်ုပ်၏ဆုတောင်းချက်ကား ကိုယ်တော်အစပြုခဲ့သည့်အလုပ်သည် ဆက်လက်လုပ်ဆောင်သွားမည်ဟူ၍ဖြစ်သည်။ "သင်တို့၌ ကောင်းသောအမှုကိုအစပြုခဲ့သောအရှင်သည် ခရစ်တော်ယေရှု၏နေ့ရက်တိုင်အောင် ထိုအမှုကို ပြီးမြောက်စေတော်မူလိမ့်မည်ဟု ငါယုံကြည်စိတ်ချ၏"(ဖိ၁:၆)။ ယေရှု၏နှုတ်ကပတ်တော်ကို ကြည့်ခြင်းအားဖြင့် သူသည် ကျွန်ုပ်၏ကွက်စဉ် သို့မဟုတ် အရစ်ဖြစ်ကြောင်း ကျွန်ုပ်နားလည်ရသည်။ သူသည် ကျွန်ုပ်ဘေးနား၌ ရှိတော်မူ၏။ ကျွန်ုပ်သည်သူ့အပေါ်အစဉ်တစိုက်အာရုံစူးစိုက်ဖို့လိုအပ်ပြီး ကျွန်ုပ်အား မည်သည့်အရာသင်ယူစေလိုသည်ကို ရိုးသားစွာမေးလျှောက်ရပါမည်။ ကျွန်ုပ်သည် ယခုသူ့အား နားထောင်ဖို့လိုအပ်သည်။ ကျွန်ုပ်သည် ဤအချိန်၌ ကိုယ်တော်ရှေ့တော်သို့ အကြောင်းအရာ တစ်ခုခုယူဆောင်လာနိုင်သည်ကို သိရှိထားပါသည်။ ထိုအရာများကို ထိုအချိန်၌ပင် ကိုယ်တော်ထံသို့ ကျွန်ုပ်ယူဆောင်နိုင်သည်။ တစ်ခါတစ်ရံ ကိုယ်တော်သည်

မဖြစ်နိုင်သောအခြေအနေများကို အဖြေထုတ်နိုင်ရန် ထိုသင်ခန်းစာကို အသုံးပြုတတ်သည်။

ယေရှုသည် သူ့တပည့်တော်တို့ကို ဂရုစိုက်တော်မူ၏။ ကျွန်ုပ်တို့အားလုံးကိုလည်း သူ၏သမ္မာတရား၌ စိတ်နှလုံးဖွင့်ရန် ကိုယ်တော်အလိုတော်ရှိ၏။ ကိုယ်တော်သည် အမှန်စင်စစ် ကျွန်ုပ်၏ဝိညာဉ်ရေးရာကောင်းကျိုး၊ ကျွန်ုပ်တို့၏ကြီးရင့်ခြင်းနှင့်ကျွန်ုပ်တို့အသက်တာမှတဆင့်အခြားသူများသို့ ကိုယ်တော်၏သာသနာလုပ်ငန်း ဆင့်ပွားခြင်းတို့နှင့်စပ်လျဉ်း၍ အထူးအလေးထားဂရုစိုက်တော်မူ၏။ ယေရှု၌ တည်နေခြင်းသည် သူမိန့်မှာထားသမျှတို့ကို အကြွင်းမဲ့နားထောင်လိုက်လျှောက်ခြင်းပင်ဖြစ်သည်။

# ထည့်တွက်သောယုံကြည်ခြင်း
## မာကု ၁၁:၂၀-၂၄

ယေရှုအနားတွင် ကျွန်ုပ်တို့နေမည်ဆိုလျှင် အချို့သောအရာများသည် မိမိတို့အပေါ်သို့ကူးစက်လာမည်ဟု ကျွန်ုပ်သုံးသပ်မိပါသည်။ ထိုသို့သောအမှုသည် မိတ်ဆွေများနှင့်အတူ အချိန်ယူနေထိုင်သောအခါ ဖြစ်ပျက်လျက်ရှိသည်။ ဥပမာအားဖြင့် သူတို့၏မျက်နှာထား အမူအရာများ၊ သဘောထားများနှင့်စိတ်ဆုံးဖြတ်ချက်များကို မသိမသာ အတုခိုးတတ်ခြင်း စသည်တို့ဖြစ်သည်။ ကျွန်ုပ်၏သားလတ်က တစ်စုံတစ်ရာအကြောင်းနှင့်စပ်လျဉ်းပြီး ထိုလမ်းစဉ်အတိုင်း ပြောလေ့ရှိသည်ကို မကြာခဏကျွန်ုပ်ကြားရသည်။ ထိုသို့သောမျက်နှာထားနှင့်အပြုအမူသည် မိမိတို့နှင့်သက်ဆိုင်သောမိတ်ဆွေအပေါင်းအသင်းထံမှ အတုခိုးအစပြုခြင်းဖြစ်ကြောင်းကို ချက်ချင်းရိပ်မိလေသည်။

အထက်မှာဖော်ပြထားသည့်ကျမ်းချက်ကို ကျွန်ုပ်ဖတ်ရှုသော အခါ ကျွန်ုပ်သည် အတော့်ကိုထင်ရာစိုင်းသောသူဖြစ်ကြောင်း သိရှိနားလည်ရပါသည်။ ထိုသို့ဖြစ်ရသည်မှာလည်း အချိန်သိပ်မကြာမြင့်ပေ။ ပြီးခဲ့သည့်ဒုတိယအပတ်က Indianapolis သို့ခရီးပြုသည်ကို ကျွန်ုပ်အောက်မေ့သတိမရမိ မိမိအနေနှင့် အဘယ်အမှုပြုနေသည်ကို မေ့လျော့လျက်နေ၏။ သို့သော် ကျွန်ုပ်ဆုတောင်းသောအခါ ရုတ်တရက်ရူပါရုံတစ်ခုရရှိသည်။ ၎င်းသည် စိတ်ကတိကအောက်ဖြစ်သော်လည်း မည်သို့ပင်ဖြစ်စေ ပြောပြပါမည်။ ကျွန်ုပ်သည် မကြာခဏရပ်ဝတ္တုများအတွက် ဆုတောင်းရသော်လည်း ဘုရားသခင်ကိုမယုံကြည်ခဲ့ပေ။

ကျွန်ုပ်သည် လုံးဝကိုတုန်လှုပ်မိသည်။ ဆုတောင်းချက်များ အဘယ်မျှလောက် အချည်းနှီးဖြစ်စေခဲ့သည်ကို ကျွန်ုပ်ကျိန်းသေမသိပေ။

ထိုဆုတောင်းချက်အားလုံးတို့သည် လုံးဝဥဿုံ အချည်းနှီးမဖြစ်လောက်ပေ။ ကိုယ်တော်က ယုံကြည်ခြင်းမပါသောဆုတောင်းချက်များသည် တန်ဖိုးအပြည့်အဝမရှိဟူ၍ မဖော်ပြပေ။ အကယ်၍ တောင်းလျှောက်ခြင်း၏ ရည်ရွယ်ချက်ကား ရရှိဖို့ဖြစ်လျှင် တစ်စုံတစ်ခုလွဲနေသလိုဖြစ်သည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ စတင်ဆုတောင်းဖို့ လိုအပ်သည်ကို အမှန်တကယ်သိရှိလာသည်။ ကျွန်ုပ်တို့ဆုတောင်းနေသောအရာများထဲကတောင်းလျှောက်သောအရာတစ်ခုမှာ ပို၍ကြီးမားသည့်ထမင်းစားဆောင်စားပွဲတစ်လုံးအတွက်ဖြစ်သည်ကို ကျွန်ုပ်တွေးမိလေသည်။ ထိုအရာသည် ပေါ်သလိုကြောင်သလို ဖြစ်နိုင်သော်လည်း ထိုအရာပေါ်၌ ကျွန်ုပ်တို့အတည်ပြုခြင်းမရှိပေ။ ကျွန်ုပ်ဆုတောင်းပါသည်၊ တောင်းလည်းတောင်းလျှောက်ပါသည်၊ ယုံလည်း ယုံကြည်သည် သို့မဟုတ် ထိုအတိုင်း ကျွန်ုပ်စဉ်းစားသည်။ အကယ်၍ ထူးခြားမှုတစ်ခုခုဖြစ်ပျက်လျှင် ကျွန်ုပ်ဆုတောင်းမည်ဟု သားသမီးများကို အချိန်ကျတိုင်း အိမ်၌ ပြောဆိုတတ်သည်။"အရာအားလုံးအဆင်ပြေသည်"ဟူ၍ကြားမည်ဟု ကျွန်ုပ်မျှော်လင့်သည်။ကျွန်ုပ်တို့အိမ်ပြန်လာသောအခါပို၍ကြီးမားသောထမင်းစားဆောင်စားပွဲကိုမတွေ့ရှိသည့်အတွက်ကျွန်ုပ်စိတ်ပျက်သွားလေ၏။

*နံနက်စောစောလမ်း၌ဖြတ်သွားကြစဉ်အမြစ်မှစ၍ သင်္ဘောသဖန်းပင်ကို သူတို့မြင်ကြ၏။ ထိုအခါ ပေတရုသည် သတိရ၍ "ရဗ္ဗိ၊ ကြည့်ပါ။ ကိုယ်တော်ကျိန်တော်မူသောသဖန်းပင်သည် ညှိုးနွမ်းခြောက်သွေ့ပါပြီ"ဟု လျှောက်လေ၏။ ယေရှုကလည်း "ဘုရားသခင်ကိုယုံကြည်ကြလော့။ သင်တို့အား ငါအမှန်ဆိုသည်ကား မည်သူမဆို ဤတောင်အား 'ရွေ့သွား၍ ပင်လယ်ထဲသို့ကျလော့'ဟု ဆိုလျက် မိမိစိတ်နှလုံးထဲ၌ သံသယကင်းမဲ့ကာ မိမိဆိုသည့်အတိုင်းဖြစ်မည်ဟု ယုံကြည်လျှင် ထိုသူဆိုသည့်အတိုင်းဖြစ်လိမ့်မည်။ ထို့ကြောင့် သင် တို့အား ငါဆိုမည်။ သင်တို့ဆုတောင်းသောအခါ တောင်းလျှောက်သမျှသောအ*

*ရာတို့ကိုရရှိပြီဟုယုံကြည်ကြလော့။ ထိုအခါ သင်တို့အတွက် ထိုအတိုင်း ဖြစ်လိမ့်မည်(မာ၁၁:၂၀-၂၄)။*

တစ်စုံတစ်ယောက်က ထိုအရာများအတွက် မည်သူမျှဆု တောင်းမှာမဟုတ်ဟူ၍ ပြောနိုင်ပါသည်။ ကျွန်ုပ်တို့လည်း ပြောနိုင်သည်။ ကျွန်ုပ်တို့၌ လိုအပ်ချက်ရှိသောအခါ ထိုလိုအပ်ချက်က မိမိတို့ကိုသခင်ဘုရား ထံဆုတောင်းခြင်းဖြင့် ယူဆောင်သွားစေတတ်သည်။ ယေရှုက ဆု တောင်းသည့်အရာများနှင့်စပ်လျဉ်း၍ ရည်ညွှန်းဖော်ပြထားသည့်အချက်သုံးခုကိုပြောဆိုခဲ့သည်။

- ပထမအနေဖြင့် ယေရှုက သဖန်းပင်ကိုကျိန်ပြီး နောက်တစ်နေ့၌ ခြောက်သွေ့သေသွားသည့် ပုံဥပမာကို တွေ့ရပါသည်။ ၎င်းသည် ဝိညာဉ်ရေးရာအကြောင်းအရာဟု မထင်ရပေ။ အကယ်၍ ထိုအကြောင်းအရာသည် ဝိညာဉ်ရေးရာသင်ခန်းစာအတွက် အခြေခံအကြောင်းရင်းကို ဖြည့်ဆည်းမည်ဆိုပါက ၎င်းသည် ကျွန်ုပ်တို့ကလေးများအတွက် ကျွန်ုပ်စဉ်းစားခဲ့သည့်စားပွဲဖြစ်ပါ လိမ့်မည်။
- ဒုတိယအနေဖြင့် တောင်တစ်လုံးကိုရွှေ့စေ၍ ပင်လယ်ထဲသို့ကျစေသည့် ယေရှု၏အထူးပုံဥပမာကို တွေ့ရပါသည်။ ဤပုံဥပမာထဲတွင် ဝိညာဉ်ပိုင်းဆိုင်ရာ သိသာထင်ရှားသည့်အရာလုံးဝမရှိဟု ကျွန်ုပ်မြင်မိပါသည်။ ထိုအဖြစ်အပျက်၏အသားပေးမှုကား အကြောင်းအရာသည် ယုံကြည်ခြင်းလောက် အရေးမကြီးဟုဆိုခြင်းဖြစ်ပါသည်။
- နောက်ဆုံးအနေဖြင့်'အရာအားလုံး 'ဟူသောယေရှု၏စကားတော်ကိုကျွန်ုပ်တို့တွေ့ရပါသည်။ အမှန်စင်စစ် ကိုယ်တော်က အသားပေးလိုသည့်အရာကား သူ့အနေဖြင့် တချို့သောဝိညာဉ် ရေးရာအကြောင်းမျှသာ ပြောဆိုခြင်းမဟုတ်သလို၊ ၎င်းကို ချန်ထားခြင်း

လည်းမဟုတ်ပေ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ဝိညာဉ်ရေးရာနှင့်ဆိုင်သောအရာများကို ပြုလုပ်ပေးသည်။

ကျွန်ုပ်အိမ်၌ ထမင်းစားဆောင်စားပွဲကြီးကြီးမရှိခြင်းသည် ကျွန်ုပ်အမှန်တကယ်မယုံကြည်နိုင်ဘူး ဟူသောအနေအထားသို့ ကျွန်ုပ်ကိုတွန်းပို့လိုက်သည်။ ကျွန်ုပ်သံသယရှိသည်။ ယေရှုသည် ဤအမှုအရာများပေါ်တွင် ပိုမိုရှင်းလင်းစွာ မပြောဆိုနိုင်ခဲ့ပေ။ ကိုယ်တော်သည် ထက်မြက်သောနည်းပညာရှင်ကဲ့သို့ပင် ပြဿနာရှိသည့်နေရာကို အတိအကျဖော်ထုတ်ပေးသည်။ ထိုသို့ဖြင့် ကျွန်ုပ်သည် ဆုတောင်းခြင်း အဖြေများကိုတွေ့ရှိရသည်။ ကျွန်ုပ်၏ယုံကြည်ခြင်းရှိခြင်း မရှိခြင်းသည် တုန်လှုပ်စရာမဟုတ်ပေ။ ကျွန်ုပ်ကိုစိတ်ပျက်စေသောအရာကား မကြာသေးခင်ကကျွန်ုပ်ရှာဖွေတွေ့ရှိသောအရာကို မေ့ပျောက်ဖို့ရန် ကျွန်ုပ်၏အသင့်ဖြစ်ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်သည် ဆုတောင်းခြင်း၌ ထုံထိုင်းအားနည်းလျက် နောက်ပြန်လှည့်ဟန်ရှိသည်။

ဤကျမ်းချက်သည် ကျွန်ုပ်ကိုနောက်ထပ်တစ်ဖန် နိုးကြားစေ၍ဆုတောင်းခြင်း၊ ယုံကြည်ခြင်းနှင့်အကျိုးရလဒ်များနှင့် စပ်လျဉ်းသည့်ကျွန်ုပ်၏အတွေ့အကြုံများအပေါ် ပြန်လည်စမ်းစစ်ခြင်းကို လှုံ့ဆော်ပေးသည်။ ဧဝံဂေလိဆိုင်ရာဓမ္မစည်းဝေးပွဲကျင်းပစဉ် အဖြစ်အပျက်တစ်ခုကိုကျွန်တော်သတိရမိသည်။ ကျွန်ုပ်တို့သည် ထိုစည်းဝေးပွဲ၌ ကြီးမားသည့်ပြောင်းလဲမှုကို မျှော်လင့်စောင့်ဆိုင်းလျက်နေကြသည်။ ညီအစ်ကိုတစ်ဦးသည် လူဦးရေးများစွာအတွက် ပြင်ဆင်ရင်း ကြိုးပမ်းအားထုတ်လျက်နေသည်။ ကျွန်တော်လည်း ထိုအတိုင်း သူနှင့်အတူ မျှဝေခံစားရပါသည်။ အကယ်၍ သခင်ဘုရား၏ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်ဆင်းသက်၍ ယုံကြည်စိတ်ချစေရန် ကျွန်ုပ်အား ယုံကြည်ခြင်းကိုပေးမည်ဆိုပါကဓမ္မစည်းဝေးခြင်းသို့ တက်ရောက်လာသူဦးရေသည် နည်းပါးသော်လည်း သခင်ဘုရားထံသို့စိတ်နှလုံးပြောင်းလဲမှု ကြီးကြီးမားမားဖြစ်ပေါ်သည်ကို ကျွန်ုပ်တို့မြင်တွေ့ရမှာဖြစ်ပါသည်။ ထိုဆုတောင်းခြင်း၏အကျိုး

ဆက်များကို ကျွန်ုပ်တို့ညီအစ်ကိုနှစ်ဦး တွေ့မြင်ရမည်ဟူ၍ ကျွန်တော် ယုံကြည်ရပါသည်။

အာဗြဟံ၊ လေဝိယနှင့်အခြားပုဂ္ဂိုလ်များအကြောင်းကို လေ့လာခြင်းသည် ယုံကြည်ခြင်း၏သဘောသဘာဝကို ရှင်းလင်းစေပါသည်။ တစ်စုံတစ်ယောက်က "ယုံကြည်ခြင်းသည် အဘယ်ကလာသနည်း"ဟူသော မေးခွန်း၏အဖြေကို ရိုးရှင်းစွာ ရှာဖွေနိုင်ပါသည်။ ဤအရာသုံးခုတို့သည် အစအဦးများဖြစ်ကြသည်။ ၎င်းတို့သည် အပြန်အလှန်ဆက်နွယ်မှုရှိကြသည်ဟု ကျွန်တော်နားလည်ရပါသည်။

ယုံကြည်ခြင်းသည် ဘုရားသခင်နှင့်အတူ ရှိနေခြင်းအားဖြင့် ဖြစ်ပေါ်လာသည်။

ယုံကြည်ခြင်းသည် ဘုရားသခင်ထံက အထူးဘိသိတ်ဖြစ်ပါသည်။

ယုံကြည်ခြင်းသည် လေ့ကျင့်ခြင်းအားဖြင့် ဖြစ်ပေါ်လာသည်။

ယုံကြည်ခြင်းသည် ယုံကြည်စိတ်ချမှုနှင့်ယုံကြည်ခြင်း တဆင့်ပြီး တဆင့် ကြီးထွားခြင်းပင်ဖြစ်သည်။

ယခုတွင် ကျွန်ုပ်သည် ယုံကြည်ခြင်း တိုးပွားဖို့ရန် စတင်ငိုကြွေးပါပြီ။ ကျွန်ုပ်၏ယုံကြည်ခြင်းအပေါ် အားနည်းခြင်းအတွက် ကျွန်ုပ်ဝန်ချတောင်းပန်သည်။ ကျွန်ုပ်တို့၏ဘုရားသခင် ဘုန်းတော်ထင်ရှားဖို့ရန် ကျွန်ုပ်၏ထမင်းစားဆောင်စားပွဲ အတွက် ကျွန်ုပ်၏ဆုတောင်းချက်များကို ကျွန်တော်သိပ်စိတ်မဝင်စားတော့ပေ။ ကြမ်းပြင်ပေါ်တွင် ကျွန်ုပ်စားသောက်နိုင်ပါပြီ။ သို့သော် မိမိ၏ဆုတောင်းချက်များကို ယုံကြည်ခြင်းကင်းမဲ့သကဲ့သို့မဖြစ်စေလိုပေ။

# ဘုရားသခင်၏အလိုတော်အပေါ် အာရုံစိုက်လျက် တည်နေခြင်း

## မ၁၅:၂၁-၂၈

သင်သည် တစ်စုံတစ်ယောက်ကို ကူညီမစရန် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း သင်၏ကူညီမစမှုအပေါ် ကျေးဇူးမတင်ဘဲနေသည်ကို သင်ကြုံဖူးပါသလား။ တပည့်တော်တို့သည် ထိုအဖြစ်မျိုးကို ကြုံဖူးသည်ဟုထင်ရသည်။ သူတို့သည် ယေရှုကိုကူညီမစရန် ကြိုးပမ်းအားထုတ်နေသော်လည်း ကိုယ်တော်က ပူးပေါင်းဆောင်ရွက်ခြင်းမရှိခဲ့ပေ။ ယေရှုသည် ထိုအရပ်မှထွက်သွားလိုသည်။ တိုင်ရာဟုခေါ်သည့် အဝေးဆုံးအရပ် အခြားတိုင်းပြည်သို့ ထွက်ခွာပါသည်။ ကိုယ်တော်သည် မိမိရှိရာအရပ်ကို တစ်စုံတစ်ယောက်အား မပြောပြရန် အယောက်စီတိုင်းကိုမိန့်မှာခဲ့သူဖြစ်သည်။ ကိုယ်တော်သည် အေးဆေးနေလိုသောသူဖြစ်သည်။ ကိုယ်တော်သည် အပန်းဖြေအနားယူလိုသည် သို့မဟုတ် အေးချမ်းစွာနေလိုသည်။ ဝိညာဉ်ပိုင်းရေးရာ အတွက် ခမည်းတော်ဘုရားနှင့် နီးကပ်စွာအချိန်ယူလိုသည်။ ကိုယ်တော်သည် တပည့်တော်များနှင့်သာနေလိုသည်။ မည်သို့ပင်ဖြစ်စေ အမှန်တကယ်ဘဝအသက်တာ၌ အေးချမ်းစွာနေလိုသော ယေရှု၏အကြံအစည်သည် ရိုင်းရိုင်းပျပျနှောင့်ယှက်ခြင်းခံရသည်ဟု ထင်စရာဖြစ်သည်။

ဤနံနက်၌ အကျွန်ုပ်၏ရုံး ဝိုင်းရံခံရသည်ကို ကျွန်တော်သတိမိပါသည်။ အကျွန်ုပ်၏ရုံးသည် အိမ်၌ရှိပါ၏။ သို့ဖြစ်၍ အကျွန်ုပ်၏ရုံးသည် သာမန်ရုံးအဆောက် အအုံထက် ပို၍ကျူးကျော်ဝင်ရောက်ရန် လွယ်ကူပါသည်။ စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့် ကင်းဝေး၍ရသောနေရာ မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် သူတို့အား တံခါးပိတ်ပေး၍ ကျွန်ုပ်

အား အာရုံမပျက်ပြားစေရန် ရင်းနှီးရင်းနှီးတောင်းဆိုခဲ့သည်။ ထိုအခါ လူတစ်ယောက်ရောက်လာပြီး မေးခွန်းထုတ်လာပါသည်။ ထိုသို့ အကြိမ်ပေါင်းများစွာဖြစ်ပျက်ခဲ့သည်။ ထိုနေရာ၌ ကလေးတို့၏သီချင်းကိုလည်း အသံချဲ့စက်ဖြင့် ကျယ်ကျယ်ဖွင့်ကြ၏။ ကျွန်ုပ်သည် ထိုသူတို့အား ထိုအသံကိုလျှော့ပြီး တံခါးပိတ်ကြရန် ယဉ်ယဉ်ကျေးကျေးတောင်းဆိုခဲ့သည်။ အကြောင်းမှာ ကျွန်ုပ်သည် စာလေ့လာနေသောကြောင့်ဖြစ်ပါသည်။ နှစ်နှစ်သားကလေးပင်လျှင် သူတို့နှင့်ပေါင်းပါသည်။ ထိုကလေးသည် တံခါးတွန်းမဖွင့်ရဟူသည်ကို မသိရှိပေ။ ဆယ့်ငါးမိနစ်အတွင်း ထိုသို့ဖြစ်ပျက်ပြီးနောက် ကျွန်ုပ်၏စာကြည့်ကုလားထိုင်ကိုတံခါးနှင့် သပ်ရိုက်လိုက်သည်။ ကျွန်ုပ်သည် တချို့သောလွတ်လပ်မှုအတွက် ထင်ရာစိုင်းလာပါသည်။ နောက်လူတစ်ယောက်ဝင်လာပြီး တံခါးကိုပြင်းပြင်းတွန်းသဖြင့် ထိုကုလားထိုင်သည် မိမိနေရာမှ အနည်းငယ်လျှောသွားရသည်။ ထိုနေရာ၌ ကုလားထိုင်ရှိသည်ကို သိရှိပြီးနောက် နောက်ကိုအလျင်အမြန်ပြန်လှည့်ပါသည်။

ယေရှုသည် ခါနန်ပြည်၌ ဆိတ်ငြိမ်ရာအရပ်ကို ရှာဖွေလျက်နေသည်။ ကိုယ်တော်၏အနားငြိမ်းခြင်း လုပ်ငန်းသည် အစ္စရေးပြည်တခွင်သူသွားရာအရပ်ရပ်တို့၌ ကြီးမားသည့်အုတ်အော်သောင်းတင်း ဖြစ်စေခဲ့သည်။ ဘာသာရေးခေါင်းဆောင်တို့သည် စတင်ရန်မူလာ၍ ဘုရားသခင်အား အဘယ်မျှလောက်ချစ်ကြသည်ကို ခုခံပြသလာကြ ပါတော့သည်။ သို့သော် ယေရှုသည် ထိုအမှုအရာကို အမှုမထားဘဲ မိမိခမည်းတော်ဘုရားသခင်၏အလိုတော်ကို အစဉ်အမြဲလုပ်ဆောင်ခဲ့သည်။ သူ၏တပည့်တော်များကမူ ဘုရားသခင်၏အလိုတော်ကို သင်ယူရာတွင် နှောင့်နှေးတတ်ကြပါသည်။

*ထို့နောက် ယေရှုသည် ထိုအရပ်မှထွက်ခွာ၍ တိုင်ရာမြို့နှင့်ဆီဒုန်မြို့တို့၏နယ်မြေဒေသများသို့ ကြွတော်မူ၏။ ထိုအခါ ထိုအရပ်ဒေသမှ ခါနာန်အမျိုးသမီး တစ်ဦးသည် ထွက်လာ၍ "သခင်ဘုရား၊ ဒါဝိဒ်၏သား*

*တော်၊ ကျွန်မကိုသနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးပူး၍ ပြင်းထန်စွာခံစားနေရပါ၏"ဟု အော်ဟစ်လျှောက်လေ၏။ သို့သော် သူ့ကို တစ်ခွန်းမျှဖြေကြားတော်မမူ။ ထိုအခါ တပည့်တော်တို့သည် အထံတော်သို့ချဉ်းကပ်၍ "ဤအမျိုးသမီးသည် ကျွန်ုပ်တို့နောက်မှလိုက်လာပြီး အော်ဟစ်နေပါသဖြင့် သူ့ကိုပြန်သွားစေတော်မူပါ"ဟု လျှောက်ကြ၏။ ကိုယ်တော်က လည်း "ငါသည် အစ္စရေးအမျိုး၏ပျောက်သောသိုးများထံသို့သာ စေလွှတ်ခြင်းခံရ၏"ဟု ပြန်၍မိန့်တော်မူ၏။ သို့သော် ထိုအမျိုးသမီးသည်လာ၍ ကိုယ်တော်ကိုရှိခိုးလျက် "သခင်ဘုရား၊ ကျွန်မကိုကူညီမစတော်မူပါ"ဟု လျှောက်လေ၏။ ကိုယ်တော်ကလည်း "သားသမီးတို့၏အစာကိုယူ၍ ခွေးကလေးတို့အား ချပေးခြင်းသည် မကောင်း မသင့်ပါ "ဟု ပြန်၍မိန့်တော်မူ၏။ ထိုအမျိုးသမီးကမူ "မှန်ပ၏၊ သခင်ဘုရား။ သို့ရာတွင် ခွေးကလေးများပင်လျှင်သူတို့သခင်၏စားပွဲမှကျသော စားနုပ်စားပေါက်များကို စားရကြ၏"ဟု လျှောက်လေ၏။ ထိုအခါ ယေရှုက "အိုအမျိုးသမီး၊ သင်၏ယုံကြည်ခြင်းသည် ကြီးမားလှပေ၏။ သင်အလိုရှိသည့်အတိုင်း သင်၌ဖြစ်စေ"ဟု မိန့်တော်မူရာ သူ၏သမီးသည် ထိုအချိန်နာရီမှစ၍ ကျန်းမာလာလေ၏(မ၁၅:၂၁-၂၈)။*

ဤအမျိုးသမီး၏ယုံကြည်ခြင်းကို ကျွန်ုပ်တို့အရင်ဆုံး ဖြည့်စွက်ပေးသင့်သည်။ သူမ၏လမ်းခရီး၌ အဘယ်မျှလောက်ပင် အဟန့်အတားရှိနေပါစေ အလျှော့မပေးဘဲနေ၏။ တပည့်တော်တို့သည် သူမအဖို့ အထောက်အမမဖြစ်ကြပေ။ "သူ့ကိုပြန်သွား စေတော်မူပါ"ဟု ပြောကြသည်။ ယေရှုသည်လည်း သူတို့နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း မရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဤနေရာ၌ တပည့်တော်များနှင့်ယေရှုအကြား ကြီးမားသည့်သဘောထားကွဲလွဲမှုရှိနေသည်ကိုလည်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ တပည့်တော်တို့သည် မိမိတို့၏သေးနုပ်သည့်ပန်းတိုင်ကိုသာ စွဲကိုင်လျက် ၎င်းကို မိမိတို့၏အဓိကပန်းတိုင်အဖြစ်ပြုကြ၏။ သူတို့သည် ပို၍ကြီးမားသောဘုရားသခင်၏ အလိုတော်၌ မျက်စိကန်းနေသူများဖြစ်

ကြသည်။ ဘုရားသခင်သည် သူတို့နှင့်အတူပါရှိလျက် တစ်စုံတစ်ယောက်၏အထူးလိုအပ်ချက်ကို အမှန်တကယ်ဖြည့်ဆည်းပေးသော်လည်း ၎င်းကို သူတို့မမြင်တွေ့နိုင်ကြပေ။

တစ်ဖက်မှာ ယေရှုသည် ၎င်းကို ကိုင်တွယ်လျက်နေ၏။ မိမိ၏ပန်းတိုင်သည် တစ်ယောက်တည်းနေဖို့ဖြစ်သည်ကို သူသိရှိထားသည်။ ကိုယ်တော်သည် မိမိတပည့် တော်များနှင့်အတူ သီးသန့်အချိန်ယူဖို့ရှိ၏။ ကိုယ်တော်သည် အဆင်မပြေဖြစ်သော်လည်း အစဉ်အမြဲမိမိခမည်းတော်ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ဖို့ရန် အလိုတော်ရှိ၏။ ဤအမှုသည် ယေရှုအဖို့ လွယ်ကူသည် သို့မဟုတ် ခက်ရင်းသည်ဟူ၍ ကျွန်တော်ပြောလိုခြင်းမဟုတ်ပေ။ ကိုယ်တော်သည် ဤအမျိုးသမီး၏သမီးလေး ခံစားနေသောဝေဒနာကို အလွယ်တကူကျန်းမာစေနိုင်သည်။ သို့သော် တစ်စုံတစ်ယောက်သည် လွတ်မြောက်ခြင်းသို့ရောက်ရှိ၍ သက်သောင့်သက်သာဖြစ်သောအခါ ကောင်းသောအရာများပင်လျှင် သာမန်ထက်ပိုမိုခက်ခဲလာတတ်သည်။ ကျွန်တော်ထင်သည်၊ ဤအမှု၌ ထိုအမျိုးသမီးသည် မိမိ၏သာမန်မျက်စိအမြင်ဖြင့် ကျဉ်းမြောင်းစွာကြည့်နေဟန်ရှိသည်။ သို့ဖြစ်၍ သူမ၏အမြင်ကို ချိန်ညှိဖို့ရန် မိနစ်အနည်းငယ် စောင့်ဆိုင်းဖို့လိုအပ်ပါသည်။ ဤအမှုသည် ခမည်းတော်ဘုရားသခင်ထံက အမှန်တကယ်လိုအပ်ချက်လော သို့မဟုတ် နတ်ဆိုးထံက ပြိုကွဲပျက်စီးခြင်း လောဟူသည်ကို ယေရှုသည် အဘယ်ကဲ့သို့စမ်းသပ်တော်မူသနည်း။ ယေရှုသည် ထိုအမျိုးသမီး၏အဆက်မပြတ် တောင်းဆိုမှု၌ လေးကြိမ်တုံ့ပြန်တော်မူ၏။

- ပထမအနေဖြင့် ယေရှုသည် လုံးဝတိတ်ဆိတ်သည်။ ဘာကိုမျှပြန်မပြောခဲ့ပေ။ ပထမစမ်းသပ်ခြင်းသည် အမှန်တကယ်လိုအပ်မှုကို သေချာစိစစ်သည်။ သင့်အား ရှာဖွေနေသောသူကို တိတ်စေနိုင်လျှင် ထိုသူ၌ အထူးလိုအပ်ချက် မရှိသောကြောင့်တည်း။

- ဒုတိယအနေဖြင့် ယေရှုသည် မိမိလုပ်ငန်းကိုဖော်ပြသည်။ "ငါသည် အစ္စရေးအမျိုး၏ပျောက်သောသိုးများထံသို့သာ စေလွှတ်ခြင်းခံရ၏"ဟုပြန်၍ မိန့်တော်မူ၏။ ယေရှုသည် ထိုအမျိုးသမီး၏တောင်းဆိုချက်ကို သူ့အား ခမည်းတော်ဘုရားသခင်စေလွှတ်ရသည့်အကြောင်းရင်းအောက်တွင် ပိုင်းခြားစိတ်ဖြာသည်။ ဤအရာကို ထောက်ရှုခြင်းအားဖြင့် ယေရှုသည် မိမိလူမျိုးဖြစ်သည့်ဂျူးလူမျိုးတို့ထံသို့စေလွှတ်ခြင်းခံရကြောင်း ရှင်းလင်းစွာတွေ့ရပါသည်။ ယေရှုသည် ဿသနာပြုလိုစိတ် အပြည့်အဝရှိသူတစ်ဦးဖြစ်ပါသည်။ ထိုအမျိုးသမီးသည် ယေရှု၌ရှိသည့်ထိုစိတ်သဘောထားကို မြင်တွေ့ရသော်လည်း ၎င်းက သူမကိုမရပ်တန့်စေနိုင်ခဲ့ပေ။
- တတိယအနေဖြင့် ယေရှုသည် သူမ၏ယုံကြည်ခြင်းကို စမ်းသပ်သည်။ ကိုယ်တော်က သူမသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းဝေစုကိုမရရှိ သောသူဖြစ်ကြောင်း ဝေငှခဲ့သည်။ "မှန်ပါ၏သခင်ဘုရား။ သို့ရာတွင် ခွေးကလေးများပင်လျှင် သူတို့သခင်၏စားပွဲမှကျသော စားနုပ်စားပေါက်များကို စားရကြ၏"ဟူသောစကားသည် သူမ၏အရှုံးအမှုံးဖြစ်ခြင်း၊ သူမ၏နှိမ့်ချစွာ တုံ့ပြန်တတ်သောလိုအင်ဆန္ဒ၊ သူမ၏ယုံကြည်ခြင်း၊ ထိုအရာအားလုံးတို့သည် အံ့အားသင့်ဖွယ်ကောင်းသောအဖြေကို ရရှိစေခဲ့ကြောင်း ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ အကယ်၍ ဤအမျိုးသမီး၏တောင်းဆိုမှုသည် ခမည်းတော်ရားသခင်ထံကဖြစ်လျှင် ကိုယ်တော်သည် ယုံကြည်ခြင်းနှင့်အတူ တစ်စုံတစ်ယောက်ကိုစေလွှတ်ပါလိမ့်မည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏ ဆုလက်ဆောင်ဖြစ်ပါသည်။
- နောက်ဆုံးအနေဖြင့် ထိုအမျိုးသမီး၏ယုံကြည်ခြင်းအပေါ် ယေရှု၏အသိအမှတ်ပြုခြင်းနှင့် သူမ၏သမီးသည် နတ်ဆိုး၏ညှဉ်းဆဲခြင်းထဲကနေ ကျန်းမာပကတိဖြစ်လိမ့်မည်ဟူသော ကြေငြာခြင်းကို ဤသို့တွေ့ရပါသည်။ ထိုအခါ ယေရှုက "အို အမျိုးသမီး၊ သင်၏

ယုံကြည်ခြင်းသည် ကြီးမားလှပေ၏။ သင်အလိုရှိသည့်အတိုင်း သင်၌ဖြစ်စေ"ဟု မိန့်တော်မူရာ သူ၏သမီးသည် ထိုအချိန်နာရီမှစ၍ကျန်းမာလာလေ၏။ ယေရှုသည် အနားယူလိုသော်လည်း ခမည်းတော်ဘုရားသခင်က သူ့အား စေလွှတ်သည့်အတိုင်း လူတို့၏လိုအပ်ချက်ကို ကြည့်ရှုစောင့်ရှောက်ခြင်း၌ မွေ့လျော်သူဖြစ်ပါသည်။

ကျွန်ုပ်သည် မကြာသေးမီက ဘုရားသခင်၏အလိုတော်သိမြင်လာခြင်းအပေါ် သက်သေခံချက်တစ်ခုကိုကြားရပါသည်။ Bruce ဟူသောပုဂ္ဂိုလ်သည် မိမိ၌အစီအစဉ်အပြည့်ရှိသောသူဖြစ်သည်။ သူသည် ဓမ္မစည်းဝေးခြင်း၌ တောင်အာဖရိကမှ လာသောကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ထိုသူတို့က AIDS နှင့်ပတ်သက်သော ပစ္စည်းတချို့ကို မြှင့်တင်ပေးရန် တောင်းဆိုကြသည်။ Bruce ကလည်း အလျင်အမြန်နှင့် ရိုးရှင်းစွာမရဘူးဟု ဖြေလိုက်သည်။ သူသည် အလုပ်များ၍ အလုမ်းဝေးသောသူဖြစ်ကြောင်း သိရှိ၏။ ထို့ပြင် သူ့အား ဘုရားသခင်အပ်နှင်းသောအလုပ်တွင် ဤလုပ်ငန်းသည် မသင့်တော်ဟုယူဆသည်။ ဤလူတို့သည် ပြန်သွား၍ အခြားသူများအား ဆုတောင်းဖို့ရန် ပြောကြမည်ကို သူသိရှိထားသည်။ ထို့ကြောင့် မရဘူးဟုပြန်ပြောလိုက်သည်။

သူတို့သည် နောက်တစ်နှစ်တွင် ပြန်ဆုံကြသည်။ သူတို့က အရင်တောင်းဆိုခဲ့ဖူး သောအရာကို လုပ်ပေးမည်မလုပ်ပေးမည်ကို ထပ်၍မေးကြ၏။ ထိုသူတို့က ဤသို့ပြောလျက် သူသည် ထိုအလုပ်ကိုလုပ်နိုင်သောသူဖြစ်ကြောင်း သူတို့သိရှိသည်ဟု ဆိုကြ၏။ သို့သော် Bruce သည် အနည်းငယ်ရပ်တန့်လျက် ဤအလုပ်ကိုလုပ်ဆောင်ရန် မိမိအား ဘုရားသခင်ခေါ်ခြင်းမဟုတ်ကြောင်း အတည်ပြုပြောဆိုလေ၏။ ထိုအလုပ်သည် မိမိအား ဘုရားသခင်အပ်နှင်းသောလုပ်ငန်းမဟုတ်ပေ။ သူတို့ကထပ်ပြောသည်ကား သူတို့ဆက်လက်ဆုတောင်းအုန်းမည်ဟုဆိုကြသည်။ Bruce ကလည်း သူတို့လုပ်လိမ့်မည်ဟု သိရှိထားသည်။ မည်သို့

ဖြစ်စေကမူ ထိုအလုပ်သည် သူ့အဖို့ ဘုရားသခင်၏ရည်ရွယ်ချက် အပြင်ဘက်ဖြစ်သည်ကို ယုံကြည်စိတ်ချလျက်နေ၏။

နောက်တစ်နှစ်တွင် သူတို့ထပ်မံဆုံကြပြန်သည်။ သူတို့သည် ထိုအလုပ်ကို ထပ်၍တောင်းဆိုကြသည်။ သူသည်လည်း ထိုလူတို့ကို "မရဘူး"ဟု ပြန်ပြောရန် အသင့်ရှိ၏။ သို့သော် ထိုအချိန်သည် ထူးခြားလာပါသည်။ စီမံကိန်းနှင့်လိုအပ်ချက်ကို သူတို့တစ်ကြိမ်ပြောဆိုရာတွင် တစ်စုံတစ်ရာဖြစ်ပျက်ခဲ့သည်။ Bruce သည် စတင်ငိုချလာပါတော့သည်။ သူ၏စိတ်နှလုံး၌ ဤလူတို့အတွက် မမျှော်လင်ဘဲကြီးမား၍ နက်ရှိုင်းသောသနားကရုဏာနှင့် ပြည့်နှက်လာသည်။ သူတို့တောင်းဆိုသောပစ္စည်းများသည် မိမိလုပ်ဆောင်နေသောလုပ်ငန်းနှင့် မဆက်စပ်သော်လည်း ထိုပစ္စည်းတို့ကို မြှင့်တင်ပေးရန် မိမိအား ဘုရားသခင်ခေါ်ကြောင်းကို သိရှိလာသည်။ ဘုရားသခင်သည် Bruce လုပ်ဆောင်သော အလုပ်ကို ဝန်ထုပ်ဝန်ပိုးဟုမမှတ်စေဘဲ သူတို့အား မြှင့်တင်ပေးရန် သူ့ကိုကြီးမားစွာကူညီမစလေသည်။

ကျွန်ုပ်တို့သည် အာရုံစူးစိုက်ဖို့ လိုအပ်လှပါသည်။ သို့ရာတွင် အာရုံစူးစိုက်ခြင်း၊ လုပ်ဆောင်သူစေလွှတ်ခြင်း၊ သာသနာလုပ်ငန်း၊ တာဝန်နှင့်ကျွန်ုပ်တို့လုပ်ကိုင်လျက်ရှိသည့် လက်ရှိတာဝန်ဝတ္တရားများကို တစ်ခုမကျန်စမ်းသပ်ရပါလိမ့်မည်။ ယေရှု၏တပည့်တော်များနည်းတူ အဆက်မပြတ်တောင်းဆိုနေသောသူကို ကျွန်ုပ်တို့အမြင်ကတ် နိုင်ပါသည်။ ကျွန်ုပ်တို့၏အကြံအစည်သည် ခွင်းချက်အတွက် အစဉ်အမြဲအသင့်ဖြစ်နေရမည်။ ကျွန်ုပ်တို့သည် အားလပ်ရက်၌ဖြစ်စေ၊ ဝိညာဉ်ရေးရာစုစည်းချိန်၌ဖြစ်စေ သို့မဟုတ် ထိုင်လျက်အနားယူစဉ်၌ဖြစ်စေ ဖြစ်နိုင်ချေရှိသည့်အနှောင့်အယှက်များအတွက် သတိရှိကြဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏သာသနာလုပ်ငန်းအပေါ် အာရုံစူးစိုက်ခြင်းကို အလွယ်တကူအရှုံးမပေးသင့်ပေ။ ကျွန်ုပ်တို့သည် စမ်းသပ်ခြင်းကိုခံရတတ်၏။ ဘုရားသခင်၏အလိုတော်သည် မည်သည့်အရာဖြစ်သည်ကို

သိရှိရန် လိုအပ်သောစမ်းသပ်မှုများမပါဘဲ ကျွန်ုပ်တို့အဖို့ ဖြတ်လမ်းနည်းကို အလိုရှိသည့်အခြားသူများအားဖြင့် မိမိတို့၏အာရုံစူးစိုက်မှုကို မဆုံးရှုံးရ။ ကျွန်ုပ်တို့သည် မသိသာသောစမ်းသပ်ခြင်း သို့မဟုတ် စမ်းသပ်ခြင်းမရှိသည့်အရာကို အသုံးပြုနိုင် ပါသည်။ သို့သော် ရှုးရှုးမှုးမှုးစွဲကိုင်ထားသောယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ထဲ၌ သိသိသာသာပေါ်လွင်၍ ခိုင်ခံ့လာသောအခါ မိမိတို့၏ခမည်းတော်ဘုရားသခင်သည် လူတို့ကိုစေလွှတ်ကာ အထူးလိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် လျှံလျက်ရှိသောကျေးဇူးတော်ကို ကျွန်ုပ်တို့အား ပေးသနားမည်ဖြစ်သည်။

ကျွန်ုပ်တို့၏အစီအစဉ်များအပေါ် တောင်းဆိုမှုများနှင့်အတူ ဆက်ဆံခြင်း

ကျွန်ုပ်တို့အသက်တာအတွက် ဘုရားသခင်၏ရယ်ရွယ်ချက်များအပေါ် မိမိတို့၏နားလည်သဘောပေါက်ခြင်းကို ဇယားအားဖြင့် တွေ့မြင်နိုင်ပါသည်။ ကျွန်ုပ်တို့၏လက်ရှိတာဝန်များသည် ဘုရားသခင်၏ရည်ရွယ်ချက်နှင့်ကျွန်ုပ်တို့အဖို့ ဘုရားသခင်ပုံဖော်ထားသည့်အရာများ၌ရှိနေသင့်သည်။ ကျွန်ုပ်တို့၏သာသနာ/ ရူပါရုံသည် မိမိတို့အသက်တာအတွက် ဘုရားသခင်၏ရည်ရွယ်ချက် နားလည်သဘောပေါက်ခြင်းကြီးရင့်လာခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာအတွက် ဘုရားသခင်၏ရည်ရွယ်ချက်တစ်ခုလုံးတွင် အခြားအင်္ဂါရပ်များလည်း ပါဝင်ပါသည်။ တနည်းအားဖြင့် မတူညီသောအခြေအနေများနှင့်အဖြစ်အပျက်များလည်း ပါဝင်သည်။

ကျွန်ုပ်တို့၏နေ့စဉ်လုပ်ငန်းဆောင်တာများ၌ စိန်ခေါ်မှုအမျိုးမျိုးတို့တွင် ဝိညာဉ်သဘောအတိုင်း တုံ့ပြန်ခြင်းသည် ယေရှုတုံ့ပြန်သည့်အတိုင်း တုံ့ပြန်ပါလိမ့်မည်။ တိုင်ရာမြို့သို့ယေရှုခရီးပြုခြင်း ပုံဥပမာနှင့် ရှမာရိအမျိုးသမီးထံသို့ သူ၏အမှုတော်လုပ်ဆောင်ခြင်း ပုံဥပမာဟူ၍ ပုံပမာနှစ်မျိုးပါဝင်ပါသည်။ ဘုရားသခင်သည် သာမန်အားဖြင့် ကျွန်ုပ်တို့နားလည်ထားသည့် 'သာသနာ'လုပ်ငန်း၏အပြင်ဘက် လှုပ်ရှားမှုတချို့

တွင်လည်း မိမိတို့ကိုပါဝင်စေပါလိမ့်မည်။ ခါနန်အမျိုးသမီးအပေါ် ယေရှု၏တုံ့ပြန်ခြင်းသည် သူ၏ပြောင်းလွယ်ပြင်လွယ်ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့်ထိုအမျိုးသမီး၏တောင်းဆိုမှုအား စမ်းသပ်နိုင်သည့်စွမ်းရည်ရှိခြင်းတို့ကို ထင်ဟပ်စေပါသည်။ ဤနှလုံးသား၏တုံ့ပြန်မှုသည် မိမိတို့၏ အစီအစဉ်များ၊ အကြံအစည်များနှင့် ဉာဏ်ပညာများကို ဖော်ပြခြင်း မဟုတ်ဘဲ ဘုရားသခင်၏အလိုတော်ကိုဖော်ပြခြင်းဖြစ်ပါသည်။

# သင်၏စစ်မှန်သောဘဏ္ဍာကို ရှာဖွေခြင်း
## မာကု ၁၀:၂၁-၂၇

သခင်ယေရှု၏တပည့်တော်တို့သည် ထိုနေ့တွင် အရေးကြီးသော စူးစမ်းရှာဖွေခြင်းကို ပြုခဲ့ကြသည်။ အောက်တွင်ဖော်ပြမည့်အဖြစ်အပျက်ပြောတာက သူတို့သည် ပထမဆုံး 'အံ့သြ'ကြပြီး နောက်ပိုင်းတွင် 'ပို၍ပင် အံ့အားသင့်'ကြသည်။ ကျွန်တော်တို့၏ယေရှုနှင့်လျှောက်လှမ်းခြင်းသည် အသက်တာ၌ မကြာခဏ ခြားနားသောစူးစမ်းရှာဖွေခြင်းကို ဖြစ်စေပါသည်။ ဤသည်ကို သူတို့၏အသက်တာကို ထိရောက်စွာအကျိုးသက်ရောက်စေ၏လို့ပြောနိုင်၏။

သူတို့စူးစမ်းရှာဖွာခဲ့သည့် ဤအံ့သြစရာကောင်းသောသွန်သင်ချက်သည် မည်သည့်အရာဖြစ်သနည်း။ ဤသွန်သင်ချက်သည် သူတို့၏အသက်တာကို လွှမ်းမိုးသွားလောက်အောင် မည်သည့်အရာက ဖြစ်စေခဲ့သနည်း။ ချမ်းသာသောလူတစ်ယောက်က ထာဝရအသက်ကို မည်သို့ရနိုင်သနည်းဟု မေးခြင်းဖြင့် ဤဖြစ်ရပ်တစ်ခုလုံးကို စတင်ခဲ့သည်။ သူ၏စိတ်သဘောက မည်သည့်အရာဖြစ်သည်ကို ကျွန်တော်တို့မသိပါ။ သို့သော် ဤသို့ယူဆကြည့်မည်။ သူသည် ထာဝရအသက်ကိုရရှိဖို့ လုံလောက်စွာလုပ် ဆောင်ခဲ့လားမလုပ်ဆောင်ခဲ့ဘူးလားဆိုသည်ကို စဉ်းစားနေ၏။ ယုံကြည်ခြင်းအကြောင်းကို မေးမြန်းပြီး အသင်းတော်ထဲသို့ဝင်ရောက်လာသည့် ထိုသို့သောအမူအကျင့်ရှိသည့်လူမျိုးကို ကျွန်တော်တို့အများစုက ကျေးဇူးတင်မိနိုင်သည်။ သခင်ယေရှုသည် သူစာရင်းပြုထားသောပညတ်များကိုနားထောင်သည့် ထိုသူ၏ယုံကြည်ခြင်းကို မမေးမြန်းခဲ့ပေ။

သို့သော်လည်း စူးကနဲဖြစ်သွားသောမေတ္တာက ထိုသူ၏စစ်မှန်သည့်ပြဿနာကို ရင်ဆိုင်ပြောဖို့ ဖြစ်စေသည်။ "သင်၌ တစ်ခုလိုသေးသည်" ထိုသူ၏ဥစ္စာအားလုံးကို လှူလိုက်ဖို့ ယေရှုပြောခဲ့သည်။ လိုအပ်နေသောအရာက သေးငယ်သောအရာမဟုတ်ပေ။ ထိုချမ်းသာသောသူက ဤအရာကို ပြဿနာဟုမမြင်ပါ။ သို့သော်လည်း သခင်ယေရှုက ဘုရားသခင်ထာဝရဘုရားကိုသာ ကိုးကွယ်ရမည်ဆိုသည့်ပထမပညတ်ကို လိုက်နာရန်လိုအပ်သည်ဟုပြောခဲ့သည်။ ထိုသူရဲ့ပြဿနာက ဤပြဿနာဟုသာ ကျွန်တော်တို့အားလုံးထင်ပါသည်။ ဤအရာက သူ၏ပြဿနာအမှန်ပင်ဖြစ်သည်။ သူသည် ဝမ်းနည်းလျက်ထွက်သွားပြီး ထိုအချက်သည်ပင် သူ့စိတ်နှလုံး၏စစ်မှန်သော ဘဏ္ဍာကိုမဖျက်ဆီးချင်ခဲ့ပေ။ ဤအရာက ကျွန်တော်တို့ကို ဒုက္ခပေးသလို အမှန်ပင်တပည့်တော်များ၏စိတ်နှလုံးကို ဒုက္ခပေးပါသည်။ သို့သော် ဤအရာသည်သာလျှင် သူတို့၏အသက်တာ၌ အံ့ဩစရာအကောင်းဆုံးသောစူးစမ်းရှာဖွေမှုတစ်ခုဖြစ်ခဲ့ပေသည်။

*၂၁ ယေရှုသည် ထိုသူကိုစူးစိုက်ကြည့်လျက် သူ့အပေါ်မေတ္တာ*
*ထား၍ "သင်၌တစ်ခုလိုသေး၏။ သင်၌ရှိသမျှသောအရာတို့ကို သွား၍*
*ရောင်းပြီးလျှင် ဆင်းရဲသားတို့အားပေးကမ်းလော့။ ထိုသို့ပြုလျှင် သင်*
*သည်ကောင်းကင်ဘုံ၌ ဥစ္စာဘဏ္ဍာကိုရလိမ့်မည်။ ထို့နောက် လာ၍ ငါ့*
*နောက်သို့လိုက်လော့"ဟု မိန့်တော်မူ၏။ ၂၂ ထိုသူသည် ဥစ္စာပစ္စည်း*
*ကြွယ်ဝသူဖြစ်သောကြောင့် ထိုစကားကိုကြားလျှင် မျက်နှာညှိုးငယ်၍*
*ဝမ်းနည်းလျက်ထွက်သွားလေ၏။ ၂၃ ထိုအခါ ယေရှုသည် ပတ်ပတ်*
*လည်သို့ကြည့်ရှုလျက် "ငွေကြေးချမ်းသာသောသူတို့သည် ဘုရားသခင်*
*၏နိုင်ငံတော်သို့ဝင်ရန် ခဲယဉ်းလှသည်တကား"ဟု တပည့်တော်တို့အား*
*မိန့်တော်မူ၏။ ၂၄ တပည့်တော်တို့သည် ကိုယ်တော်၏စကားကိုအံ့အား*
*သင့်ကြ၏။ သို့သော် ယေရှုက "ချစ်သားတို့၊ ဘုရားသခင်၏နိုင်ငံတော်သို့*
*ဝင်ရန် ခဲယဉ်းလှသည်တကား။ ၂၅ ချမ်းသာသောသူသည် ဘုရားသခင်*

*၏နိုင်ငံတော်သို့ဝင်ရန်ထက် ကုလားအုပ်သည် အပ်နဖားပေါက်မှလျှိုဝင်ရန် ပို၍လွယ်ကူ၏”ဟု ထပ်မံ၍မိန့်တော်မူ၏။ ၂၆ ထိုအခါ တပည့်တော်တို့သည် ပို၍ပင်အံ့အားသင့်လျက် "သို့ဖြစ်လျှင် မည်သူသည် ကယ်တင်ခြင်းခံရနိုင်ပါမည်နည်း”ဟု အချင်းချင်းပြောဆိုကြ၏။ ၂၇ ယေရှုသည် သူတို့ကိုစူးစိုက်ကြည့်လျက် "ဤအရာသည် လူတို့အတွက်မဖြစ်နိုင်သော်လည်း ဘုရားသခင်အတွက်မူကား ထိုသို့မဟုတ်။ အကြောင်းမှာ ဘုရားသခင်အတွက် အရာခပ်သိမ်းသည်ဖြစ်နိုင်၏”ဟု မိန့်တော်မူ၏။ (မာကု ၁၀:၂၁-၂၇)*

သခင်ယေရှုက ဤသူတစ်ယောက်ထက် ချမ်းသာသောသူအားလုံးပါ ဘယ်လိုအကျုံးဝင်ကြောင်းကို အကျယ်ချဲ့တာကို တပည့်တော်များသည် အံ့သြကြ၏။ ချမ်းသာသောသူအားလုံးသည် ထိုသူတစ်ယောက်သာမဟုတ်ဘဲ ကောင်းကင်နိုင်ငံတော်ကို ဝင်ဖို့ခက်ခဲပါသည်။ ချက်ချင်းဆိုသလိုပင် “ချမ်းသာခြင်း”ဆိုသည့် ဘာသာတရားအသစ်ကို သူတို့မြင်ရသလိုဖြစ်သွားပေသည်။ လောကချမ်းသာခြင်းစက်ဝန်းက နေ့စဉ်လိုအပ်ချက်ကို စဉ်းစားစရာမလိုတဲ့ဝိညာဉ်တွေကို ဘယ်လိုပါးနပ်စွာရစ်ပတ်ထားလဲဆိုသည်ကို မြင်နိုင်၏။

ဥစ္စာကြွယ်ဝခြင်းနှင့် ချမ်းသာခြင်းအတွက် ခြားနားသောအဓိပ္ပာယ်များစွာရှိပါသည်။ ယင်းတို့သည် မည်သည့်ဆက်စပ်အကြောင်းအရာ၌ အသက်ရှင်နေသည်အပေါ်တွင် တည်မှီနေပါသည်။ တစ်ယောက်သောသူအတွက် ငွေကြေးမရှိခြင်းက ဆင်းရဲခြင်းဖြစ်သည်။ အခြားတစ်ယောက်အတွက် မနက်ဖြန်အစားအစာအဘယ်ကလာမည်ကို မသိသောသူဖြစ်သည်။ နောက်တစ်နေ့ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်အတွက် စဉ်းစားစရာမလိုအောင် လုံလောက်စွာရှိသောသူများကို သီးသန့်ဖယ်သည့်အဓိပ္ပာယ်ဖွင့်ဆိုချက်ဖွင့်ဆိုဖို့ ကျွန်တော်ဆန္ဒရှိပါသည်။ (အကြွေးဝယ်ကတ်မဟုတ်ပါ) ဤအရာက လောကရှိလူများကို ဥစ္စာကြွယ်ဝခြင်းဖြစ်စေပါသည်။

ကျွန်တော်ကိုယ်တိုင်သည်လည်း အံ့သြမိသည်။ ဥစ္စာကြွယ်ဝခြင်းသည် ချမ်းသာသောသူများအတွက် သခင်ဘုရားကို သိလာဖို့ အမြဲအတားအဆီးတစ်ခုဖြစ်သည်ဟု သခင်ယေရှုအမှန်ပင်ဆိုလိုခဲ့သလော။ ခရစ်ယာန်ရေဒါစကရင်ကို မေ့လျော့လုနီးပါးဖြစ်စေသည့်ခေတ်ပေါ်လောကရှိဘာသာတရားတစ်ခုရှိသည်ဟု ဆိုလိုသလော။ ဤအရာက အမှန်ပင် ဖြစ်နိုင်သလား။ အဲဒီနေရာမှာ ယေရှုမရပ်ခဲ့ဘူး။ စွန့်စားမှုသူပြုခဲ့ပါသည်။

သခင်ယေရှုက ဤချမ်းသာသောလူ့အလွှာကို ညွှန်းရင်းနဲ့ လူအားလုံးကို ဆက်ညွှန်းတယ်။ သခင်ယေရှု က "ချစ်သားတို့၊ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရန်ခဲယဉ်းလှသည်တကား။"လို့ပြောခဲ့သည်။သူ့နောက်လိုက်ဖြစ်လာဖို့ ခက်ခဲသည်ဟု ရိုးရှင်းစွာပြောခဲ့ပါသည်။ ဤကဲ့သို့အကြိမ်အများကြီး ပြောခဲ့ပေမည်။

- ချမ်းသာသူများသာလျှင် ကယ်တင်ခြင်းရရှိရန်ပြဿနာရှိသည်ဟု မှားယွင်းခြင်းကို ရောက်သွားရန် ယေရှုအလိုတော်မရှိခဲ့ပေ။
- လူရဲ့ကြိုးစားအားထုတ်မှုကြောင့် ဘုရားသခင်၏နိုင်ငံတော်ကို မရောက်စေဘူးဆိုသည်ကို သခင်ယေရှုက တပည့်တော်များကို သိစေချင်ခဲ့သည်။

ခရစ်ယာန်တစ်ယောက်ဖြစ်လာဖို့ရန် မည်ကဲ့သို့လွယ်ကူစွာလုပ်ဆောင်နေသည်ကို ခဏလောက် စဉ်းစားကြည့်ပါ။ ဆုတောင်းရုံဆုတောင်း၏။ လက်မြှောက်ရုံလက်မြှောက်ကြသည်။ ဤလုပ်ဆောင်မှုများသည် စိတ်နှလုံးပြောင်းလဲခြင်း၌ နက်ရှိုင်းစွာအမြစ်မတွယ်မချင်း ထိုအရာများသည် အသုံးမဝင်ပေ။ ဘုရားသခင်၏ပညတ်တော်များကို နာခံရန်အားထုတ်ခြင်း၌လည်း ထို့အတူပင်ဖြစ်၏။ ထိုကဲ့သို့ပြုရုံဖြင့် မပြီးနိုင်ပေ။

သခင်ယေရှုက ချမ်းသာသောလူအကြောင်းကို ဆက်ပြီးပြောခဲ့ပါသည်။ ဤအချိန်၌ ယေရှုက 'ခက်ယဉ်းသည်'စကားလုံးကို 'မဖြစ်နိုင်

ဘူး’စကားလုံးကို ပြောင်း၍သုံးခဲ့ပါသည်။ “ချမ်းသာသောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရန်ထက် ကုလားအုပ်သည် အပ်နဖားပေါက်မှ လျှိုဝင်ရန် ပို၍လွယ်ကူ၏”ဤအရာက တပည့်တော်များထံမှပြင်းထန်သောတုန့်ပြန်မှုကို သိသာထင်ရှားစေခဲ့ပါသည်။ အပ်သည် သေးသေးလေးဖြစ်၍ ယင်း၏အပေါက်သည်ပင် ပို၍သေးငယ်ပါသည်။ ကုလားအုပ်က ရေသယ်ရန် ပုံစံရှိပါသည်။ ကယ်တင်ခြင်းနှင့်ဆိုင်သည့် ဘုရားသခင်၏ရှုထောင့်ကို သရုပ်ဖော်ပြရန် သခင်ယေရှုသည် မဖြစ်နိုင်သောအခြေအနေကို အသုံးပြုခဲ့ပါသည်။

တပည့်တော်များ၏တုန့်ပြန်မှုသည် ယေရှုပို့ချသည့်အရာနှင့် တူသည်ဟု ထင်ရသည်။ ထိုအခါ တပည့်တော်တို့သည် ပို၍ပင်အံ့အားသင့်လျက် “သို့ဖြစ်လျှင် မည်သူသည် ကယ်တင်ခြင်းခံရနိုင်ပါမည်နည်း”ဟု အချင်းချင်းပြောဆိုကြ၏။ ဘုရားသခင်သာလျှင် စိတ်နှလုံးကို အမှန်ပင်ပြောင်းလဲပေးနိုင်သည်။ ယေရှုနောက်လိုက်ခြင်းတွင် လူ့စိတ်နှလုံးအပေါ်၌ ဘုရားသခင်၏လုပ်ဆောင်ပေးမှု အမြဲလိုအပ်သည်။ ယုံကြည်ခြင်းနှင့်နောင်တရခြင်းသည် ဘုရားသခင်၏ဆု လက်ဆောင်ဖြစ်၏။ ယုံကြည်ခြင်းသည် ဘုရားသခင်ထံတော်မှဖြစ်၏။ “အကြောင်းမူကား သင်တို့သည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရကြ၏။ ၎င်းသည် သင်တို့ကိုယ်တိုင် ကြောင့်မဟုတ်ဘဲ ဘုရားသခင်ပေးတော်မူသော လက်ဆောင်ဖြစ်၏။ မိမိပြုသောအမှုများကြောင့်မဟုတ်။ သို့ဖြစ်၍ မည်သူမျှဝါကြွားစရာအကြောင်းမရှိ။” (ဖေက်၂: ၈-၉) နောင်တရခြင်းသည် ဘုရားသခင်ထံတော်မှဖြစ်၏။ (တမန်၊၁၁:၁၈ သူတို့သည် ထိုစကားကို ကြားသောအခါ တိတ်ဆိတ်စွာသွားကြ၏။ ထို့နောက် ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းလျက် “သို့ဖြစ်လျှင် ဘုရားသခင်သည် အသက်ရှင်ခြင်းသို့ ရောက်စေသည့် နောင်တတရားကို လူမျိုးခြားတို့အားလည်း ပေးတော်မူပြီ” ဟုဆိုကြ၏။) ထိုအရာတို့ကို

အလှူလက်ဆောင်အားဖြင့်ဖြစ်စေ၊ ဘာသာတရား ဒါမှမဟုတ် ပြဿနာကို ရှောင်လွဲခြင်းဖြင့်ဖြစ်စေ လုပ်ဆောင်နိုင်သည်ဟု မစဉ်းစားသင့်ပေ။

## ယေရှုသည် ထိုအရာကိုရိုးရှင်းစွာနှင့်ရှင်းလင်းစွာ ဖော်ပြသည်။

လူ၏မကောင်းသောစိတ်နှလုံးသည် မိမိ၏မကောင်းမှုကို ဖုံးကွယ်ဖို့ကြိုးစားကြသည်။ ဧဝံဂေလိတရားက လူကို မိမိ၏မကောင်းသောလုပ်ဆောင်မှုအတွက် ရင်ဆိုင်၍တာဝန်ယူရန်အမြဲ ပို့ဆောင်ပေးပါသည်။ ယေရှု၏ဖော်ပြချက်များသည် မိမိတို့၏ဝိညာဉ်နှင့်စပ်လျဉ်း၍ ကောင်းမွန်သောမေးခွန်းကို လှုံ့ဆော်၍ သခင်ဘုရားကို နာခံဖို့လိုအပ်ပေသည်။ ဤမဖြစ်နိုင်သောဘုရားသခင်၏လုပ်ဆောင်မှုသည် ၎င်းတို့၏အသက်တာများ၌ ထင်ရှားခဲ့လား။ သူတို့စွန့်လွှတ်ပါသလား။ သူတို့မှာ ထာဝရအသက်ရှိလား။ ဒါမှမဟုတ် ထာဝရလိမ်လည်မှုရှိခဲ့လား။

ဤမျက်မှောက်လောက၌ ခရစ်တော်၏ကိုယ်စားလှယ်အနေဖြင့် မိမိကိုယ်ကိုစဉ်းစားသောအခါ ကျွန်ုပ်မှာ တာဝန်ရှိပါသည်။ ဤသို့မဟုတ်လျှင် ကျွန်တော့်ဝိညာဉ်အတွက် ထာဝရအကျိုးဆက်ရှိပေသည်။ ကျွန်တော်ချမ်းသာလား။ 'ဥစ္စာကြွယ်ဝခြင်း'ကနေ အမှန်ပင် ကွဲကွာလား မကွဲကွာလားဆိုသည်ကိုသိရှိရန် ဥစ္စာကြွယ်ဝခြင်းအပေါ်၌ မိမိ၏မှီခိုခြင်းကို လုံလောက်စွာ ကျွန်တော် သိုးသန့်ဖယ်ထားသလော။ သို့မဟုတ် လျှို့ဝှက်စွာတွယ်ကပ်ပြီး ယင်းကို သိုးသန့်ကိုးကွယ်သလား။

ကျွန်ုပ်နှင့်ဇနီးသည် အသက်တာ၌ များစွာသောစစ်ဆေးမှုများကို ဖြတ်ကျော်ခဲ့ရသည်။ ယင်းမှာ 'ဥစ္စာကြွယ်ဝခြင်း'မှ ကျွန်တော်တို့၏ကွဲကွာခြင်းက စစ်မှန်လားဆိုသည်ကို သေချာစေရန် လုပ်ဆောင်ခြင်းဖြစ်ပေသည်။ ကျွန်တော်တက္ကသိုလ်တက်ရောက်စဉ်အတွင်း ကျွန်တော့်ဇနီး၏ဝင်ငွေဆုံးရှုံးသွားခဲ့၍ ကျွန်တော်အချိန်ပိုင်းအလုပ်လုပ်ခဲ့ရပြီး အချိန်ပြည့် စာသင်ခဲ့ရသည်။ အကြွေးမရှိရန်ဆုံးဖြတ်ထား၍ ကောလိပ်အကြွေးကိုမချေးခဲ့ပေ။ ထို့နောက် အလွန်ပင် ဆင်းရဲခဲ့သည်။ ပူအိုက်တဲ့

ဖလောရီဒါ၌ အဲယားကွန်းကို မပြင်နိုင်ခဲ့ဘူး။ အဲယားကွန်းကို မရောင်းမချင်းမပြင်နိုင်ခဲ့ပေ။ သို့သော် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်တော်တို့၏လိုအပ်ချက်များကို အံ့ဩဖွယ်ထောက်ပံ့ပေးခဲ့ပါသည်။ ဘွဲ့ရသောအခါ ရွှေ့လျားအိမ်ကိုရောင်း၍ ကျောင်းလခသွင်းခဲ့ပြီး သခင်ဘုရားကို ဆက်လက်အစေခံခဲ့ပါသည်။

ကျွန်တော်တို့၏လူမှုအသိုင်းအဝိုင်းက အလွန်ဥစ္စာကြွယ်ဝလာမည်ကို စိုးရိမ်မိပါသည်။ ဤအဖိုးမဖြတ်နိုင်သောအတွေ့အကြုံများကို ဖြတ်ကျော်ရန် အကြွေးသည် ခရစ်ယာန်များအတွက် အလွန်လွယ်ကူပေသည်။ ကျွန်တော်တို့သည် ဥစ္စာကြွယ်ဝခြင်း၌မှီခိုလား သို့မဟုတ်ဘုရားသခင်အပေါ်၌ မှီခိုလားဆိုသည်ကို အမှန်ပင်သိပါသလော။ ဤလောကရှိခရစ်ယာန်များကို အတွင်းပိုင်းဘက်၌ရှိပြီး လှည့်စားတတ်သောရန်သူများကို စူးစမ်းရှာဖွေနိုင်ဖို့ အသင်းတော်များက မည်ကဲ့သို့ကူညီနိုင်မလဲဆိုတာကို ကျွန်တော်စဉ်းစားမိတယ်။

လူတစ်ယောက်က ဥစ္စာကြွယ်ဝနေသမျှ ဘုရားသခင်ကို အမှန်ပင်ယုံကြည်ကိုးစားဖို့ မလိုအပ်ပေ။ ဤတွင် အခွင့်အရေးအနည်းငယ်ရှိပေသည်။ မိမိ၏ဝိညာဉ်ကို အကြံပေးသူ၏ပံ့သွင်းခြင်းမရှိဘဲ ချမ်းသာခြင်း၌ကိုးစားခြင်းကဆိုးယုတ်၍ မသင့်လျော်ဘူး၊ လုံးလုံးအန္တရာယ်ဖြစ်သည်ကို သူမသိနိုင်ပေ။ ဤသို့ပြောထားပါသည်။

- ရင်းနှီးမြှုပ်နှံခြင်းများသည် ကောင်းမွန် သင့်ပေသည်။
- အာမခံခြင်းသည် လိုအပ်မှုတစ်ခုဖြစ်သည်။
- ဖွံ့ဖြိုးသောဘဏ်စာရင်းသည် ဘုရားသခင်၏ဘုန်းတော်နှင့်ပြည့်သောပြင်ဆင်ပေးခြင်းကို ပြသပါ သည်။

သို့သော် ဆင်းရဲနွမ်းပါးခြင်းကလွဲ၍ လူကို တစ်ခုခုက မိမိဝိညာဉ်၏လှုပ်ရှားရာများကို မြင်နိုင်ရန်ကူ ညီပေးလား။ ကျွန်တော်ယုံကြည်သော်လည်း ဤအရာက တွေ့ရခဲပါသည်။ ချမ်းသာသောပတ်ဝန်းကျင်မှာရှိသောအသင်းတော်ထက် တတိယကမ္ဘာရှိအသင်းတော်က ပိုအသက်

ရှင်သည်မှာ အံ့ဩစရာမရှိပေ။ ဆင်းရဲနွမ်းပါးခြင်းသည် ပူပန်ဖို့အတွက် ဥစ္စာကြွယ်ဝခြင်းများကို သူမလိုကြောင်းကို အမှန်ပင် သဘောပေါက်စေပါသည်။ ကောင်းကင်ဘုံ အဖခမည်းတော်က မိမိလိုအပ်မှုများကို ပူပန်ပေးသည်ဆိုသည့် အပေါ်တွင် သူမှီခိုနိုင်ပေသည်။ သူသည် မိမိယုံကြည်ခြင်းကို အမှန်ပင်စမ်းသပ်နိုင်ပေသည်။

"ဤအရာသည် လူတို့အတွက်မဖြစ်နိုင်သော်လည်း ဘုရားသခင်အတွက်မူကား ထိုသို့မဟုတ်။ အကြောင်းမှာ ဘုရားသခင်အတွက် အရာခပ်သိမ်းသည်ဖြစ်နိုင်၏"

ဤတွင် ယေရှု၏ပြောဆိုချက်များသည် တပည့်တော်များ၏စဉ်းစားတွေးခေါ်ခြင်းကို တုန်လှုပ်စေပါသည်။ ၎င်းတို့သည် ကျွန်တော်တို့၏ စဉ်းစားတွေးခေါ်ခြင်းကိုလည်း တုန်လှုပ်စေပါသည်။ လူ့ စိတ်နှလုံး၏မကောင်းမှုသည် အလွန်ပင်နက်ရှိုင်းစွာတည်နေပါသည်။ သူမည်သည့်အရာပြုပြု စိတ်နှလုံးထဲ၌ ဘုရားသခင်၏ကြီးမားသောလုပ်ဆောင်မှုလိုအပ်ပါသည်။ ဤအရာသည် ကိုယ်ပိုင်လုပ်ဆောင်မှု သို့မဟုတ် ကိုယ်ပိုင်အသိတရားနှင့်လုပ်ဆောင်သောအခြားသော ဘာသာတရားနှင့်ခရစ်ယာန်ကို အမှန်ပင် သီးခြားဖြစ်စေပါသည်။

# ထိုက်တန်ပေ၏။
## မာကု ၁၀:၂၈-၃၁

အသက်တာသည် အချိန်နှင့်အမျှ ရှုပ်ထွေးနိုင်ပါသည်။ ကျွန်တော်တို့တွင် ရှင်းလင်းပြတ်သားမှု လိုအပ်သည်။ သခင်ယေရှု၏ယခင်သွန်သင်ချက်သည် တပည့်တော်များ၏အသိပညာကိုလွှန်၍ ယူဆောင်သွားပါသည်။ သင်တို့သည်လည်း ယခင်ဤသို့သောအခြေအနေများကဲ့သို့ ရှိကောင်း ရှိနိုင်ခဲ့ပေမည်။ မိမိကိုယ်ကို စိတ်ချသေချာမှုရှိကတည်းက ဖြစ်ပါသည်။ လိုအပ်ပါက သင်သည် သွန်သင်သောဆရာကဲ့သို့ဖြစ်နိုင်သည်ဟု ခံစားရပေသည်။ သို့သော်လည်း သင့်ကို လုံးလုံးလမ်းပျောက်စေသည့်အရာကို ကြားခဲ့ပေသည်။

ယေရှုအားဖြင့် ကောင်းမွန်စွာဂရုစိုက်ခံရမယ်ဟူသောအချက်၌ တပည့်တော်များသည် စိတ်ချမှု ရှိနေကြပေသည်။ တစ်ဦးချင်းစီတိုင်းသည် ယေရှုနောက်လိုက်ရန် ဆုံးဖြတ်ချက်ချခဲ့ပေသည်။ မှန်ပေ၏။ တပည့်တော်များ၏နောက်တော်သို့လိုက်ခြင်းဝေါဟာရနှင့်ပတ်သက်၍ ဘယ်လိုမျိုးဆိုသည်ကို သခင်ယေရှုက ရှင်းလင်းချင်မှ ရှင်းလင်းခဲ့ပေလိမ့်မည်။ သူတို့မည်သည့်အခါမျှ မမေးမြန်းခဲ့ပေ။ ယေရှုနှင့်အတူ ရှိရမည်ဟုသာသိခဲ့၏။ ကျွန်တော်တို့ခရစ်ယာန်မဖြစ်မီက ဤကဲ့သို့ပင်ဖြစ်ခဲ့မည်မှာ မလွဲပေ။

ဆက်ကပ်အပ်နှံခြင်း၏နောက်ကွယ်မှအချက်ကို ရှာဖွေခြင်း၌ ကောင်းမွန်စွာဂရုမပြုမိခဲ့ဘဲ ကျွန်တော်တို့ အများစုက အခြေအနေများနှင့်သဘောတူချက်များထဲကို ဝင်ရောက်ခဲ့ကြပေသည်။ ကျောင်းကတ်တလောက် သို့မဟုတ် သာသနာလက်ကမ်းစာစောင်က ထိုအဖွဲ့အစည်း၏စစ်မှန်သောဓလေ့စရိုက်ကို ရှာတွေ့သောနေရာမဟုတ်ကြောင်း ကျွန်

တော်သဘောပေါက်လာခဲ့ပေသည်။ တစ်ချက်က လက်စွဲစာအုပ်ကို စောင့်ဖို့လိုအပ်ပေသည်။ ထိုစာအုပ်က တာဝန်နှင်ဝတ္တရားများဖြင့် လာပေသည်။ ဤအရာများနှင့် အကြောင်းကိစ္စတစ်ခု သို့မဟုတ် အခြားတစ်ခုကို အလေးထားပြီးမည်ကဲ့သို့သူတို့အနက်ပြန်သည်ကို တွေ့ရပါသည်။ သို့သော်သခင်ယေရှုသည် တပည့်တော်များကိုခေါ်ခဲ့သလို ဆက်ကပ်အပ်နှံမှု မလုပ်မချင်းလက်စွဲစာအုပ်က ထုံးစံအတိုင်း မလာပေ။

ယခုသခင်ယေရှုနောက်ကို တစ်နှစ်လောက်လိုက်ခဲ့ပြီးနောက် အကြောင်းအရာများသည် မည်ကဲ့သို့ဖြစ်မည်နှင့်ပတ်သက်၍ သေချာသောနားလည်မှုတစ်ခုကို သူတို့စုစောင်းရရှိလာခဲ့ကြသည်။ ရှေးပြေးသင်တန်းသည် ပြီးသွားပြီ။ ပထမနှစ်သစ်ပြီးသောနောက်၌ ကျောင်းကိုပြန်လာရတဲ့ခံစားမှုကို သင်သိရကောင်းသတိရပေမည်။ စိတ်ရှုပ်ထွေးသောမျက်နှာအမူအရာများနှင့် မေးခွန်းအပြည့်ဖြစ်နေသော ကျောင်းသားသစ်များကို သင်မြင်ပေသည်။ ကျွန်တော်တို့က အခြားသူများလိုအပ်သောအဖြေများကို ကျော်ဖြတ်ခဲ့သောကြောင့် သေသပ်သားနားနေသည်ဟု ခံစားရပေသည်။ သခင်ယေရှု က တပည့်တော်များကို အံ့သြဖွယ်ကောင်းသောပြောဆိုချက်များနှင့် မလှုပ်မခါမချင်း မိမိတို့၏ကျွမ်းဝင်ခြင်းဇုံကို သတိမမူမိပုံရပေသည်။

ထိရောက်သောဆရာသည် ကျောင်းသားများ၏သက်သာမှုအဆင့်ထက်ကျော်လွန်အောင် သွားရမည်။ သူတို့သိထားတာနဲ့မလွယ်ကူမှုတစ်ခုကို ထုတ်ဖော်ပြရပေမယ်။ သို့မှသာ သူတို့ပို၍ သိချင်လာပေမည်။ သခင်ယေရှုဤသို့ အမှန်ပင်ပြုခဲ့ပါသည်။ ချမ်းသာသောသူနှင့် ဘာသာရေးလူကို သခင်ယေရှု၏ပြောဆိုသောနည်းလမ်းက သူတို့ကို ကိုင်လှုပ်ခဲ့ပါသည်။ မိမိ၏ချမ်းသာမှုများအားလုံးကို မစွန့်လွှတ်ဘဲ ဘုရားသခင်၏နိုင်ငံတော်ထဲကို ဝင်ရောက်ရမည်မဟုတ်ပေ။ ယခု သူတို့သည် မိမိတို့ကိုယ်ကိုစိတ်ချမှုမရှိကြပေ။ ပေတရု၏တုန့်ပြန်မှုကို ကြည့်ပါက တွေ့နိုင်ပါသည်။

*ထိုအခါ ပေတရုက "အကျွန်ုပ်တို့သည် ရှိသမျှကိုစွန့်၍ ကိုယ်တော်၏နောက်သို့လိုက်ခဲ့ကြပါပြီ"ဟု လျှောက်လေ၏။ ယေရှုက "သင်တို့အား ငါအမှန်ဆိုမည်။ မည်သူမဆို ငါ့အတွက်နှင့် ကောင်းမြတ်သောသတင်းအတွက် အိမ်ကိုဖြစ်စေ၊ ညီအစ်ကိုမောင်နှမများကိုဖြစ်စေ၊ အမိကိုဖြစ်စေ၊ အဖကိုဖြစ်စေ၊ သားသမီးများကိုဖြစ်စေ၊ မြေယာများကိုဖြစ်စေ စွန့်လျှင် ထိုသူသည် ယခုဘဝ၌ ညှဉ်းဆဲခြင်းများပါလျက် အဆတစ်ရာသောအကျိုးတည်းဟူသော အိမ်များ၊ မြေယာများ၊ ညီအစ်ကိုမောင်နှမများ၊ အမိများ၊ သားသမီးများကိုခံစားရလျက် နောင်ဘဝ၌ ထာဝရအသက်ကိုရရှိလိမ့်မည်။ သို့သော် အဦးဆုံးသောသူများစွာတို့သည် နောက်ဆုံးဖြစ်ကြပြီး နောက်ဆုံးသောသူများစွာတို့သည် အဦးဆုံးဖြစ်ကြလိမ့်မည်"ဟု မိန့်တော်မူ၏။ (မာကု ၁၀:၂၈-၃၁)*

ပေတရုက မိမိ၏စိတ်ကူးကို အကျယ်ကြီးပြောဆိုခဲ့သောတပည့်တော်ဖြစ်သည်။ သူက " "ပြောခဲ့သည်။ နောင်တရသော၊ ဘာသာတရားရှိသော၊ ကောင်းမွန်သော၊ ဥစ္စာကြွယ်ဝသောသူက မိမိ၏စည်းစိမ်များကို အဘယ်ကြောင့် စွန့်လွှတ်ရမလဲဆိုသည်ကို သူတို့အံ့သြမည်မှာ မလွဲပေ။ ထာဝရအသက်ရရှိရန် သူတို့မည်သည့်အရာကို စွန့်လွှတ်ရမည်နည်း။ မိမိတို့အရည်အချင်း မီလားမမီဘူးလားဆိုသည့်အဖြေရလဒ်ကို နားထောင်နေသောသူကဲ့သို့ဖြစ်ကြသည်။

သခင်ယေရှုသည် အသိအမြင်၌ အကြောင်းကိစ္စကို မိမိ၏အဖြေနှင့်ပြောင်းလဲခဲ့သည်။ အနည်းဆုံးတွင် သူ၏အသံနေအသံထား ပူပန်မှုနဲ့အတူ ပျော့ပြောင်းပုံရသည်။ သူတို့၏အဆင့်အထိ ပြန်လာပြီး သူတို့၏အမှန်လိုအပ်ချက်များကို မိမိ၏'အသစ်သော' သွန်သင်ခြင်းနှင့်ဆက်သွယ်ရန်ကိုယ်တော် သိမြင်ပေသည်။ တပည့်တော်များက ယဇ်တစ်ခုခုပူဇော်ရန်အမြဲမလိုအပ်သည်ကို သိမှတ်ခဲ့သည်။ သူတို့၏'အပြစ်ကင်းသော'ချစ်ခင်မှုကို ချီးကျူးခဲ့သည်။ သူကိုယ်တိုင်နှင့် တပည့်တော်တစ်ယောက်စီ အကြားတွင် ကြီးထွားနေသောဆက်ဆံရေးနည်းလမ်းထဲသို့

မည်သည့်သမ္မာတရားမှ ဝင်လာခြင်းကို အလိုမရှိခဲ့ပေ။ အစွမ်းရှိသော တူညီတူမျှခြင်းကို သခင်ယေရှုပြုခဲ့သည်။

တပည့်တော်များသည် အချက်တစ်ချက်၌ အလွန်ဒဏ်ရာရခဲ့ကြသည်။ သို့သော် သူတို့ပြုသောဆုံးဖြတ်ချက်နှင့် လိုအပ်ချက်ကို အသိအမြင်၌ဆက်လုပ်ရန် သူတို့ကို ကိုယ်တော် နှစ်သိမ့်၍ ခွန်အားပေးရန် အလိုတော်ရှိပါသည်။ ကျွန်တော်တို့အသက်တာတစ်နှစ်ခွဲအတွင်း၌ အသက်တာကို ပြောင်းလဲစေဖို့ ဘုရားသခင်ကအစပြုရာဖြစ်သည်ဟု မြင်ရပါသည်။ ဘုရားသခင်ကို တွေ့ကြုံခြင်းဆိုသည့်စာအုပ်ကို အသုံးပြုပါသည်။ ယခုကိုယ်တော်ရှိသကဲ့သို့ သူနှင့်အတူ ရင်ဆိုင်ခြင်းမှာ နက်ရှိုင်းစေဖို့ဖြစ်ပေသည်။ ကိုယ်တော်ဝေမျှသောသမ္မာတရားက သက်သောင့်သက်သာဖြစ်သော ကျွန်တော့်၏ကမ္ဘာကို ကိုင်လှုပ်ပေမည်။

ဘုရားသခင်က သူနှင့်နီးကပ်ရန် အလိုရှိသည်ဟု မြင်ပါသည်။ သူနှင့်နီးကပ်ရန် ကျွန်တော်၏ အသက်တာအပေါ်၌ ရောက်လာမည့် ပြောင်းလဲခြင်းနှစ်မျိုးရှိကြောင်းကို ကိုယ်တော် ညွှန်ပြပါသည်။ ၎င်းတို့အတွက် အဆင်သင့်ဖြစ်ရန် ကျွန်တော်စတင်ဖို့လိုအပ်ပါသည်။ ကျွန်တော်၏ဆဲလ်အဖွဲ့ထဲ၌ဝေမျှထားသော အထွေထွေသမ္မာတရားများဖြစ်ပေသည်။ ပြန်ကြည့်လျှင် ကျွန်တော်တို့အတွက် အထူးဖြစ်သောအရာကို စွန့်လွှတ်ရန် ဘုရားသခင်တောင်းဆိုနေသည်ကို တွေ့ရပါသည်။ သို့မှသာ ကျွန်တော်တို့ ပို၍ရရှိနိုင်ပေမည်။ လမ်းခရီးက အမြဲမလွယ်ကူခဲ့ဘူး။

ခရစ်တော်၌ တည်နေခြင်း

| စွန့်လွှတ်ခြင်း | ရည်ရွယ်ချက် | ယခုလက်ခံခြင်း | အနာဂတ် လက်ခံခြင်း |
|---|---|---|---|
| အိမ် | ခရစ်တော်အား ဆက်ကပ်အပ်နှံခြင်းအတွက် (ကျွန်ုပ်အတွက်) | အကြိမ် ၁၀၀ အိမ်များ + ညှင်းပန်းနှိပ်စက်ခြင်း | ထာဝရ အသက် |
| ညီအစ်ကို မောင်နှမ | | အကြိမ် ၁၀၀ အိမ်များ ညီအစ်ကိုမောင်နှမ + ညှင်းပန်းနှိပ်စက်ခြင်း | |
| မိဘ မိခင် ဝါဖခင် | | အကြိမ် ၁၀၀ အိမ် များ မိခင်များ + ညှင်းပန်းနှိပ်စက်ခြင် | |
| သားသမီးများ | ဧဝံဂေလိတရား အားဆက်ကပ်အပ်နှံခြင်းအတွက် (ဧဝံဂေလိအတွက်) | အကြိမ် ၁၀၀ သားသမီးများ + ညှင်းပန်းနှိပ်စက်ခြင်း | |
| လယ်ယာများ | | အကြိမ် ၁၀၀ စိုက်ပျိုးမွေးမြူရေးခြံ + ညှင်းပန်းနှိပ်စက်ခြင်း | |

ကိုယ်တော်မေးခဲ့သောပထမနယ်ပယ်က သာသနာတစ်ခုဖြစ်ပေသည်။ သာသနာနယ်ပယ်ကို စွန့်လွှတ်ရန် ကျွန်တော်ဆန္ဒရှိလား။ မိမိသာသနာကိုမိမိချစ်ပေသည်။ ထိုအချိန်၌ ကျွန်တော်သည် သင်းအုပ်ဖြစ်ခဲ့သည့်အတွက် သခင်ဘုရားအလိုရှိသည့်အရာမှန်သမျှအတွက် ခန့်အပ်ခံရခြင်း၌ ကြီးမားသောပြောင်းလဲမှုဖြစ်ခဲ့ပေသည်။ ဒုတိယနယ်က ငွေကြေးအတွက်ကိုယ်တော်ကို ကိုးစားသောဆန္ဒရှိခြင်းဖြစ်သည်။ George Mueller ကဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့သည်။ ကျွန်တော့်အသက်တာအတွက် ဘုရားသခင်လမ်းပဲ့ကိုင်ဖို့ ငွေကြေးကဏ္ဍကိုခွင့်ပြုထားလား။ သို့မဟုတ် ဘုရားသခင်က ကျွန်တော့်ကိုဦးဆောင်၍ မည်သည့်နေရာကို သွားသွားဂရုပြုစေဖို့ ဘုရားသခင်ကို အခွင့်ပေးမလား။ ကျွန်တော်ဆန္ဒရှိပါသည်ဟု သခင်ဘုရားကိုပြောခဲ့ပါသည်။ သူ့ကိုပို၍သိချင် ခဲ့ပါသည်။ Blackaby and King ရေးသော "ဘုရားသခင်ကို

တွေ့ကြုံခံစားခြင်း”လို့ခေါ်သော အကောင်းဆုံးစာအုပ်နှင့်နုတ်စာအုပ်အားဖြင့် ကျွန်တော်တို့လုပ်ဆောင်နေပါသည်။

နောက်ပြန်ကြည့်သောအခါကျွန်တော့်ဇနီးသည်နှင့် ကျွန်တော်က ဖြစ်ပျက်ခဲ့သည့် ကြီးမားသောပြောင်းလဲမှုများ၌ အံ့အားသင့်ခဲ့ကြသည်။ ထိုအရာများသည် ပြောင်းလဲမှုအများကြီး ထဲမှ အစပဲဖြစ်သည်ဟု မြင်ရပါသည်။ သို့သော် အနာဂတ်မှာလုံခြုံမှုနှင့် အသိပညာအတွက် လိုအပ်ချက်ကို ဘုရားသခင်၏လက်တော်ထဲ အပ်ထားပါသည်။ မည်သည့်ကောင်းသောအရာ မဆို ကိုယ်တော်ထုတ်ဖော်စေဖို့ ဖြစ်ပါသည်။

ခရစ်တော်နှင့် ကိုယ်တော်၏ခေါ်ယူခြင်းကို မဆက်ကပ်ချင်လောက်အောင် ကျွန်တော်တို့ အသက်တာ၌ရှိသော ‘မသိခြင်းများ’ကို အသက်ပုံသွင်းခြင်းကဲ့သို့ဖြစ်သော ဇ၀ံဂေလိတရားကို မ၀ေငှချင်လောက်အောင် လောကကြီးက ကျွန်တော်တို့ကို ပုံသွင်းနေပါသည်။ ကိုယ်ပိုင်အစီအစဉ်ကို ချမှတ်နိုင်သည်ဟု ယုံကြည်ကြသည်။ မိမိအနာဂတ်ကိုပုံဖော်ကြသည်။ သို့သော် ကျွန်တော်တို့ကို ခရစ်တော်ခေါ်သော ဒဏ်ရာရစေနိုင်မှုက မိမိကိုယ်ကိုယုံကြည်စိတ်ချမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ထိုအရာသည် ဘုရားသခင်၏ယုံကြည်စိတ်ချမှုဖြစ်သည်။

# ဘာသာရေးကိုမှောက်လှန်ခြင်း
## မာကု: ၁၁-၆

'ဘုရားကျောင်းကိုသွားပါ' ဆိုတဲ့အကြံဉာဏ်မျိုးက သင်အတွက် အငြိမ်းအချောက်ခံရသလိုမျိုး ဖြစ်ဖူးပါသလား။ လူတို့သည် ဘုရားကျောင်းကို သွားကြသောအခါ မည်သည့်ခံစားမှုမျိုးဖြစ်ပေါ်တတ်သည်ကို သင်စဉ်းစားဖူးပါသလား။ ဘုရားကျောင်းတက်ရာတွင် သက်သောင့်သက်သာမရှိသောအခြေအနေမျိုးဖြစ်နိုင်ကြောင်း အစောအဦးကပင် ယေရှုနားလည်ခဲ့သည်။ ဘုရားသခင်၏လုပ်ငန်းတော်ထဲ၌ ဘာသာရေးက ဝင်ရောက်နေရာယူနေသောကြောင့် ကိုယ်တော်စိတ်မချမ်းမြေ့ဖြစ်ရသည်။ ဘာသာရေးသည် မဲဆွယ်ပွဲနေရာယူရာအရပ်တစ်ခုကဲ့သို့ပင် ဖြစ်လာခဲ့သည်။ ဝတ်စားဆင်ယင်ပုံမတူ၊ နေရာထိုင်ခင်း ပုံစံမတူကြသော်လည်း ထိုအရာများသည် ပုဂ္ဂိုလ်ရေးလက်ခံမှုရရှိရေးအတွက် ရုန်းကန်နေကြခြင်းသာဖြစ်ပြီး ရောမရှိလူထုအစည်းအဝေးများကဲ့သို့ဖြစ်နေပါသည်။

တော်သေး၏။ ဤအဖြစ်အပျက်၌ ယေရှုသည်မောင်းထုတ်ခြင်း မခံရပေ။ မာရ်နတ်၏အသုံးတော်ခံများက ဒေါသတကြီးဖြင့် ထ၍ပြန်သွားကြ၏။ ဥပုသ်နေ့၌ သူတို့မနှစ်မြို့သောအဖြစ်ကို သူတို့တွေ့ကြုံလိုက်ကြရသည်။ ထိုသို့သောအခြေအနေမျိုး ဘုရားကျောင်း၌ ကျွန်ုပ်တို့တွေ့ကြုံဖူးပါသလား။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့၏ဖွဲ့စည်းပုံများနှင့် ပုဂ္ဂိုလ်ရေးမျှော်လင့်ချက်များက ဘုရားသခင်၏အမှုတော်ကိုကောန်မြင်တွေ့ရသင့်သည့်နေရာမှ ဘုရားသခင်၏အမှုတော်ကို ချွတ်ခွာထားသောကြောင့်ပင်ဖြစ်ပေလိမ့်မည်။ ယေရှုလူ့ဇာတိ အဖြစ်ရှိစဉ်အချိန်က အ

သင်းတော်က ဘုရားသခင်၏မေတ္တာအမှုတော်ကို မည်သို့မည်ပုံပိတ် ဆို့ထားသည်ကိုကြည့်ကြပါစို့။

*ကိုယ်တော်သည် ဝတ်ပြုစည်းဝေးကျောင်းထဲသို့ တစ်ဖန်ဝင်တော်မူရာ ထိုနေရာ၌ လက်တစ်ဖက်သေသောသူတစ်ဦးရှိ၏။ လူတို့သည် ကိုယ်တော်ကို စွပ်စွဲနိုင်ရန်အတွက် ဥပုသ်နေ့၌ ထိုသူအား အကောင်း ပကတိဖြစ်စေမည်၊ မဖြစ်စေမည်ကို စောင့်ကြည့်နေကြ၏။ ကိုယ်တော်က လည်း လက်တစ်ဖက်သေသောသူအား "အားလုံးရှေ့၌ မတ်တတ်ရပ်လော့" ဟု မိန့်တော်မူ၏။ ထို့နောက် လူတို့အား တရားတော်အရ ဥပုသ်နေ့၌ ကောင်းသောအမှုကိုပြုအပ်သလော၊ သို့မဟုတ် ဆိုးသောအမှုကိုပြုအပ် သလော"ဟု မေးတော်မူ၏။ သို့သော် လူတို့သည် တိတ်ဆိတ်စွာနေကြ ၏။ ထိုအခါ ကိုယ်တော်သည် အမျက်တော်ဖြင့် ပတ်ပတ်လည်သို့ ကြည့်ရှုတော်မူပြီး သူတို့၏စိတ်နှလုံးမာကျောမှုအတွက် အလွန်ဝမ်းနည်း ၍ လက်တစ်ဖက်သေသောသူအား "သင်၏လက်ကို ဆန့်လော့" ဟု မိန့်တော်မူ၏။ သူသည်လည်း လက်ကိုဆန့်လိုက်ရာ သူ၏လက်သည် အကောင်းပကတိဖြစ်လေ၏ (မာကု ၃:၁-၆)။*

ကျွန်ုပ်တို့ဘုရားကျောင်းတက်ကြသည့်နည်းတူပင် ယေရှုသည် လည်း ဗိမာန်တော်ကိုပုံမှန်တက်လေ့ရှိပါသည်။ စိတ်ဝင်စားစရာပင်၊ ဘုရားကျောင်းကို ဗိမာန်တော်ဟုလည်းခေါ်နိုင်ပါသည်။ အကြောင်းမှာ အတူတူပင်ဖြစ်ပြီး ယနေ့ဘုရားကျောင်း၏လုပ်ဆောင်ချက်များမှာ ဗိမာန် တော်တစ်ခုကဲ့သို့ပင်ဖြစ် လေသည်။ နှစ်ခုလုံးပင် 'စုရုံးရာ'၊ 'စည်းဝေးရာ' ဟု ဆိုလိုရင်းရှိလေ၏။ သာသ နာလုပ်ငန်းလုပ်ကြရန်၊ ပညာသင်ယူ ကြရန်၊ ဝတ်ပြုကိုးကွယ်ကြရန် ဗိမာန်တော်၌အတူတကွစုရုံးကြသည်။ ခေါင်းဆောင်ကိုရွေးချယ်ကြပြီး၊ ခေါင်းဆောင်၌ လူတို့ကိုစောင့်ရှောက်ရန် တာဝန်ရှိလေသည်။ ဗိမာန်တော်ဟုမသုံးပဲ ဘုရားကျောင်းဟုသာသုံးနှုံး ပါက ဂျူးမဟုတ်သောသူများသည် ဓမ္မသစ်ကျမ်းကို ပို၍နားလည်နိုင်မည် ဖြစ်လေသည်။

ဘုရားသခင်၏အမှုတော်သည် ဘုရားကျောင်းပြင်ပ၌ မည်သို့မည်ပုံလည်း ပတ်လှုပ်ရှားနိုင်သည်ကို ကျွန်ုပ်တို့အံ့သြကြရပေမည်။ အကယ်စင်စစ် ဘုရားကျောင်း၏အဓိကရည်ရည်ရွယ်ချက်မှာ ဘုရားသခင်ကို လူတို့ပိုမိုသိမြင်လာရန်၊ လူတို့၏ဝေဒနာများမှငြိမ်းအေးခြင်းခံစားရရန် အကူအညီပေးနိုင်ဖို့ပင်မဟုတ်ပါလား။ ထိုသာသနာတော်ပြီးမြောက်အောင်မြင်ဖို့ရန် ခေါင်းဆောင်များ၌တာဝန် ရှိလေသည်။ အထက်ပါ အဖြစ်အပျက်၌ ပြဿနာအရင်းအမြစ်မှာ အနာငြိမ်းစေခြင်းနှင့် ဥပုသ်နေ့ပညတ်တော်တို့ကြောင့်မဟုတ်ဘဲ ထိုဆရာတို့က သူတို့၏သာ သနာ အလုပ်အထိအခိုက်မခံရရန်နှင့်သူတို့၏ဂုဏ်သရေရှိသောရာထူးများ အထိအခိုက်မခံရရန် အလွန်အာရုံစိုက်နေကြသောကြောင့် သူတို့အလယ်၌ဘုရားသခင်က အံ့ဖွယ်ကောင်းသောအမှုကိုပြုသောအခါ မည်သို့မျှလက်သင့်မခံနိုင် ဖြစ်နေကြခြင်းပင်ဖြစ်လေသည်။ "ငယ်ရွယ်သောနယ်လှည့်တရားဟောဆရာ တစ်ယောက်ယောက်ကဝင်လာပြီး ကိုယ့်အသင်းသားတစ်ယောက်၏မသန် သောလက်တို့ကို အနာငြိမ်းပေးမည်ဆိုပါက အသင်းတော်ခေါင်းဆောင် မည်မျှကလက်ခံနှစ်သက်နိုင်ကြပါမည်နည်း" ဟု မေးစရာရှိလေသည်။

ဘုရားကျောင်းအတော်များများက ထိုသို့မလိုချင်ကြပါ။ အနာငြိမ်းခြင်းကို လည်းမယုံကြပါ။ အစီအစဉ်တကျနှင့် ကောင်းမွန်စွာပြင်ဆင်ထားသော မိမိတို့၏ဝတ်ပြုခြင်းအစီအစဉ်များကို သိက္ခာတော်ရဆရာမဟုတ်သောလူငယ်များက နှောင့်ယှက်မည်ကိုမလိုလားကြပေ။ ထိုသူတို့၏သာသနာအလုပ်များမှာ အနာရောဂါငြိမ်းခြင်းနှင့် အကူအညီများပေးနိုင်ရေးထက် လုပ်ငန်းအစီအစဉ် တကျရှိနေဖို့သာအရေးကြီး၏။

အခြားသူများက ယေရှုသည်ဥပုသ်ကိုချိုးဖောက်သောကြောင့်ဟု ဆိုကာ ငြင်းခုံကြလေ၏။ တကယ်လည်း မျက်မှောက်ခေတ်၌ ဥပုသ်နေ့ကိုစောင့်ထိန်းခြင်းဟာ မေ့လျော့ခြင်းခံထားရသော ပညတ်တော်တစ်ခု ဖြစ်နေပြီဖြစ်၏။ ကိုယ့်အသင်းသားတို့ကို ဥပုသ်နေ့စောင့်ထိန်းဖို့ ကြပ်

ကြပ်တိုက်တွန်းကြသော ခေါင်းဆောင်များ၊ ဆရာများရှိသောကြောင့် ဝမ်းမြောက်သင့်ပေသည်။ သို့သော်လည်း သူတို့၏သဘောထားများနှင့် ဥပုသ်နေ့နှင့်ပတ်သက်သည့်စစ်မှန်သောသွန်သင်ချက်များကို တိုက်ဆိုင်လေ့လာကြည့်ရှုသောအခါ ဥပုသ်နေ့နှင့်ပတ်သက်ပြီး အပေါ်ယံသွန်သင်ချက်များက ဘုရားကျောင်း၌ ဘုရားသခင်ကိုကိန်းဝပ်သည့်လက္ခဏာများကို မြင်တွေ့စေရမည့်အစား ဘုရားသခင်ကိုဘေးသို့ဖယ်ထုတ်သကဲ့သို့ဖြစ်နေတတ်လေသည်။

ယေရှုသည် လက်တစ်ဖက်သေသောသူကို အားလုံးရှေ့၌မတ်တတ်ရပ်စေရန်ခေါ်ပြီးနောက်တွင် "တရားတော်အရ ဥပုသ်နေ့၌ကောင်းသောအမှုကိုပြုအပ်သလော၊ သို့မဟုတ် ဆိုးသောအမှုကို ပြုအပ်သလော။ အသက်ကိုကယ်အပ်သလော၊ သို့မဟုတ် သတ်အပ်သလော" ဟု အရေးကြီးသောမေးခွန်းတစ်ခုကို မေးခဲ့လေသည်။ ယေရှုသည် ဥပုသ်နေ့၏အနှစ်သာရကို သင်ကြားပေးခဲ့သည့်နည်းတူ တစ်ချိန်တည်းမှာပင် ထိုဆရာတို့၏ဆိုးယုတ်သောရည်ရွယ်ချက်တို့ကို ဖော်ထုတ်ပြသခဲ့လေသည်။

ဥပုသ်နေ့၏အနှစ်သာရမှာ လူသား၏ကောင်းကျိုးကိုထိန်းသိမ်းစောင့် ရှောက်ရန်ပင်ဖြစ်လေသည်။ ဥပုသ်နေ့သည် ဘုရားသခင်အတွက်မလိုအပ်ဘဲ လူသားများအတွက်သာလျှင်လိုအပ်လေသည်။ စကြဝဠာကြီးတည်စအခါကပင် ကျွန်ုပ်တို့၏ကောင်းကျိုးချမ်းသာအတွက် ဘုရားသခင်ကဥပုသ်နေ့ကိုသတ် မှတ်ခဲ့လေသည်။ ဥပုသ်နေ့က လူသားတို့ကို ဖိနှိပ်ခံရမှုများနှင့်ကျွန်အဖြစ်ခံနေ ရခြင်းတို့မှလွတ်မြောက်စေပြီး ဘုရားသခင်၏မျက်မှောက်တော်၌လည်းကောင်း၊ ဘုရားသခင်၏ အကြံအစည်တော်ထဲ၌လည်းကောင်း ကျွန်ုပ်တို့လူသားများ အသက်ရှင်ရရန် ရွေးနှုတ်ကယ်တင်ပေးခဲ့လေသည်။ ကျွန်ုပ်တို့သည် ဥပုသ်နေ့၌ ကောင်းသောလုပ်ဆောင်မှုများ၊ ကောင်းမှုအလုံးစုံတို့ဖြင့် ပြည့်စုံနေသင့်လေသည်။ ကျွန်ုပ်တို့သည် ဥပုသ်နေ့၌ ကိုယ်ကျိုးကိုမရှာ၊ ကိုယ်အတ္တကို

ဖြည့်ဆည်းမည့်အစီအစဉ်တို့ကို ငြင်းပယ်ပြီး ဘုရားသခင်အလိုတော်ရှိတော်မူသည့်အတိုင်း လူသားအချင်းချင်းစောင့်ရှောက်ပေးသည့်အမှုတော်ကိုသာပြုကြမည်ဆိုပါလျှင် ကမ္ဘာကြီးမည်သို့မည်ပုံ ပြောင်းလဲသွားမည်နည်း။ ဤသို့ပြုခြင်းကို ဓမ ဟောင်းတရားအနှစ်သာရအရ 'ဂရုဏာတရား၏လုပ်ဆောင်မှု' ဟု ခေါ် ဆိုလေသည်။

ဥပုသ်နေ့ကိုအမှန်ချိုးဖောက်သူများမှာ ထိုခေါင်းဆောင်တို့သာလျှင်ဖြစ်ကြောင်း ဘက်လိုက်မှုမရှိဘဲ ယေရှုကဖော်ထုတ်ခဲ့၏။ ထိုခေါင်းဆောင်တို့သည် နည်းလမ်းသုံးခုဖြင့်မှားယွင်းခဲ့ကြလေသည်။

- ပထမအချက်အနေဖြင့် ထိုသူတို့သည် လက်တစ်ဖက်သေသောသူအား စာနာသနားစိတ်မရှိကြပေ။
- ဒုတိယအချက်အနေဖြင့် ထိုသူတို့သည်ယေရှုကိုအကူအညီပေးရမည့်အစား အပြစ်တင်ရမည့်အခွင့်ကို ရှာနေခဲ့ကြသည်။
- တတိယအချက်အနေဖြင့် ယေရှုကိုလုပ်ကြံဖို့ရန် ဟေရုဒ်၏လူများတို့နှင့် ဥပုသ်နေ့၌ တိုင်ပင်ကြလေသည်။

ထိုသူတို့သည် မိမိတို့၏ရှေ့နောက်မညီညွတ်သောသဘောထားကို သိရှိကြမည်မှန်သော်လည်း ဥပုသ်နေ့၏ဖန်ဆင်းရှင်ဘုရားသခင်၏အလိုတော်ကိုလိုက်ရမည်ကိုစိုးကြသောကြောင့် သခင်ယေရှုကို ပုတ်ခတ်တိုက်ခိုက်သည့်အရေး၌ ပူးပေါင်းပါဝင်ကြလေသည်။ လူသားတို့၏ဘဝအသက်တာ၌ ဘုရားသခင်၏မေတ္တာ တော်ကိုပိုမိုခံစားနိုင်ကြရန် ယေရှုသည် အသားကျပြီးဖြစ်သည့်၊ လူတို့ကကောင်းစွာလက်ခံထားပြီးဖြစ်သည့် ဘာသာရေးထုံးတမ်းများထဲသို့ ရဲဝင့်စွာဖြင့်ဝင်ရောက်စွက်ဖက်ခဲ့လေသည်။ အမှုတော်လုပ်ငန်း တစ်ခုသည် လူတို့၏ကျိုးပဲ့နာကျင်မှုများကိုနှစ်သိမ့်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါက ဆက်လက်လုပ်ဆောင်ရန် မထိုက်တန်နိုင်ပါ။

ကျွန်ုပ်သည်လည်း ယနေ့ကျွန်ုပ်တို့ဘုရားကျောင်းများအတွက် ဘုရားသခင် လုပ်စေလိုသောအရာတို့ကို ပိုမိုမျှော်လင့်တတ်သူဖြစ်လာရန် စိန်ခေါ်ခြင်းခံရပါသည်။ ယေရှု၏နေ့ရက်ကာလများ၌ရှိသောဘုရားကျောင်း၌ ပြုလုပ်သော အစီအစဉ်တို့သည် ယနေ့ကျွန်ုပ်တို့ကာလနှင့် ကွာခြားသော်လည်း လိုက်နာအပ်သောထုံးတမ်း၊ ကျင့်ဝတ်များတို့၏ လွှမ်းမိုးခြင်းကိုမူ ကျွန်ုပ်တို့လည်းရှေးလူများ နည်းတူမကြာခဏခံစားရပေသည်။ သူတို့က မတ်တပ်ရပ်လျက် ဆုတောင်းကြသည်။ ကျမ်းစာကိုလည်းဖတ်ကြသည်။ ကျွန်ုပ်တို့ကထိုင်ကြသည်။ ဘုရားသခင့်လူတို့၏ လိုအပ်မှုများကို ဘုရားသခင်လက်လှမ်းမမီနိုင်ရန် အတားအဆီးဖြစ်စေမည့်အစဉ်အလာများအပေါ် စွဲလမ်းနေခြင်းမှကျွန်ုပ်ကိုဘုရားသခင် လွတ်မြောက်စေတော်မူပါ။ ကျန်သောကျမ်းတစ်ပိုဒ်၌မူ ဘုရားကျောင်း အပြင်ဘက်၌ ယေရှု၏သွန်သင်ချက်ကိုကြားနာလိုသည့် လူတအုပ်တမကြီးအကြောင်းကိုပြောထားလေသည်။ အစီအစဉ်အခမ်းအနားကို လွန်လွန်ကဲကဲအလေးထားမည့်အစား လူကိုသာအရေးထားစောင့်ရှောက်ရပေမည်။ ထိုသို့ပြုမှသာ လူတို့သည် ဘုရားကျောင်းသို့လည်းကောင်း၊ ဘုရားသခင်ထံတော်သို့လည်းကောင်း ပြန်လာလိုစိတ်ရှိမည်ဖြစ်လေသည်။

# ယေရှု၏မိသားစု
# မာကု ၃:၃၁-၃၅

ဤခေါင်းစဉ်ရှိကျမ်းပိုဒ်သည် မှန်ကန်သောလုပ်ရပ်၊ မှားယွင်းသော လုပ်ရပ်ဟူသော လူမှုရေးဆိုင်ရာ ကျွန်ုပ်တို့ခံယူချက်များနှင့်သက်ဆိုင်ပြီး ဖတ်ရှုသူတို့ကိုအံ့အားသင့်စရာဖြစ်စေပါလိမ့်မည်။ နပုံးတွေ့ဒူးတွေ့ မကြုံမတွေ့မချင်း ကျွန်ုပ်တို့၌ရှိသည်ဟုပင်ကျွန်ုပ်တို့ထင်မထားသောယုံကြည်မှု စွဲလန်းခြင်းများသည် ကျွန်ုပ်တို့၌ ရှိနေကြလေသည်။ ယေရှု၏ မယ်တော်က ယေရှုနှင့်တွေ့ချင်သည့်အကြောင်းကို ယေရှုအားပြောပြ ရန်မှာ လူအုပ်ကြီးအတွက်ပြဿနာဖြစ်မည်လား။ မဖြစ်ပါ။ လူအုပ်ကြီး က ယေရှုသည်သင်ကြားမှုပြုခြင်းကိုရပ်လျက် သူ၏မိသားစုများနှင့် စကားပြောမည်ဟုသာ ထင်ထားကြပေမည်။ ဤသည်မှာပုံမှန်လုပ်ရိုး လုပ်စဉ်ပင်ဖြစ်သည် မဟုတ်လော။ သင်နှင့်ကျွန်ုပ်လည်း ထိုလူအုပ်ကြီး နေရာ၌သာရှိခဲ့လျှင် ထိုသူတို့ကဲ့သို့ပင်ပြုမိမည်ဖြစ်လေသည်။

*ထိုအခါ ကိုယ်တော်၏မယ်တော်နှင့် ညီတော်တို့သည် ရောက်လာ ပြီး အပြင်၌ရပ်လျက် လူလွှတ်၍ ကိုယ်တော်ကို ခေါ်ကြ၏။ လူထုပရိ သတ်တို့သည် ကိုယ်တော်၏ပတ်လည်၌ ထိုင်နေကြ၍ ကိုယ်တော်အား "ကိုယ်တော်၏မယ်တော်၊ ညီတော်နှင့်နှမတော်တို့သည် ကိုယ်တော်ကို ရှာလျက် အပြင်၌ ရှိကြပါသည်"ဟု လျှောက်ကြ၏။ ကိုယ်တော်က လည်း "မည်သူသည် ငါ့အမိနှင့်ငါ့ညီများဖြစ်သနည်း"ဟု သူတို့အား ပြန်၍မိန့်တော်မူ၏။ ထို့နောက် မိမိပတ်လည်၌ ဝိုင်းရံလျက် ထိုင်နေသော သူများကို ပတ်ပတ်လည်ကြည့်ရှုတော်မူ၍ "ကြည့်ရှုလော့၊ ဤသူတို့သည် ငါ့အမိနှင့်ငါ့ညီများပေတည်း။ အကြောင်းမူကား*

*ဘုရားသခင်၏အလို တော်ကိုဆောင်ရွက်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိဖြစ်၏"ဟု မိန့် တော်မူ၏ (မာကု ၃:၃၁-၃၅)။*

ထိုသူတို့က ရောက်ရှိလာသောမိသားစုဝင်များကို ယေရှုကအချိန်ပေးလိမ့်မည်ဟု မျှော်လင့်ကြသည်။ ရေဒီယိုကြော်ငြာသူတစ်ယောက်၊ လူထုကိုစကား ပြောသူတစ်ယောက်ကို ကြားဖြတ်ဝင်ပြောခြင်းကဲ့သသောအခြေအနေတစ်ရပ်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ပြောနေခြင်းမဟုတ်ပါ။ လူအုပ်ကြီးကလည်းသိပါ သည်။ သူတို့က ကိုယ်တော်၏မိသားစုများအပြင်၌ရပ်နေကြသည့်အကြောင်းကို ကိုယ်တော်အားအသိပေးကြပါသည်။ ထိုနေရာ၌ လူအလွန်များသည်။ ယေရှုဘယ်မှာရှိနေမှန်း ကျွန်ုပ်တို့သေချာစွာမသိသော်လည်း ကျိန်းသေသည်မှာ ယေရှုသည် ကြီးမားသည့်လူအုပ်ကြီးကြားထဲတွင် ရောက်နေမည်မှာဧကန်ပင်ဖြစ် လေသည်။ ထို့ကြောင့် ယေရှု၏မယ်တော်နှင့်ညီတော်တို့က အပြင်၌ရပ်နေကြရသည်။ ယေရှု၌ ဆဲလ်ဖုန်းလည်းမရှိ။ ယေရှု၏မိသားစုအတွက် ယေရှုအနားကပ်၍စကားပြောရန်မှာမလွယ်ချေ။ လူအုပ်ကြီးအတွက်လည်း အခြားအရာများထက် မိသားစုကိုပိုပြီးအလေးထားရမည်မှာ အမှန်တရားတစ်ခုဖြစ်လေသည်။ ထို့ကြောင့်လည်း လူအုပ်ကြီးက မယ်တော်နှင့်ညီတော်များရောက်နေကြောင်း ယေရှုကိုအသိပေးခဲ့ကြလေသည်။

ယေရှုက ဘယ်လိုသဘောထားရှိခဲ့သလဲ။ ခဏလေးရပ်ပြီး မယ်တော်တို့ကိုသွားတွေ့နိုင်ပါသည်။ သို့မဟုတ် တရားဟောလက်စဖြစ်နေလျှင်လည်း 'ခဏနေလာပါမည်'ဟု မယ်တော်တို့ကိုပြောလိုက်နိုင်ပါသည်။ သူတို့က နားလည်ပေးနိုင်ပါသည်။ သို့သော်လည်း ယေရှု၏တုံ့ပြန်မှုမှာ အများမျှော်လင့်သလိုမဟုတ်ခဲ့ပေ။ ယေရှု၏တုံ့ပြန်မှုက လူအုပ်ကြီးနှင့်တကွ ကိုယ်တော်၏မိသားစုဝင်များနှင့် ကျွန်ုပ်တို့ကိုပါအံ့အားသင့်စေခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ၊ ယေရှုတုံ့ပြန်သောစကားကိုကျွန်ုပ်တို့စေ့စေ့တွေးကြမည်ဆိုလျှင် ကိုယ်တော်သည်မိသားစု၏အ

ရေးကြီးမှုကို အထူးပင်နားလည် လက်ခံသည့်အကြောင်းကိုနားလည် သဘောပေါက်ကြမည်ဖြစ်လေသည်။

မေးစရာက ယေရှု၏မိသားစုသည် မည်မျှကြီးသလဲဆိုတာပင်ဖြစ်လေသည်။ ရှင်မာကု ၁:၁၅ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဖတ်ကြရမည်ဖြစ်၏။ ကိုယ်တော်လောကသို့ကြွလာသည်မှာ အမှုတော်ကိုပြီးမြောက်စေရန်ဖြစ်၏။ ဘုရားသခင့်သားတော်အာဒံအားဖြင့် လူသားအားလုံးက ဘုရားသခင်နှင့်ဆက်နွယ်မှု ရှိသည်ဆိုလျှင် လူသားအားလုံးသည်ယေရှု နှင့်လည်းသက်ဆိုင်မှုရှိသည်ဟုနားလည်ရမည်ပင်ဖြစ်၏။ (လုကာ ၃:၃၈) ထို့ကြောင့် ကျွန်ုပ်တို့အားလုံးလည်းတစ်ယောက်နှင့်တစ်ယောက်သက်ဆိုင်မှုရှိလေသည်။ ယေရှုသည် မိသားစု၏အရေးကြီးမှုကိုငြင်းပယ်သည်မဟုတ်ဘဲ သူ၏မိသားစုမှာမည်မျှကြီးကြောင်းကိုဖော်ပြခြင်းပင်ဖြစ်၏။ ထိုလူအုပ်ကြီးသည်လည်း ယေရှုအတွက်သူစိမ်းတစ်ရံဆံများမဟုတ်ကြပါ။ ထိုသူတစ်ဦးစီတိုင်းသည်လည်း ယေရှု၏အစိတ်အပိုင်းတစ်ခုစီဖြစ်လျက် အယောက်တိုင်းသည်သူ့နေရာနှင့်သူအရေးပါကြပါသည်။ ယေရှုက ပို၍အရေးကြီးသောအချက်အလက်တို့ကို ဆက်လက်ပြောဆိုသွားလေသည်။

ယေရှုက လူတိုင်းသူ့ရဲ့မိသားစုဖြစ်ကြောင်းပြောရာနေရာမှ ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိဖြစ်သည်ဟုမိန့်တော်မူခဲ့လေသည်။ မြေကြီးပေါ်ရှိလူတိုင်း သူနှင့်သက်ဆိုင်သည့်သူများဖြစ်သည်ဟု ယေရှုပြောသည်ဟုကျွန်ုပ်တို့မမှတ်ယူသင့်ပေ။ အာဒံနှင့်တော့အားလုံး သက်ဆိုင်ကြပါသည်။ ဒုတိယအာဒံဖြစ်သူယေရှုကတော့ မိသားစုအသစ်ကိုတည်ထောင်နေပါသည်။ အထက်အရပ်မှမွေးဖွားခြင်းခံပြီးသူများသာ ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်ပါမည်ဖြစ်၏။ ယေရှုက "ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်သောသူ" ဟူသောစကားစုတို့ဖြင့် ကိုယ်တော့်မိသားစုဝင်တို့၏ ထူးခြားသော

လက္ခဏာကိုဖော်ပြခဲ့လေသည်။ ထိုစကားစုတို့သည် ကျွန်ုပ်တို့ဘဝအ သက်တာများအတွက် အထူးပင်အသုံးဝင်လေသည်။

## အထူးသီးသန့်ဖြစ်သည်

ဘုရားသခင်၏အလိုတော်ကိုမဆောင်ရွက်သောသူသည် ဘုရား သခင်နိုင်ငံတော်၌သော်လည်းကောင်း၊ ယေရှု၏မိသားစုထဲ၌သော်လည်း မပါဝင်ပါ။ ယေရှုနှင့်နီးကောင်းနီးမည်။ ယေရှုသွန်သင်ချက်ကို ကြားနား ဖူးလျှင် ကြားနာဖူးမည်။ သို့သော်လည်း ယေရှု၏မိသားစုထဲမပါဝင်လျှင် ထာဝရကာလ၌ သူစိမ်းတစ်ရံအနေအဖြစ်သာ နေကြရမည်ဖြစ်သည်။ ရယ်မောပျော်ရွှင်မှုများ၊ နွေးထွေးမှုများ၊ ချစ်ခြင်းမေတ္တာများတို့ရှိသော အရပ်နှင့် မသက်ဆိုင်သောသူများဖြစ်ကြရပါလိမ့်မည်။

## ထူးခြားသောလက္ခဏာများ

ယေရှုက သူ့မိသားစုကိုဘယ်လိုသရုပ်ဖော်သလဲဆိုသည်ကို ကျွန်ုပ် တို့သတိမူရန်လိုပေသည်။ သူတို့သည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်ကြသည်။ တစ်ချို့က သူတို့၏အသွေးအသားထဲကပင် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်ချင်နေကြသည်ဟု ဆိုကြ ပေမည်။ ဘုရားသခင်ကိုအဖဟုခေါ်သော်လည်း ဘုရားသခင်၏အလို တော်ကိုမဆောင်ရွက်သောသူတို့သည် လိမ်ညာသူများသာဖြစ်လေ သည်။ အကယ်စင်စစ် သူတို့သည် အခြားသောမိသားစုဝင်များဖြစ် ကြလေသည်။ ဘုရားသခင်၏မိသားစုဝင်၊ ယေရှု၏မိသားစုဝင်များမ ဟုတ်ကြပါ။

ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ဘုရားသခင်ကကျွန်ုပ်၏နှလုံး သားကိုပြင်းထန်စွာ နိုးဆော်သည့်အချိန်ရှိခဲ့ဖူးသည်။ ကျွန်ုပ်၏လုပ်

ဆောင်ချက်၊ အတွေးအခေါ်တို့ပြောင်းသွားမည်လာဟု ကိုယ်တော်က ကျွန်တော်ကို စမ်းသပ်ပါသည်။ ထိုစမ်းသပ်မှုက လျှင်မြန်ပြင်းထန်စွာ ရောက်လာခဲ့လေသည်။ အကယ်စင်စစ် ပြဿနာကသိပ်မကြီးသော်လည်း ကျွန်ုပ်နှလုံးသာတွင်မူပြင်းထန်သော မွန်းကျပ်မှု၊ လွန်ဆွဲမှုရှိနေခဲ့ပါသည်။ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်နေမိသည် "ဘုရားသခင်၏အလိုတော်ကို ကျွန်ုပ်ဆောင်ရွက်ပါရဲ့လား" "ငါဘုရားနှင့်သက်ဆိုင်သည်ဟု ပြောပြီး ဘုရားသခင်ရဲ့အလိုကို လုပ်ဆောင်နေပါရဲ့လား။"

ပထမဆုံးကျွန်ုပ်သတိထဲရောက်လာသည်ကတော့ ကျွန်ုပ်သည်လည်း အပြစ်ဆိုဖွယ်ရာရှိသူတစ်ဦးဖြစ်ကြောင်းပင်ဖြစ်လေသည်။ သခင်ဘုရားနေ့ဝတ်ပြုခြင်းများ၌အချိန်မတိကျတတ်သူဖြစ်လေသည်။ ခရီးသွားစဉ် တရားဟောချက်ငါးပုဒ်လောက်နားထောင်တတ်သော်လည်း ကျွန်ုပ်သာပို၍ဂရုတစိုက်နှင့်စီမံခန့်ခွဲတတ်မည် ဆိုခဲ့လျှင် ကျွန်တော့်ဇနီးနှင့်ကလေးများအတွက်လည်းဂရုစိုက်နိုင်မည်ဖြစ်လေသည်။

ထို့အပြင်၊ ကျွန်ုပ့်ဇနီးသည်နှင့်ကျွန်ုပ်ကို အခြားသူများရှုမြင်သတ်မှတ်ထားချက်များကလည်း ကျွန်ုပ်အတွက် ဖိဆီးမှုဖြစ်နေပါသည်။ ဘုရားသခင်၏အလိုတော်ရှိရာကိုလုပ်ချင်သည်ဟု ကျွန်ုပ်ပြောပြီး သခင်ဘုရားနေ့၌ ကျွန်ုပ်ကိုငြိမ်သက်ခြင်းမခံစားရစေသောအရာများတို့ကို လုပ်နေရပါသည်။ လူတို့၏ယဉ်ကျေးမှုကြီးက ကျွန်ုပ်ကို ချုပ်နှောင်ထားပါသည်။ ဘယ်တစ်ခုကိုရပ်ဆိုင်းရမည်နည်း။ ကျွန်ုပ်စိတ်ဝိညာဉ်သည် ဝရုန်းသုန်းကားနှင့် မချိတင်ကဲဖြစ်လာပါပြီ။ ဖြေရှင်းရမည့်နည်းလမ်းများလည်း ကျွန်ုပ်မတွေ့ရသေးပေ။

- တစ်ဖက်က၊ ကိုယ်ဝန်ခုနှစ်လနှင့် နေ့စေ့လစေ့ဇနီးသည်။ သူမကို မွေးပေးမယ့်သူ အပြောင်းအလဲလုပ်မှာ မလိုချင်ပါ။ သူ့အတွက် အလွန်အရေးကြီးသည်ကို ကျွန်ုပ်လည်းသိပါသည်။ နားလည်ပါသည်။ ကျွန်တော်တို့မှာ ဘာအာမခံချက်မှလည်းမလုပ်ထားပါ။ ကလေးမီးဖွားဖို့လည်း ငွေကြေးမရှိခဲ့ပေ။

- တစ်ဖက်ကလည်း၊ ဘုရားသခင်အမှုတော်ရှိပါသည်။ တနင်္ဂနွေနေ့မှာ သခင်ဘုရားနေ့အတွက် လုပ်ရမည်တို့ကို အာရုံမစိုက်နိုင်ဖြစ်နေမည်ကို ဘုရားသခင်အလိုရှိမည်မထင်ပါ။ စိတ်နှစ်ခွမဖြစ်ရန် ဘုရားသခင်က တောင်းဆိုနေပါသည်။ ဘုရားသခင်၏အလိုတော်ကိုဆောင်ပါမည်လားဟု ယေရှုက ကျွန်ုပ်ကိုစစ်ဆေးနေပါသည်။

ဘုရားသခင်သည် ကျွန်ုပ်၏ယုံကြည်ခြင်းကိုအားဖြည့်ပြီး၊ သူ၏အလိုတော် ကိုထင်ရှားဖော်ပြခဲ့လေသည်။ ကျွန်ုပ်၏ကိုးကွယ်ဝတ်ပြုချိန်၌ ပင် ဓမ္မရာဇဝင် ပ၅စောင်အားဖြင့် စကားပြောနေခဲ့ပါသည်။ အခန်းကြီး ၂၀ ၌ ဘုရားသခင်သည် မယုံနိုင်စရာကောင်းလောက်အောင် (အံ့သြလောက်အောင်) ဒါဝိဒ်ကိုကာကွယ် ပေးခဲ့၏။ သို့သော်လည်း အခန်းကြီး ၂၁ ၌ ဒါဝိဒ်သည်ယုံမှားမကင်းခံရလေတော့သည်။ ဖိအားများနှင့် သူသည်လိမ်ညာပြီး ရူးနေသူတစ်ဦးသဖွယ်ဟန် ဆောင်ခဲ့လေ၏။ ဒါဝိဒ်သည် မိမိအစွမ်းအစကိုအမှီပြုခဲ့လေသည်။ ထိုလိမ်ညာခြင်း အကျိုးဆက်ကြောင့် အခန်းကြီး ၂၂ ၌ ယဇ်ပုရောဟိတ်ရွာတစ်ရွာဖျက်ဆီးခြင်းခံခဲ့ရလေသည်။ ကျွန်ုပ်သည် ဘုရားသခင်၏အလိုတော်ကို ဆန့်ကျင်ပြီး မည်သည့်အရာကိုမျှမလိုက်လျောလိုပါ။ သို့သော် ကျွန်ုပ်မည်သို့ပြုနိုင်ပါမည်နည်း။

ထိုဖိအားများရှိနေသော်လည်း၊ ကျန်းမာရေးဆိုင်ရာပညာပေးသူနာပြုဆရာမကိုခေါ်လိုက်ပြီး တနင်္ဂနွေ၌ ရှိမယ့်အတန်းအတွက် ကျွန်ုပ်၏စိုးရိမ်စိတ်များကို ပြောပြလိုက်သည်။ စင်စစ် ဤအတန်းမရှိဘဲ ကလေးကို အိမ်၌မွေးဖွားနိုင်မည်မဟုတ်ပေ။ အခြားနေရာ၌လည်း မွေးစရာမရှိပေ။ အရေးပေါ်အကြောင်းများအတွက်လည်း ငွေကြေးအပိုအလျှံမရှိပါ။

ယနေ့မှာ သူနာပြုဆရာမကိုပြန်ခေါ်လိုက်သည်။ သူက ကျွန်ုပ်တို့ကို အိမ်၌သင်ကြားပေးမည်ဟုပြောသည်။ ပိုက်ဆံနည်းနည်းပိုပေးရမည်ဖြစ်သော်လည်း ကျွန်ုပ်တို့တတ်နိုင်သောအတိုင်းအတာသာဖြစ်လေ

သည်။ ကျွန်ုပ်အနေနှင့်မတတ်နိုင်တော့ဘူးဟု သတ်မှတ်ထားသောအရာကို ဘုရားသခင်ဖြေရှင်းပေးတော်မူကြောင့် အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ဘုရားသခင်ကိုနာခံတတ်ပြီး တစ်ချိန်တည်း၌ ကျွန်ုပ်၏ဇနီးသည်ကိုလည်း ဂရုစိုက်တတ်သောသူဖြစ်ရန် ဘုရားသခင်ထံသို့အော်ဟစ်ဆုတောင်းခဲ့ရပါသည်။ ဘုရားသခင်၏ဘုန်းတော်ကြောင့် မဖြေရှင်းနိုင်သောပြဿနာပြေလည်ခဲ့ပါ သည်။ ဘုရားသခင်၏အလိုတော်ကို ကျွန်ုပ်ဆောင်ရွက်လိုပါသည်။ ယေရှု၏မိသားစုထဲ၌ပါဝင်ရသောကြောင့် ကျွန်ုပ်ဝမ်းမြောက်ပျော်ရွှင်ရပါသည်။

# ယေရှု၌ စိတ်ချယုံကြည်မှု ကြီးထွားခြင်း
# မာကု ၄:၃၁-၃၇

အလွန်အံ့အားသင့်ဖွယ်ကောင်းပေ၏။လုံးလုံးကို အံ့အားသင့် ဖွယ်ကောင်းပေ၏။ ယေရှုအပေါ်၌ ထိုသူတို့၏စိတ်ခံစားမှုသည် ခုန်ပေါက်ပြေးလွှားခြင်းဖြင့် ကြီးထွားလျက်နေသည်။ ယေရှုနှင့် ထိတွေ့မှုသမျှသည် အထူးပြင်ဆင် ထားသည့်အခန်းထဲသို့ဝင်ရောက်လျက် စူးစမ်းလေလာခြင်းသဖွယ်ဖြစ်သည်။ တပည့်တော်တို့သည် ဖြစ်သမျှသောအရာအားလုံးတို့ကို မြင်တွေ့ကြသည်။ သူတို့သည် မေးခွန်းမေးမြန်းသည့်နည်းလမ်းဖြင့် သင်ကြားပို့ချခြင်း၊ အခြေခံသဘောတရား သို့မဟုတ်နည်းပညာ၏အဓိအချက်စသည့်တို့ကို လေ့လာ သင်ယူခြင်းသက်သက်မဟုတ်ပေ။ သူတို့သည် ကြုံတွေ့နိုင်သည့်ပြဿနာ မှာသမျှကို ကိုင်တွယ်နိုင်ဖို့ရန် ယေရှုအား ကိုးစားခြင်းကို လေ့လာသင်ယူနေခြင်းဖြစ်သည်။

ယေရှုနှင့် တွေ့ဆုံခြင်းသည် အသက်တာပြောင်းလဲခြင်း အတွေ့အကြုံ ခံစားခြင်းဖြစ်ပါသည်။ ယေရှုသည် မိမိလုပ်ဆောင်ခဲ့သောအရာများကို မပြော ဘဲ တိတ်တိတ်နေရန် လူတို့အား မည်မျှပင်ပြောစေကာမူ ထိုသို့သောအသက် တာပြောင်းလဲခြင်းသည် ပေါ်လွင်ထင်ရှားလျက်ရှိသည်။ ယေရှု၏သွန်သင်ချက်များသည် ထိုသူတို့၏စိတ်ဝိညာဉ် ဝမ်းမြောက်ခြင်းနှင့် သဟဇာတမဖြစ်ပေ။ ယေရှုသည် လက်တွေ့ဆန်ပြီး နှိမ့်ချသောသူဖြစ်ပါသည်။ သို့သော် ထိုသူတို့သည် အံ့အားသင့်ပြီး ချုပ်ချယ်မှုကင်းကာ ရွှင်ပျလန်းဆန်းကြသည်။ သူတို့သည် တိတ်တိတ်မနေနိုင်သောသူများဖြစ်သည်။ သို့ဖြစ်၍ ဤအချိန်၌ ကြီးမားသော ရုတ်ရုတ်သဲသဲဖြစ်ခြင်းကား မည်သည့်အရာနည်း။ မည်သည့်အမှုဖြစ်သွားသည်ကိုကြည့်ကြပါစို့။

*ထို့နောက် ကိုယ်တော်သည် တိုင်ရာမြို့နှင့်ဆိုင်သောအရပ်ဒေသမှတစ်ဖန်ထွက်ခွာလျက် ဆီဒုန်မြို့ကိုဖြတ်ကာ ဒေကာပေါလိနယ်နှင့်ဆိုင်သောအရပ်ဒေသအလယ်ပိုင်းမှတစ်ဆင့် ဂါလိလဲပင်လယ်သို့ကြွတော်မူ၏။ ထိုအခါ လူတို့သည် နားမကြား၍ဆွံ့အသောသူတစ်ဦးကို အထံတော်သို့ခေါ်ဆောင်လာပြီး သူ့အပေါ် လက်တော်တင်ပေးပါရန် ကိုယ်တော်အား တောင်းပန်ကြ၏။ ကိုယ်တော်သည် ထိုသူတစ်ဦးတည်းကိုသာ လူထုပရိသတ်ထဲမှခေါ်သွား၍ လက်ညှိုးတော်တို့ကို သူ၏နားနှစ်ဖက်ထဲသို့ သွင်းတော်မူ၏။ တစ်ဖန် တံတွေးထွေး၍ သူ၏လျှာကို တံတွေးဖြင့်တို့တော်မူ၏။ ထို့နောက် မိုးကောင်းကင်သို့မျှော်ကြည့်လျက် သက်ပြင်းချကာ "ဖေသ"ဟု မိန့်တော်မူ၏။ ၎င်း၏အဓိပ္ပာယ်မှာ "ပွင့်စေ"ဟူ၍ဖြစ်၏။ ထိုခဏချင်းတွင် သူ၏နားသည်ပွင့်၍ သူ၏လျှာကြောပြေလျော့ကာ သူသည် ပီသစွာစကားပြောလေ၏။ ကိုယ်တော်သည် ဤအကြောင်းကို မည်သူ့ကိုမျှမပြောကြရန် သူတို့အား မိန့်မှာတော်မူ၏။ သို့သော် သူတို့ကို ထိုသို့မိန့်မှာတော်မူလေ သူတို့သည် ပို၍ပြောလေဖြစ်၏။ လူတို့သည် အတိုင်းထက်အလွန်အံ့အားသင့်လျက် "ကိုယ်တော်သည် အလုံးစုံတို့ကို လျောက်ပတ်စွာပြုတော်မူပြီ။ နားမကြားသောသူကိုကြားစေတော်မူ၍ ဆွံ့အသောသူကိုစကားပြောစေတော်မူ၏"ဟု ပြောဆိုကြ၏။*

ယေရှုရောက်လေရာရာ၌ မည်သည့်အခြေအနေနှင့် တွေ့ဆုံဖြစ်ပါစေ ကိစ္စမရှိပေ။ သူနှင့် ထိတွေ့သမျှသည် အသစ်ဖြစ်လာကြသည်။ ယေရှုသည် တိုင်ရာမြို့မှမိုင်ပေါင်း ၆၀ ဝေးကွာသည့်အရပ်သို့ ခရီးပြုခဲ့သည်။ သူသည် ခေတ္တနားရန် ထွက်သွားပြီး မိမိ၏ရင်းနှီးကျွမ်းဝင်သောတပည့်တော်များနှင့် အချိန်ယူလျက်နေသည်။ အံ့ဩဖွယ်ရာများသည်လည်း သူရှိရာအရပ်သို့လိုက် ပါထင်ရှားလျက်ရှိသည်။ မည်သူမဆိုသူ့ထံသို့ အကူအညီအတွက် လာလျှင်လည်း ကိစ္စမရှိပေ။ သူ့ထံသို့လာသောသူများကား ဝမ်းနည်းသောသူများ၊ စိတ်နှလုံးကြေကွဲသော

သူများနှင့်မျှော်လင့်ချက်ကင်းမဲ့သောသူများဖြစ်သည်။ များစွာသောသူတို့သည် ခေါ်လာရမည်ဖြစ်သည်။ အကြောင်းမှာ ထိုသူတို့သည် ယေရှု၏စွမ်းရည်တန်ခိုးဖြင့် သူတို့အကူအညီရရှိနိုင်ကြောင်းကို မသိရှိဟန်ရှိသည်။ သို့မဟုတ် သူတို့သည် မလာမရောက်နိုင်သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထိုအမှုသည် ဤအဖြစ်အပျက်၌ ထိုလူ၏အမှုကိစ္စဖြစ်ပါသည်။ ထိုလူတို့သည် နားမကြားဘဲ ဆွံ့အသောသူတစ်ဦးကို အထံသို့ခေါ်ဆောင်လာကြပါသည်။ ထိုအမှုထက် ခက်ခဲသောအရာရှိအုန်းမည်လော။ ထိုအမှုအရာပြီးနောက် ထိုသူ၏ပြဿနာများသည် ပကတိကျန်းမာသွားသည် မကျန်းမာသွားသည်ကို လူတိုင်းသိရှိသွားကြမည်ဖြစ်သည်။


လူထုပရိသတ်သည် လမ်းဘေး၌ လဲလျောင်းနေသောဤလူကို တွေ့ကြလျှင် မည်သို့ဖြစ်မည်ကို အကျွန်ုပ်သိချင်လှပါသည်။ တနည်းအားဖြင့် ဤလူသည် ယေရှု၏ကူညီမစခြင်းကို ရရှိနိုင်သည် သို့မဟုတ် လူထုပရိသတ်က စင်စစ်ယေရှုလုပ်နိုင်ခြင်းမရှိကို တွေ့မြင်ဖို့ရန် စမ်းသပ်နေခြင်းလည်းဖြစ်နိုင်သည်။ သူတို့ထဲမှအများစုက သူ့ကို ယေရှုထံသို့ ခေါ်ဆောင်လာကြသည်။ ယေရှုသည် ဤလူနှင့်စပ်လျဉ်း၍ အရာများစွာကို သိရှိထားကြောင်း အထင်အရှားပင်ဖြစ်သည်။

- ပထမအနေဖြင့် ဤအမှုကိစ္စသည် ခက်ခဲသောအရာဖြစ်သည်။ အနာ ငြိမ်းခြင်းနှင့်စပ်လျဉ်း၍ ယေရှု၏စီစဉ်ပြင်ဆင်ထားခြင်းကို ကျွန်ုပ်တို့ တွေ့ရှိနိုင်သည်။
- ဒုတိယအနေဖြင့် လူထုပရိသတ်၏သဘောကျအထင်ကြီးခြင်းအပေါ် ယေရှုတွန်းလှန်သည်ကို ကျွန်ုပ်တို့တွေ့ရှိပြန်သည်။ ကိုယ်တော်သည် သီးသန့်ကျန်းမာစေသည်။
- တတိယအနေဖြင့် ယေရှုသည် သူ၏ထင်ပေါ်ကျော်ကြားမှုအတွက်မဟုတ်ဘဲ၊ ထိုလူနှင့်ပတ်သက်သည့်အမှုကို ဂရုစိုက်တော်မူ၏။

ယေရှုသည် ပုံမှန်အနာငြိမ်းခြင်း လုပ်ထုံးလုပ်နည်းကို ငြင်းဆိုခဲ့သည်။ လူထုပရိသတ်က ထိုအမှုသည် အထူးနည်းစနစ်ဟု စတင်တွေးဆနိုင်ဟန်ရှိသည်။ ယေရှုသည် သာမန်လုပ်ရိုးလုပ်စဉ်ဖြစ်သည့်အနာငြိမ်းခြင်းဆိုင်ရာ လက်တော်တင်ခြင်းကို ချိုးဖောက်လိုက်ပါသည်။ ယေရှုသည် ထိုသူ၏နားနှစ်ဘက်ထဲသို့ မိမိ၏လက်ညှိုးတော်တို့ကို သွင်းလိုက်ပြီး ထိုသူ၏လျှာကို တံတွေးဖြင့် တို့တော်မူ၏။ နောက်ဆုံးတွင် ဘုရားသခင်ကိုခေါ်လျက် "ပွင့်စေ"ဟု မိန့်ဆိုလိုက်ပါသည်။ ထိုအမှုအရာသည် အနည်းငယ်တွန်းလှန်နေသလိုဖြစ်သော်လည်း ကျွန်ုပ်တို့သည် လူထုပရိသတ်နှင့်အတူ ထိုလူ့အပေါ် ယေရှု၏ရုတ်တရက်အနာငြမ်းစေခြင်းကို အံ့အားသင့်လျက်နေကြသည်။

သည်မှာလည်း ကြေကွဲဝမ်းနည်းသောသူနောက်တစ်ယောက် ကျန်းမာသွားပါသည်။ လူထုပရိသတ်က "သူဟာ အရာအားလုံးလုပ်နိုင်တယ်။ နားပင်းသောသူကို ကြားအောင်လုပ်နိုင်တယ်၊ စကားဆွံ့အသောသူကို စကားပြောအောင်လုပ်နိုင်တယ်"လို့ ဆိုကြပါတယ်။ ယေရှုအပေါ်စိတ်ချယုံကြည်မှုသည် စတင်ကြီးထွားလာပြီဖြစ်သည်။ ဤအံ့သြဖွယ်ရာအားဖြင့် ယေရှုထံသို့ရောက်လာသူ မှာသမျှသည် အနာငြိမ်းခြင်းကို ရရှိခံစားနိုင်ကြောင်း ကျွန်ုပ်တို့တွေ့မြင်ပါသည်။


## ကြီးထွားနေသောယုံကြည်ခြင်း



ယေရှုနှင့်ပတ်သက်၍ အကျွန်ုပ်ယုံကြည်ရသည်မှာ အဘယ်နည်း။ ဤမေးခွန်းအတွက် အကောင်းဆုံးစမ်းသပ်ခြင်းကား အကျွန်ုပ်သည် မည်သူကို ယေရှုထံသို့နောက်ဆုံးခေါ်ဆောင်ခဲ့သနည်းဟူသောကို ကြည့်ရှုရမှာဖြစ်ပါသည်။ ယေရှုသည် ကိုယ်ခန္ဓာအားဖြင့် မထင်ရှားတော့သည့်အတွက် စကားအားဖြင့် လုပ်ဆောင်နေသည်ဟု ထင်စရာရှိသည်။ သို့သော် ယေရှုသည် ယနေ့အသက် ရှင်သည်မဟုတ်ပေလော။ အရာအားလုံးကို ကိုယ်တော်လုပ်နိုင်သည်ဟု ကျွန်ုပ်တို့ဝန်ခံထားသည် မဟုတ်ပါလော။ ကိုယ်တော်သည်လည်း သူလုပ်ဆောင်ခဲ့အတိုင်း သူ့တပည့်တော်များကို လုပ်စေလိုသည်ဟု ကျွန်ုပ်တို့ ဝန်ခံကြသည် မဟုတ်လော။

ကျွန်ုပ်တွေ့ရှိသည့်ပြဿနာကား ကျွန်တော်အပါအဝင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ အားနည်းကြ၏။ ယေရှုသည် ထိုအမှုအရာများ ပြုလုပ်နိုင်သည်ကို ကျွန်ုပ်တို့စိတ်မချကြပေ။ ကိုယ်တော်သည် ထိုအမှုအရာများကို ပြုလုပ်လိုသော်လည်း ကျွန်ုပ်တို့၏ယုံကြည်ခြင်း ပမာဏနည်းပါးနေသော ကြောင့်ဖြစ်နိုင်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်၏ရည်ရွယ်ချက်အပေါ်၌ စိတ်ချမည်ဆိုလျှင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အလွန်အမင်း မြင်သာအောင်ပြသလာပါလိမ့်မည်။ ထိုအရာကို ကျွန်ုပ်တို့လိုချင်ကြပါစို့လား။

## ကျဆင်းနေသောယုံကြည်ခြင်း



အကယ်၍ ထိုအမှုအရာများကို လုပ်ဆောင်ဖို့ရန် ကိုယ်တော်၏ စွမ်းရည်အပေါ်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အားနည်းနေမည်ဆိုလျှင် ကြီးမားသောအမှုအရာများစွာဖြစ်ပျက်သည်ကို ကျွန်ုပ်တို့မမြင်ဘဲ နေနိုင်သည်။ ထိုသို့ဖြစ်ပျက်သောအမှုအရာများကို ကျွန်ုပ်တို့မမြင်တွေ့သောအခါ ယေရှုအပေါ် ကျွန်ုပ်တို့၏သဘောကျဆွဲလန်းခြင်းသည် ပိတ်လှောင်ပြီး တင်းကျပ်လာပါလိမ့်မည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကောင်းမြတ်သောဆရာတစ်ပါး အဖြစ်သာ တွေးထင်မှာဖြစ်ပါသည်။ သို့သော် ထိုကဲ့သို့ သောအားနည်းသည့်ယုံကြည်ခြင်းသည် ဧကန်အမှန် တပည့်တော်တို့၏လမ်းခြင်းမဟုတ်သလို လူထုပရိသတ်ဘက်မှလည်း လက်မခံအရာပင်ဖြစ်သည်။ အထူးသဖြင့် ယေရှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၌ရှိသင့်သောစွဲလမ်းခြင်းသည် ထိုသို့လုံးဝမဖြစ်သင့်ပေ။ ယေရှုသည် ဘုရားသခင်၏သားဖြစ်ပါသည်။ ကိုယ်တော်သည် ယုံကြည်စိတ်ချရမည့်သူ၊ နောက်တော်သို့လိုက်ရမည့်သူဖြစ်ပါသည်။ ယေရှုကို အကျွန်ုပ်မည်သို့လိုက်နေသည်ကို သိချင်လှသည်။ ကိုယ်တော်သည် အမှန်စင်စစ်ပုဂ္ဂိုလ်လော သို့မဟုတ် ကိုယ်တော်သည် အကျွန်ုပ်အသက်တာ၌ တွေ့ကြုံခံစားရန် သင့်တော်သောသူလော။

ယေရှုနှင့် တွေ့ဆုံခြင်းမှာသမျှသည် မျက်စိပွင့်စရာထိတွေ့ခြင်းအကြောင်းဖြစ်သင့်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏လူဖြစ်လျက် ကိုယ်တော်၏ကိုယ်အင်္ဂါဖြစ်သည်နှင့်အညီ အချိန်တိုင်း ကိုယ်တော်၏မျက်မှောက်တော်၌ရှိကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည်နှိမ့်ချလျက် ခရစ်တော်၏ဘုန်းအသရေတော်၌ အံ့အားသင့်သင့်သည်။ ၎င်းသည် အသင်းတော်၏ရည်ရွယ် ချက်မဟုတ်လော။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ယေရှုခရစ်တော်နှင့်ပတ်သက်၍ လောကီရှုထောင့်အမြင်ကို ရှိစေလိုသလော သို့မဟုတ် အရှိကို အရှိတိုင်းလက်ခံသူတို့၏ရှုထောင့်အမြင်ကို ရှိစေလိုသလော။

ကျွန်တော်ဆုတောင်းဖို့ လိုအပ်သည်။ ကျွန်ုပ်သည် မိမိ၏အား နည်းသောယုံကြည်ခြင်းအပေါ်၌ အလွန်နိမ့်ချပါ၏။ ကျွန်ုပ်နှင့်အတူ မျှဝေခံစားပါ။

*"ကိုယ်တော်၊ ကိုယ်တော်၏ဖြစ်ခြင်းနှင့်လုပ်ဆောင်ချက်သည် အလွန်ပင် ရိုးရှင်းပြီး အံ့ဩဖွယ်ကောင်းပေ၏။ အကျွန်ုပ်မျက်စိသည် ကိုယ်တော်၏ကြီးမြတ်ခြင်းအပေါ် အဘယ့်ကြောင့် မမြင်တွေ့ဘဲ ကန်းလျက်နေပါသနည်း။ ကိုယ်တော်သည် မည်သို့သောဘုရားဖြစ်ကြောင်းကို ကျွန်ုပ်၏ယုံကြည်ခြင်း မျက်စိဖြင့် မြင်တွေ့နိုင်မည့်အကြောင်း ကျွန်ုပ်၏ မျက်စိကို ဖွင့်ပေးတော်မူပါ။ အကျွန်ုပ်သည် ကိုယ်တော့်အကြောင်းနှင့်ပတ်သက်၍ အနည်းငယ်သာစိတ် တက်ကြွမှုရှိပါ၏။ ကိုယ်တော့်အကြောင်းကို လူပေါင်းများစွာတို့အား မပြောပြခဲ့ပါ။ သို့ပါ၍ အကျွန်ုပ်၏ အားနည်းချက်များကို ခွင့်လွှတ်သနားတော်မူပါ။ အခြားအကြောင်းအရာကို အကျွန်ုပ်ပြောဝံ့သကဲ့သို့ အသင်းတော်၏လုပသင့် တယ်ခြင်းကိုပြောဝံ့၍ အာရုံစိုက်နိုင်ဖို့ရန် မစတော်မူပါ။ ယခုပင် ဤအတိုင်းပြောင်းလဲနိုင်ရန် မစတော်မူပါ။*

*ကျွန်ုပ်တို့သည် တစ်စုံတစ်ဦးအား ကိုယ်တော့်ထံသို့ပို့ဆောင်၍ ကျန်းမာခြင်းရရှိခံစားစေမည့်အကြောင်း ယေရှုအား အရှိကိုအရှိတိုင်း ရှုမြင်၍ မိမိတို့၏ယုံကြည်ခြင်းကို တည်ဆောက်ကြပါစို့။ ယေရှုနာမတော်မြတ်၌ ဆုတောင်းပါ ၏။ အာမင်။*

# ဆင်းရဲဒုက္ခခံလျက်ရှိသော ခရစ်ယာန်အတွက် စကားတစ်လုံး

## ယော၊ ၁၅:၁-၂

ဝေဒနာနှင့်ဆင်းရဲဒုက္ခဖြစ်ပါသည်။ မည်သူမျှ ဤအရာကိုမနှစ်သက်ကြသော်လည်း ကျွန်ုပ်တို့သည် ဤအရာကို သည်းခံကြရမည်။ တစ်ခါတစ်ရံ ဝေဒနာသည် ရှည်လျားပြီး ငြီးငွေ့ဖွယ်ကောင်းသည်။ သို့သော် တချို့အတွက်မူ ၎င်းသည် တိုတောင်း၍ တည်တည်ငြိမ်ငြိမ်ရှိသည်။ ဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့အမှန်တကယ် နားမလည်သည့်အကြောင်းအရာဖြစ်ပါသည်။ အကြောင်းမှာ ယနေ့ခေတ် အပျော်အပါးကိုရှာဖွေသည့်လူတို့နှင့် မဟပ်စပ်သောကြောင့်ဖြစ်သည်။

မည်သူမျှဆင်းရဲဒုက္ခကို မနှစ်သက်ကြပေ။ ၎င်းကို သည်းခံရမည်သာဖြစ်သည်။ မချိတင်ကဲဖြစ်နေသောသူများအဖို့ လွယ်ကူသောအဖြေများလည်းမရှိပေ။ ဤအတွက်ကြောင့် ယေရှု၏စကားတော်များကို အကျွန်ုပ်စွဲမက်ခြင်းဖြစ်သည်။ လူအများစုသည် သောကရောက်နေသောသူနှင့်မချိတင်ကဲဖြစ်နေသောသူတို့အပေါ်၌ ဘုရားသခင်၏ပါဝင်ပတ်သက်မှုအကြောင်းကို ပြောဆိုဖို့ရန် ရှက်တတ်ကြ၏။ ထိုသို့ ဖြစ်ရသည့်အကြောင်းကို လူအများစုက ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ဒုက္ခဝေဒနာနှင့် သဟဇာတမဖြစ်သောကြောင့်ဟူ၍ ယုံကြည်တတ်ကြ သည်။ ထိုသူတို့သည် ဝေဒနာနှင့်ဆင်းရဲဒုက္ခ အကြောင်းနှင့်စပ်လျဉ်း၍ ဘုရားသခင်ကိုသူတို့၏စဉ်းစားတွေးခေါ်ခြင်းထဲမှဖယ်ထုတ်လိုက်သည်။ အခြားသောသူတို့သည် ဘုရားသခင်၏ကောင်းမြတ်သောရည်ရွယ်ချက ကို နားမလည်ကြဘဲ ခါးသီးလျက်နေကြ၏။ ဤပြဿနာအပေါ်၌ ယေရှု

ခရစ်၏ကိုင်တွယ်ခြင်းသည် တမူထူးခြားပြီး နှစ်သက်အားရဖွယ်ကောင်း လှပေသည်။

ယေရှုသည် နေ့စဉ်ဝေဒနာနှင့် တွေ့ကြုံရ၏။ သူသည် လူများ စွာတို့၏ဆင်းရဲဒုက္ခများကို တွေ့မြင်ရပါသည်။ များစွာသောလူတို့သည် လူတို့၏ပြင်းထန်သော ဝေဒနာနှင့်ပြဿနာများကို ယေရှုခြေတော်ရင်းသို့ ယူဆောင်လာကြမည်။ ယေရှုသည်လည်း သူ၏ပြောင်မြောက်သော အ နာငြိမ်းခြင်းကို ယူဆောင်လာပါလိမ့်မည်။ ယေရှုသည် ဆင်းရဲဒုက္ခကို ကျွန်ုပ်တို့စတင်စဉ်းစားတွေးခေါ်သည်ထက် သာ၍နားလည်နိုင်သည်။ ဝေ ဒနာကိုလည်း နားလည်သောသူဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော် ၏လူမျိုးဖြစ်သည်နှင့်အညီ ဆင်းရဲဒုက္ခကိုသည်းခံမည်ဆိုလျှင် ကိုယ် တော်သိရှိနားတော်မူ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏မေ တ္တာနှင့်ဆိုင်သော ရည်ရွယ်ချက်ကို နားလည်ထားရမည်။

ငါသည် စစ်မှန်သောစပျစ်ပင်ဖြစ်၏။ ငါ့ခမည်းတော်ကား ဥယျာဉ် မှူးဖြစ်တော်မူ၏။ ငါ၌အသီးမသီးသောအကိုင်းအခက်ရှိသမျှကို ခမည်း တော်သည် ခုတ်ပစ်တော်မူ၏။ အသီးသီးသောအကိုင်းအခက်ရှိသမျှကိုမူ ပို၍အသီးသီးစေရန် ကိုင်းဖြတ်ပြုပြင်တော်မူ၏(ယော၊၁၅:၁-၂)။

စပျစ်ပင်သည် ယေရှုဖြစ်ပါသည်။ ဥယျာဉ်မှူးသည် ခမည်း တော်ဘုရားကိုဆိုလိုသည်။ သူသည် စပျစ်ပင်တစ်ခုလုံးကို ပြုစုစောင့် ရှောက်သောသူဖြစ်တော်မူ၏။ အပိုဒ်ငယ် ၁ သည် ရှင်းလင်းပါ ၏။ အပိုဒ်ငယ် ၂ မူကား များစွာရှုပ်ထွေးသည်။ ယေရှုသည် အကိုင်းအခက် နှစ်မျိုးအကြောင်းကို ပြောဆိုသည်။ ထိုနှစ်မျိုးစလုံးသည် တစ်စုံတစ်ရာ လုပ်ဆောင်ကြ၏။ ဘာသာပြန်ဆိုခြင်း၏ချွတ်ယွင်းမှုသည် ဤပြဿနာ၏ ဖြစ်နိုင်ချေ အများဆုံးဖြစ်သည်။ အကျွန်ုပ်သည် အခြားသူများနည်းတူ အပိုဒ်ငယ် ၂ ၏ဘာသာပြန်ဆိုခြင်း အားနည်းချက်တွင် နှစ်မွမ်းလျက် ယေရှု၏သွန်သင်ချက်တစ်ခုနှင့် လွဲသွားခဲ့ရသည်။ ယေရှုသည် အကိုင်း အခက်နှစ်မျိုးအကြောင်းကို ပြောဆိုသွားသည်။

| | | | | |
|---|---|---|---|---|
| အကိုင်း အခက် တစ်ခုစီ | ငါ ၌ | ၁။ အသီးမသီး | ခုတ်ပစ်သည် | |
| | | ၂။ အသီးသီး လျက်နေ | အကိုင်းအခက် ချိုင်စေသည် | သာ၍အသီးသီးဖို့ |

ဤအကိုင်းအခက်တို့တွင် ဖြစ်လေ့ဖြစ်ထရှိသောအရာနှစ်မျိုးပါရှိသည်။ ပထမအနေဖြင့် ၎င်းတို့နှစ်ခုစလုံးသည် အကိုင်းအခက်များဖြစ်သည်။ ဒုတိယအနေဖြင့် ၎င်းတို့သည် "ငါ၌"ဟူ၍ ရှိသည်။ ဒုတိယအမျိုးအစား အကိုင်းအခက်အတွက် ၎င်းကိုသာ ကျင့်သုံးပါ။ ဤအကိုင်းအခက်အသီးသီးတို့သည် တချို့သောစမ်းသပ်မှုများကြောင့် ဒုက္ခခံရမည့်အကြောင်းကို ကျွန်ုပ်တို့အကျဉ်းချုပ်ဖော်ပြသင့်သည်။ သို့ရာတွင် ဖြစ်လေ့ဖြစ်ထရှိသောအရာများကို ဤနေရာ၌ ခေတ္တရပ်နားထားမည်။

## ပထမအကိုင်းအခက်

ပထမအကိုင်းအခက်သည် အသီးမသီးသောအကိုင်း အခက်များကိုဖော်ပြသည်။ များစွာသောလူတို့က ဤအသီးမသီးသောအကိုင်းအခက်တို့သည် အပိုဒ်ငယ် ၆ ၌တွေ့ရှိသည့် "တစ်စုံတစ်ဦးသည် ငါ၌မတည်မနေလျှင် အကိုင်းအခက်ကဲ့သို့ အပြင်သို့လွှတ်ပစ်ခြင်းခံရ၍ ညိုးနွမ်းခြောက်သွေ့သွားရ၏။ လူတို့သည် ၎င်းတို့ကို စုစည်းလျက် မီးထဲသို့ပစ်ချလိုက်ကြသဖြင့် လောင်ကျွမ်းသွား၏"ဟူသောအပိုဒ်နှင့် အတူတူဖြစ်သည်ဟု ယူဆကြသည်။ သို့သော် ဤအပိုဒ်သည် ထိုသို့မဟုတ်ပေ။ အကိုင်းအခက်နှစ်မျိုး၏အကျိုးဆက်သည် အလွန်ခြားနားပါသည်။ နောက်ပိုင်းအုပ်စုသည် လောင်ကျွမ်းခြင်းခံရ၍ ပထမအရာမှုကား ချီးမြှောက်ခြင်းခံရသည်။ အပိုဒ်ငယ် ၂ ထဲကစကားလုံးကို NIV ကပင်

"ခုတ်ပစ်သည်" ("cut off") ဟု ဖော်ပြလျက်နှင့် များစွာသောကျမ်းစာဘာသာပြန်ဆိုခြင်းက "ယူဆောင်သွားသည်"(takes away)ဟု ဖော်ပြသည်မှာ လွန်စွာဝမ်းနည်းဖွယ်ဖြစ်သည်။ စပျစ်ပင်အကြောင်းကို နားလည်သဘောပေါက်ခြင်းမရှိဘဲ ဘာသာပြန်ဆိုသူအနေဖြင့် သိသာထင်ရှားသည့်အဓိပ္ပာယ်ကို အသုံးပြုနိုင်မည်မဟုတ်ပေ။

ဤအကိုင်းအခက်တို့သည် ခုတ်ပစ်ရန် သင့်တော်သော်လည်း ထိုအတိုင်း ပြုခြင်းမခံရပေ။ ထိုသို့ပြုမည့်အစား အကိုင်းအခက်တို့သည် မတင်ခြင်းကိုခံကြရ၏။ ဤအရာကား ဥယျာဉ်မှူးသည် မြေကြီးပေါ်သို့ လဲကျသောအကိုင်းအခက်တို့ကို မတင်လျက် ၎င်းတို့ကိုဆေးကြောကာ အခြားသောအကိုင်းအခက်များနှင့် စည်းထားသည့်လမ်းစဉ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ရွံ့ထဲတွင် နေရောင်မရ၍ အသီးအတွက် မျှော်လင့်ချက်မရှိပေ။ ဤအရာကား သန့်ရှင်းခြင်းကိုလိုအပ်ပြီး ထိန်းရကျောင်းရခက်ခဲ၍ ခေါင်းမာသောခရစ်ယာန်များအကြောင်းကို အကောင်းဆုံးဖော်ပြခြင်းဖြစ်သည်။ ထိုသူတို့သည် အသီးသီးဖို့ အာရုံစူးစိုက်ခြင်းမရှိဘဲ ဆက်လက်ရှင်သန်နိုင်ရေး ကိုသာ အာရုံစူးစိုက်တတ်ကြသည်။ သန့်ရှင်းစင်ကြယ်ခြင်း ဖြစ်စဉ်သည် အခါအားလျော်စွာ ကြမ်းတမ်း၏။ ဤအရာသည် အပြစ်ပေးခြင်းနှင့်ဆုံးမခြင်းကို ရည်ညွှန်းထားပါသည်။ (ဟေဗြဲ၁၂)

## ဒုတိယအကိုင်းအခက်

ဒုတိယအကိုင်းအခက်သည် အသီးသီး၏။ မှန်ပါသည်။ ထိုအကိုင်းအခက်သည် စပျစ်ပင်၌ တည်နေပါသည်။ သို့မဟုတ်လျှင် အသီးသီးနိုင်မည်မဟုတ်ပေ။ အသီးသီးခြင်းသည် ဘုရားသခင်ထံတော်မှ အစပြုသည့်အတွင်းပိုင်း ဝိညာဉ်ရေးရာအသက်တာထဲက ကောင်းမွန်သောအကျိုးသက်ရောက်မှုပေါ်တွင် မူတည်ပါသည်။ ယေရှုတည်းဟူ

သောစပျစ်ပင်ထဲက သစ်ရည်သည် ယုံကြည်သူများ၏အသက်တာထဲသို့ စီးဆင်းပြီး အသီးကိုကြီးထွားစေပါသည်။

ယေရှုသည် အကိုင်းအခက်ချိုင်ခြင်း၏ဖြစ်စဉ်နှင့်ပတ်သက်၍ နာကျင်ရှိကြောင်း ပြောဆိုထားသည်။ ဆင်းရဲဒုက္ခသည် ယုံကြည်သူတိုင်း၏ဘဝအသက်တာ အပိုင်းအစဖြစ်သည်ဟုလည်း ပြောဆိုသည်။ ကောင်းမွန်သောအကိုင်းအခက်တိုင်းသည် အကိုင်းအခက်ချိုင်ခြင်းနှင့်ဆိုင်သည့်ဆင်းရဲဒုက္ခကိုခံရလိမ့်မည်။ အကိုင်းအခက်ချိုင်ခြင်းသည် အကိုင်းအခက်တို့ကိုတိုစေရန် သတိမဲ့စွာခုတ်ပစ်ခြင်း မဟုတ်ကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်။ ဤသည်ကား နာကျင်ခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အများစု စိတ်ခံစားချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခက်အခဲနှင့်ရင်ဆိုင်သောအခါဘုရားသခင်ကြည့်ရှု စောင့်ရှောက်ခြင်းမရှိဟု စဉ်းစားတတ်ကြသည်။

အကျွန်ုပ်သည် ပန်းသီးပင်တို့၏အကိုင်းအခက်ချိုင်ခြင်း နှင့်ဆိုင်သည့်ပြုစုပျိုးထောင်ခြင်းအလုပ်ကို ပြီးစီးသွားသည်ဖြစ်၍ ဂုဏ်ယူအားရမိပါသည်။ ထိုအပင်တို့ကို နှစ်အနည်းငယ် ပြုစုပျိုးထောင်ခဲ့သည်။ ထိုသို့ပြုခြင်းသည်လည်း ကောင်းမွန်သောအကိုင်းအခက်ချိုင်ခြင်းအတွက် အချိန်အခါကောင်းဖြစ်သည်ဟု ကျွန်ုပ်ယူဆပါသည်။ တနည်းအားဖြင့် ထိုအပင်တို့သည် နောက်တစ်နှစ်တွင် ကောင်းမွန်သောအသီးများ သီးလာနိုင်စေရန်ဖြစ်သည်။ ကြီးမားသောအကိုင်း အခက်များမှ ချိုမြိန်သောအသီးများစွာ သီးလာနိုင်စေရန် သေးငယ်သည့်အကိုင်းအခက်တိုင်းကို ကျွန်ုပ်ဂရုစိုက်လွန်းသည်ဟု စဉ်းစားမိပါသည်။

တစ်ခုခုမှားနေပါသည်။ လာမည့်နွေဦးကာလတွင် ပန်းသီး၏အပွင့်တို့သည် အလွန်နည်းပါးကြ၏။ ဤသို့ဖြစ်ရသည့်အတွက် ကျွန်တော်အမျိုးမျိုးတွေးဆလာပါသည်။ ဆောင်းကာလသည်လည်း အလွန်အမင်းကြမ်းတမ်းပါသည်။ ထိုအပင်တို့၌ တစ်စုံတစ်ရာချွတ်ယွင်းမှုရှိနေပြီဖြစ်သည်။ ထိုအပင်တို့ကို ကျွန်ုပ်ဆီလာရောင်းခဲ့သည့် ကုမ္ပဏီအဖွဲ့ကို

ခေါ်ပြီး အဘယ့်ကြောင့် အပွင့်မပွင့်ဘဲနေရသည်ကို စစ်ဆေးခိုင်း ပါသည်။ နောက်ပိုင်းမှသာ ၎င်းတို့၏ချွတ်ယွင်းမှု ပြဿနာကိုကျွန်တော်တွေ့ရှိ လာသည်။

ထိုသို့ အကိုင်းအခက်ချိုင်ရန် အားထုတ်ရင်း တချို့သောအပွင့်များနှင့်အသီးများပါသည့် အကိုင်းအခက်သေးသေးလေးတို့ကို ကျွန်တော်ခုတ်မိပါသည်။ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင် ခမည်းတော်ဘုရားသခင်သည် အကျွန်ုပ်ကဲ့သို့မဟုတ်ဘဲ လုံးဝကိုခြားနားပါသည်။ သူလုပ်ဆောင်လျက်ရှိသောအရာကို သူသိရှိတော်မူ၏။ အကျွန်ုပ်၏ရည်ရွယ်ချက်သည် အသီးသီးရန်ဖြစ်သော်လည်း အကျွန်ုပ်သည် မဆင်မခြင်ပြုလျက်နေ၏။ ပြီးခဲ့သည့်နှစ်နှစ်ခန့်က ပေတရုဟုခေါ်ဆိုသည့်အိမ်နီးချင်း မိတ်ဆွေတစ်ယောက်သည် ရောက်လာ၍ အကျွန်ုပ်၏လုပ်ရပ်ပေါ် သနားခြင်းမျက်နှာပြသသွားခဲ့သည်။ ထိုသူက အကျွန်ုပ်၏အကိုင်းအခက်ချိုင်သည့်ပုံစံသည် အားလုံး မှားယွင်းပါကြောင်း ထောက်ပြပြောဆိုသွားသည်။ ဤနှစ်၏သီးသီးထွက်နှုန်းသည် ကောင်းမွန်၍ သူ့ကိုကျေးဇူးတင်မိလေသည်။

နာကျင်ခြင်းဝေဒနာနှင့်ဆင်းရဲဒုက္ခအကြောင်းကို ပြောဆိုခြင်းသည် လွယ်ကူသော အရာမဟုတ်ပေ။ ၎င်းသည် စွန့်စားသောအလုပ်ဖြစ်သည်။ "အဘယ့်ကြောင့် ဆင်းရဲဒုက္ခကို ဘုရားသခင်အခွင့်ပေးသနည်း" ဟူ၍ အယောက်စီတိုင်း၌ မေးစရာ မေးခွန်းရှိကြသည်။ "အဘယ့်ကြောင့် အကျွန်ုပ်အသက်တာ၌ ဤသို့ဖြစ်ပျက်ရန် ဘုရားသခင်အခွင့်ပေးသနည်း"ဟု မေးခွန်းထုတ်သောအခါ ပို၍ဆိုးရွားလာပါသည်။ ထိုသို့သောပြဿနာကို ယေရှုက "ပို၍ အသီးသီးစေရန် ကိုင်းဖြတ်ပြုပြင်တော်မူ၏" ဟူ၍ ရိုးရှင်းစွာပြောဆိုခဲ့သည်။ ယေရှုသည် ယုံကြည်သူတစ်ဦးအပေါ်၌ ဘုရားသခင်၏ လက်တော်အားဖြင့် ကျရောက်သည့်ဆင်းရဲဒုက္ခကို မတားဆီးခဲ့ပေ။ တစ်ခါတစ်ရံ ခရစ်ယာန်များအပေါ်၌ ထိုသို့သောအမှုအရာများ ကျရောက်လျက်ရှိသည်ဟူသော သတင်းကို ဝေးလံသောတစ်နေရာမှ ကျွန်ုပ်တို့ကြားရသောအခါ ဘုရားသခင်သည် မိမိ၏သိုးတို့အပေါ်၌

ဤမိုက်မဲ့သောဆင်းရဲဒုက္ခကို အခွင့်ပေးလျက်နေ၏။ ထိုသို့အခွင့်ပေးခြင်းသည် ဂရုမစိုက်ခြင်းဖြစ်သည်ဟု ဆိုတတ်ကြ၏။ ယေရှုသည် ထိုအမှုအရာကို စိန်ခေါ်လျက်"ပို၍ အသီးသီးစေရန် ကိုင်းဖြတ်ပြုပြင်တော်မူ၏"ဟူ၍ ရိုးရှင်းစွာပြောဆိုခြင်းဖြစ်သည်။

ယေရှုသည် ဆင်းရဲဒုက္ခနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အမြင်ထဲသို့ ဘုရားသခင် ပါဝင်လာရန် ရည်ရွယ်လျက်နေတော်မူ၏။ ဘုရားသခင်ကိုယ်တိုင်က ဝမ်းနည်းခြင်းကို ယူဆောင်လာတတ်သည်။ သူသည် ဥယျာဉ်မှူးဖြစ်သည်။ မှန်ပါသည်၊ ဘုရားသခင်သည် မိမိလူတို့ကို ဖိနှိပ်ချုပ်ချယ်ရန် ဆိုးညစ်သောဖိအားများကို အခွင့်ပေးတတ်ပါသည်။ ဆိုးဝါးသောသူများကို တခဏအတွင်း ပေါ်လာရန် အခွင့်ပေးတတ်သည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဥယျာဉ်မှူးဖြစ်သည်နှင့်အညီ ဆင်းရဲဒုက္ခအားဖြင့် ကျွန်ုပ်တို့ကိုဂရုတစိုက် အပြည့်အဝကူညီဖေးမမည်ဟု ကတိပေးတော်မူ၏။ ဆင်းရဲဒုက္ခသည် မည်သည့်အခါမျှအချည်းနှီးမဟုတ်ပေ။ ဆင်းရဲဒုက္ခသည် နာကျင်သော်လည်း ထိုဝေဒနာကအစဉ်အမြဲ ဂရုတစိုက်စိစစ်၍ ရည်ရွယ်ချက်ရှိစေပါသည်။ ထိုသို့ ထိလွယ်ရှလွယ်သောဖြစ်စဉ်၌ သစ္စာနှင့်ပြည့်စုံတော်မူသောကိုယ်တော်၏ ခွဲစိတ်ကုသခြင်းကို ကျွန်ုပ်တို့ယုံကြည်စိတ်ချရပါမည်။ ဘုရာသခင်သည် ကျွန်ုပ်တို့ကိုမထားရစ်ခဲ့ပေ။ ထိုသို့ လုံးဝမဟုတ်ပေ။ ကိုယ်တော်သည် ကောင်းကျိုးချမ်းသာအတွက် ကျွန်ုပ်တို့နှင့်ရင်းရင်းနှီးနှီးဆက်ဆံတော်မူ၏။

ယေရှုက ကျွန်ုပ်တို့သည် ထိုသို့ဖြတ်ခုတ်ပြုပြင်ခြင်းနှင့် ထိုက်တန်အောင် မှားယွင်းမှုတစ်ခုခုကျူးလွန်သည်ဟု မပြောဆိုခဲ့ပေ။ အမှန်မှာ ကျွန်ုပ်တို့သည် မှန်ကန်သောအရာများကို လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အဖို့ ကိုယ်တော်၏ရည်ရွယ်ချက်သည် ပို၍အသီးသီးဖို့သာဖြစ်သည်။ ထိုသို့ အကိုင်းအခက်များ ဖြတ်ခုတ်ပြုပြင်ခြင်းသည် ပို၍ကြီးမားသောအသီးနှင့်များပြားသောအသီးများ ကြီးထွား လာစေရန်ဖြစ်ကြောင်းကိုကျွန်ုပ်တို့သိရှိထားပါ သည်။ ရုပ်လုံးဖော်လိုသည့် ဤနေရာ၌ပင်

ရှင်းလင်းပါသည်။ ဘုရားသခင်သည် ပို၍ကြီးမားသောနူန်းနှင့်ပို၍ လျင်မြန်သောနူန်းဖြင့် လောကီလူသားများထံသို့ မိမိ၏အလင်းကို ထွန်းလင်းနိုင်ဖို့ရန် ကျွန်ုပ်တို့အားဖြင့် မိမိ၏အသက်ကိုစီးဆင်းစေလိုသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ထာဝရကောင်းကြီးများကို ယူဆောင်ပေးမည့် ပို၍ များပြားသောအသီးကိုသီးစေလိုပါသည်။

ဤနှစ်နောက်ဆုံးပိုင်းသည် ကျွန်ုပ်အဖို့ ဖြတ်ခုတ်ပြုပြင်ခြင်း အချိန်အခါဖြစ်ပါသည်။ အကျွန်ုပ်၏ဘဝအသက်တာ၌ ပို၍ကြီးမားသောအရာများဖြင့် ဖြတ်ခုတ်ခြင်းခံရခဲ့ဖူးသည်။ ဥပမာ ပုံမှန်အလုပ်၊ ရင်းနှီးသောမိတ်ဆွေများ၊ ထောက်ပကြေး၊ ခရစ်ယာန်များနှင့် ကောင်းမွန်သောမိတ်သဟာယဖွဲ့ခြင်း၊ ငွေကြေးအင်အား တောက်တင်းခြင်း စသည့်တို့ဖြစ်ပါသည်။ အရာအားလုံး ပါမသွားသော်လည်း မြတ်နိုးစရာများစွာ ပါသွားရပါသည်။ မကြာသေးမီက မိတ်ဆွေတစ်ဦးထံမှမျှဝေသည့် တရားဟောရာကျမ်း ၈:၅ ဤအဖြစ်အပျက်၌ ကျွန်ုပ်ကိုများစွာသတိပေးပါသည်။ "အဘသည် သားကိုဆုံးမသကဲ့သို့ သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်အား ဆုံးမတော်မူသည်ကို စိတ်ထဲမှာအောက်မေ့ရမည်။"

ဘုရားသခင်၏ဖြတ်ခုတ်ပြုပြင်ခြင်းသည် ကျွန်ုပ်တို့အသက်တာထဲ၌ ဘုရားသခင် စိတ်ဝင်တစားလုပ်ဆောင်လျက်နေသည် ဟူသောအချက်ကို ထင်ဟပေါ်လွင်စေပါသည်။ ကျွန်ုပ်တို့သည် ဤသမ္မာတရားကို ဆွဲကိုင်လျက် မိမိတို့စိတ်နှလုံးထဲ၌ နက်ရှိုင်းစွာ စိုက်ပျိုးကြရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစွန့်လွှတ်တော်မူပြီဟူသောအတွေးကို ငြင်းပယ်ကြရမည်။ ဖြတ်ခုတ်ပြုပြင်ခြင်းသည် ကျွန်ုပ်တို့အသက်တာအတွက် ကိုယ်တော်၏ရေရှည်စောင့်ရှောက်ခြင်း အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့အဖို့ ဥယျာဉ်မှူး၏စောင့်ရှောက်ခြင်းကို သတိမေ့သွားကြမည်ဆိုလျှင် မိမိတို့၏ဦးတည်ချက်သည် စတင်ရှုပ်ထွေးလာနိုင်သည်။ သို့သော် ထိုသို့မဟုတ်ဘဲ ထိုအရာတို့သည် ကျွန်ုပ်တို့၏ကောင်းကျိုးချမ်းသာအတွက်ဖြစ်သည်ကို မိမိတို့စိတ်နှလုံးထဲ၌ သိရှိကြပါက ကိုယ်တော်

အတွက် မိမိတို့၏ယုံကြည်ကိုးစားခြင်းနှင့်ချစ်ခြင်းမေတ္တာသည် ဤဖြစ်စဉ်အားဖြင့် ကြီးထွားလာပါလိမ့်မည်။ ထိုသို့ဖြစ်၍ ဘုန်းအသရေဆောင်သော အသီးများကို သာ၍သီးလာမည်ဖြစ်သည်။

| | | | | |
|---|---|---|---|---|
| အကိုင်း အခက် တစ်ခုစီ တိုင်း | ငါ ၌ | ၁။ အသီးမသီး | မြှင့်တင်ခြင်း - အပြစ်နှင့်ကင်းစေ | မျှော်လင့်ချက်အဖို့ ရှင်သန်လျက်နေ |
| | | ၂။ အသီးသီး | ဖြတ်ခုတ်ပြုပြင်ခြင်း မိမိကိုယ်ကိုငြင်းပယ် | ပို၍ အသီးသီးစေဖို့ |

ဤဖြစ်စဉ်နှစ်ခုစလုံးသည် နာကျင်စေတတ်သည်။ တစ်ခုချင်းစီက ဝေဒနာကို တောင်းဆိုတတ်သည်။ မြှင့်တင်ခြင်းသည် ဆုံးမခြင်းကို ရည်ညွှန်းပြီး အပြစ်ဒုစရိုက်နှင့် ကင်းကွာစေသည်။ ဖြတ်ခုတ်ပြုပြင်ခြင်းသည် မိမိကိုယ်ကိုယ် ငြင်းပယ်ခြင်းဖြစ်စဉ်ကို ရည်ညွှန်းထားပါသည်။ ယေရှုသည် မိမိလူတို့၏ အပြစ်အတွက် ကိုယ်ကိုယ်ကို ငြင်းပယ်လျက် လက်ဝါးကားတိုင်ပေါ်၌ အသေခံသောအခါ ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုသည် မည်သည့် နေရာ၌မျှမတွေ့ရှိနိုင်ပေ။

ဖြတ်ခုတ်ပြုပြင်ခြင်းခံရသည့်အကိုင်းအခက်သည် မွှေးကြိုင်သောရနံ့များနှင့် စပျစ်သီးများစွာသီးလျက်နေသည့်အရာကို ယေရှုညွှန်ပြလျက်ရှိကြောင်း ကျွန်ုပ်တို့စိတ်ကူးမြင်ယောင်နိုင်ပါသည်။ ယေရှုသည် သူပြောဆိုခဲ့သည့်အတိုင်း ခက်ခဲမှုကို မငြင်းပယ်ဘဲ မျိုချနိုင်ခဲ့သည်။ မိမိကိုယ်တိုင်သည် သစ္စာဖောက်ခြင်းခံရဖို့ သံလွင်တောင် ပေါ်သို့တက်ကြွတော်မူ၏။ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် သာ၍ကောင်းမွန်သော အသီးကိုသီးနိုင်ဖို့ သူကိုယ်တိုင်ဖြတ်ခုတ်ပြုပြင်ခြင်းခံရ၏။ ဆိုးညစ်သော သူများသည် ကိုယ်တော့်အပေါ်၌ ကြမ်းတမ်းစွာနှင့်မတရားစွာ ပြုမူဆက်ဆံကြ

သော်လည်း အရာအားလုံးကို ကြီးမြတ်တော်မူသောဥယျာဉ်မှူးက ဂရုတစိုက်စီမံတော်မူ၏။ ကျွန်ုပ်တို့သည် ယေရှုနှင့် ပို၍တူလာမည်ဆို လျှင် မိမိတို့အနေဖြင့် ဤဖြတ်ခုတ်ပြုပြင်ခြင်းခံရချိန်ကို အထူးအာရုံ စိုက်ဖို့လိုအပ်ပြီး ဘုရားသခင်၏ကောင်းမွန်သောရည်ရွယ်ချက်ကိုယုံ ကြည်ကိုးစားရမည်ဖြစ်သည်။

# စစ်မှန်သောကိုးကွယ်ခြင်း
## မာကု ၁၂:၂၈-၃၄

တပည့်တော်တို့သည် ယေရှုနှင့်အတူ သုံးနှစ်တိုင်တိုင် သွားလာလျက် အံ့ဩဖွယ် အခွင့်ထူးကို ရရှိကြသည်။ အကျိုးသက်ရောက်မှု တစ်ခုကား လူတို့အား ယေရှုခရစ်တော် ဟောပြောသော သတင်းစကားကို ကြားခွင့်ရရှိကြသည်။

ယေရှုသည် နာမည်ကြီးတရားဟောဆရာသက်သက် မဟုတ်ပေ။ ကိုယ်တော်သည် သူ၏နေ့ရက်ချိန်ခါ၌ ပညာရှင်ဘာသာရေးခေါင်းဆောင်များကို လေးလေးနက်နက်ပြောဆိုဖြေကြားခဲ့သည်။ ယေရှု၏ဖြေကြားချက်သည် ထိုနေ့ရက်၌ ဆရာသမားများနှင့် ဆွေးနွေးသောသူတို့၏စိတ်နှလုံးကို ထိရှမိပါသည်။ ခရစ်တော်သည် အဖြေများကို ရိုးရှင်းစွာသိရှိ၍ သူတို့ကိုဖြေကြားခဲ့သည်။ မေးခွန်းတိုင်းသည် ဝေခွဲမရဖြစ်၍ ခရစ်တော်ကို ကမောက်ကမဖြစ်စေပါသည်။ သို့သော် အဖြေတစ်ခုချင်းစီက ကိုယ်တော်သည် ခမည်းတော်ထံကဖြစ်သည်ကို ဆက်လက်အတည်ပြုခြင်းသာဖြစ်သည်။

ပညတ်ချက်အပေါင်းတို့တွင် ဘယ်ပညတ်သည် အကြီးမြတ်ဆုံးဖြစ်သနည်း" ဟူသော ကလေးတစ်ယောက်ယောက်မေးမြန်းနိုင်သည့်မေးခွန်းသည် အပြစ်ကင်း သည့်မေးခွန်းဟု ထင်ရ၏။

ထိုသူမေးမြန်းသည့်မေးခွန်းသည် လျှို့ဝှက်အကြံအစည်ဖြစ်ပုံ မပေါ်ဘဲ ရိုးရိုးသားသားမေးမြန်းသည့်မေးခွန်းဖြစ်သည့်အတွက် ဤမေးခွန်းသည် ခြားနားပါသည်။ သူသည် ဤပညတ်ချက်အကြောင်းနှင့်ဟိုပညတ်ချက်အကြောင်း အများကြီးဆွေးနွေးသည်ကို ကြားခဲ့သည်။ သူကိုယ်တိုင်လည်း ပျာယာခတ်ပြီး အဘယ်သို့ပြုမည်ကို မရှင်းမလင်းဖြစ်ပုံရ

သည်။ ယေရှု၏ဖြေကြားချက်သည် လူထုပရိသတ်ကို နောက်ထပ် အံ့အားသင့်စေခဲ့သည်။ အကြောင်းမှာ ကိုယ်တော်၏ဖြေကြားချက်မှာ ရိုးရှင်းမှန်ကန်ပြီး တန်ခိုးနှင့်ပြည့်သောကြောင့်ဖြစ်သည်။

*ထိုအခါ ကျမ်းပြုဆရာတစ်ဦးသည် ချဉ်းကပ်လာ၍ သူတို့ငြင်းခုံ ပြောဆိုနေကြ သည်ကိုကြားပြီး ကိုယ်တော်သည် သူတို့အား လျောက်ပတ်စွာဖြေကြားတော်မူ သည်ကိုမြင်လျှင် "ပညတ်ချက်အားလုံးတွင် မည်သည့်ပညတ်ချက်သည် ပထမဖြစ် သနည်း"ဟု မေးလျှောက်လေ၏။ ယေရှုက "ပထမပညတ်ချက်မှာ 'အို အစ္စရေးအမျိုး၊ နားထောင်လော့။ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို သင်၏စိတ်နှလုံး အကြွင်းမဲ့၊ သင်၏စိတ်ဝိညာဉ်တစ်ခုလုံး၊ သင်၏အသိဉာဏ်ရှိသမျှနှင့် သင်၏အစွမ်း သတ္တိရှိသမျှတို့ဖြင့် ချစ်ရမည်'ဟူ၍ ဖြစ်၏။ ဒုတိယပညတ်ချက်မှာ 'ကိုယ့်ဝန်းကျင်၌ ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရည်'ဟူ၍ ဖြစ်၏။ ဤပညတ်ချက်နှစ်ပါးထက် ကြီးမြတ်သောအခြားပညတ်မရှိ"ဟု ဖြေကြားတော်မူ၏။ ထိုကျမ်းပြုဆရာကလည်း "မှန်ပါ၏ဆရာ။ ဘုရားသခင်သည် တစ်ဆူတည်းရှိ၍ ထိုဘုရားသခင်မှတစ်ပါး အခြားဘုရားမရှိဟု ဆရာပောပြောသည်မှာ ဟုတ်မှန်ပါ၏၏ ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့၊ ဉာဏ်စွမ်းရှိသမျှ၊ အစွမ်းသတ္တိရှိသမျှတို့ဖြင့် ချစ်၍ ဝန်းကျင်၌ ရှိသောသူကို ကိုယ်နှင့်အမျှ ချစ်ခြင်းသည်လည်း မီးရှို့ရာယဇ်နှင့်ယဇ် ပူဇော်ခြင်းအပေါင်းတို့ထက် သာ၍မြတ်ပါ၏"ဟု လျှောက်လေ၏။ ထိုသူသည် ပညာရှိစွာ ဖြေကြားသည်ကို ယေရှုမြင်တော်မူလျှင် "သင်သည် ဘုရားသခင်၏နိုင်ငံတော်နှင့် မဝေး"ဟု သူ့အား မိန့်တော်မူ၏။ ထိုအချိန်မှစ၍ မည်သူမျှကိုယ်တော်အား မေးခွန်းများ မမေးဝံ့တော့ချေ (မာ၁၂: ၂၈-၃၄)။*

ရိုးရှင်းသောဖြေကြားမှုသည် အယောင်ဆောင်သောဤတပည့်တော်ကို အလွန်အံ့အားသင့်စေခဲ့သည်။ သူသည် ကျမ်းပြုဆရာဖြစ်ပြီး

ကျမ်းစာများကို ဆင့်ပွားကူးယူသည့်အလုပ်၌ အလုပ်များသောသူဖြစ်ပါသည်။ သူသည် ကျမ်းစာများကို ဖတ်ရှုခြင်းသက်သက်မဟုတ်ဘဲ ၎င်းတို့ကိုရေးသားခဲ့သည်။ ယေရှု၏ဖြေးကြားချက်သည် ဓမ္မဟောင်းကျမ်း (တရားဟောရာကျမ်း ၆:၄) ထဲမှရိုးရှင်းသော ကိုးကား ချက်ဖြစ်ပါသည်။ အစပိုင်းဖြေကြားချက်သည် သူ့ကိုမတို့ထိသလိုထင်ရသည်။ ဤပညတ်ချက်သည် အားလုံးသဘောပေါက်နားလည်နိုင်ကျမ်းချက်ဖြစ်ပြီး ထိုကျမ်းပြု ဆရာ၏အထူးဂရုပြုခြင်းခံရသည့် ကျမ်းချက်ဖြစ်ပါသည်။

ယုဒဘာသာသည် ထာဝရဘုရားထံတော်ကစကားတော်များကြောင့် လူးလိမ့်ခြင်းခံရသည်။ ဤပညတ်ချက်တစ်ခုအပေါ်၌ မတည်ဆောက်သည့်အရာမှာသမျှသည် ဘဝအသက်တာ၏အစွန်းအဖျား၌ ကျန်ရစ်လျက်နေ၏။ ကိစ္စများစွာထဲက အရေးကြီးသည့်အရာတစ်ခုကား အကျွန်ုပ်ဘုရားသခင်ကို ချစ်ပါသလော။ ဘာသာရေးအလေ့အထတို့သည် စိတ်ထဲ၌စွဲမက်ဖွယ်ကောင်းသော်လည်း ဘုရားသခင် လုံးဝမပါရှိပေ။ ဤအရာသည် ခရစ်ယာန်အသိုင်းအဝန်း၌လည်း မှန်ကန်မှုရှိနေသည်ကိုတွေ့ရပါသည်။

ကျွန်တော်သည် ကျမ်းစာကို နှစ်ပေါင်းများစွာလေ့လာသင်ယူခဲ့သည်။ ကျွန်ုပ်၏ကျမ်းစာဖတ်ရှုခြင်းသည် ဘုရားသခင်ကို ချစ်ခင်နှစ်သက်ခြင်းနှင့်သိရှိလိုခြင်းထက် ပုံမှန်လုပ်ရိုးလုပ်စဉ်နှင့်သာမန်အမှုဖြစ်သည်ကို ကျွန်ုပ်သတိပြုလာသည်။ ကိုယ်တော်နှင့်သူ၏နှုတ်ကပတ်တော်ကိုပို၍သိရှိဖို့ရန် အထဲမှနက်ရှိုင်းသောငိုကြွေးခြင်းမရှိပေ။ သို့ဖြစ်၍ ကျွန်ုပ်သည် ကိုယ်တော်ကိုနာခံခြင်းသည် ပို၍ကောင်းပေမည်။ ကျွန်ုပ်၏ကျမ်းစာဖတ်ရှုခြင်းကို ပြီးဆုံးသည့်အထိမဆောင့်ဆိုင်းနိုင်ဘဲ အခြားလုပ်ဆောင်စရာများကို ဆက်လုပ်ဆောင်ဖို့ ဆွဲဆောင်ခြင်းခံရသည့်အချိန်အခါများလည်းရှိခဲ့သည်။ ကျွန်ုပ်၏စိတ်နှလုံးသည် အာရုံလွှဲခံရနီးနီးပင်ဖြစ်သည်။ ကျွန်ုပ်သည် အလွယ်တကူစိုးရိမ်တတ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းနှင့် သီအိုလော်ဂျီကို လေ့လာခြင်းသည်

အကျိုးမဲ့သည်ဟု ကျွန်ုပ်မပြောဝံ့သော်လည်း လက်တွေ့မှာမူ အမှန်ဖြစ်လာပါသည်။

## အသင်းတော်ထက် ပို၍အရေးကြီးသည်

ဤကျမ်းပြုဆရာသည် ဝိညာဉ်ရေးရာ၌ နိုးကြားလာပါသည်။ သူက ထိုမေတ္တာရှင် ဘုရားသခင်သည် "မီးရှူ့ရာယဇ်ပူဇော်ခြင်း များနှင့်ယဇ်ကောင်များထက် သာ၍မြတ်သည်"ဟု ပြောလေ၏။ ကျွန်ုပ်တို့သည် မီးရှို့ ရာယဇ်ပူဇော်ခြင်းများနှင့်ယဇ်ကောင်များအားဖြင့် အမှန်ကို ဖော်ထုတ်ရန် အခက်တွေ့သည့်အချိန်ရှိ၏။ "ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဘုရားကျောင်းအစည်းအဝေး တက်ရောက်ခြင်းထက် ချစ်မြတ်နိုးရမည်" ဟု ပြောဆိုလျှင် ထိုအရာကို ကျွန်ုပ်အလွယ်တကူနားလည်နိုင် မည်ဖြစ်သည်။ သူက သူတို့ချိန်ခါ၌ ဘုရားကျောင်းတက်ရောက်ခြင်း ဒါမှမဟုတ် မီးရှူ့ရာယဇ်ပူဇော်ခြင်းတို့သည် အရေးမကြီးပါဟု မပြောဆိုခဲ့ပေ။ ဘုရားသခင်ကို မချစ်ဘဲလျက် အခြားလှုပ်ရှားမှုမှာသမျှသည် အဓိပ္ပာယ်မဲ့ဖြစ်ပါသည်။

အသင်းတော်နှင့်ပတ်သက်၍ "အကျွန်ုပ်စိတ်ထဲတွင် အမှန်တကယ်ရှိသောအရာသည် မည်သည့်အရာနည်း"ဟု ကိုယ်ကိုယ်ကိုမေးလျက်ရှိ၏။ အကျွန်ုပ်သည် ဘုရားသခင်၏ကြီးမြတ်ခြင်းနှင့်ဘုန်းအသရေကို ဆင်ခြင်နှလုံးသွင်းပါသလော ဒါမှမဟုတ် အသင်းတော်၏တဘက်တွင် တစ်စုံတစ်ယောက်ပြောဆိုခြင်းကို ပို၍စိတ်ဝင်စားနေသလော။ အိမ်ကိုပြန်သွားသောအခါ မည်သည့်အကြောင်းအရာကို အကျွန်ုပ်ပြောလေ့ရှိသနည်း။ အားစကားအကြောင်း၊ အဝတ်အစားအကြောင်း ဒါမှမဟုတ် အခြားအကြောင်းတစ်ခုခုပြောနေသလော။ အကျွန်ုပ်၏စိတ်နှလုံးသည် ကိုယ်တော့်အပေါ်၌လော ဒါမှမဟုတ် ဝတ်ပြုကိုးကွယ်ခြင်းကို ဝေဖန်နေသလော။ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏စိတ်နှလုံးမှာ "ဘုရားသခင်သည် ကောင်း

မြတ်၏"ဟူ၍ တုံ့ပြန်သင့်သည်။ ယနေ့ ဘုရားသခင်အကြောင်းနှင့်စပ် လျဉ်း၍ မိတ်ဆွေကိုဘာကိုတွေ့ရှိထားသနည်း။ အကျွန်ုပ် .... ကိုတွေ့ရှိ သည်။ ဘုရားသခင်ကို အကျွန်ုပ်အမှန်တကယ်မချစ်လျှင် အသင်းတော် အတွက် မည်သည့်ကောင်းကျိုးမျှ မရှိပေ။

ယေရှုရှိရာအရပ်ရှိ ကျမ်းပြုဆရာသည် နိုင်ငံတော်နှင့် မဝေးလှ ပေ။ အကျွန်ုပ်သည်လည်း ကောင်းကင်နိုင်ငံတော်နှင့် ဘယ်လောက်ဝေး ကွာပါသနည်းဟူ၍ စဉ်းစားမိသည်။ အဘယ်သို့ပြု၍ အကျွန်ုပ်၏ဂုဏ်ယူ ဖွယ် ဘာသာရေးအလေ့အထများကို ကျော်ခိုင်းကာ အသက်ရှင်တော်မူ သောဘုရားသခင်ကို ချစ်ခင်မြတ်နိုးနိုင်မည်နည်း။ ကိုယ်တော်၏နိုင်ငံ တော်နှင့် နီးကပ်ခြင်းဖြင့် မလုံလောက်သေးပေ။ အကျွန်ုပ်သွားရမည်။ အကျွန်ုပ်သွားရသော်လည်း အပြည့်အဝလိုက်ပါမသွားနိုင်သေးပေ။ အ ကျွန်ုပ်သည် တဝက်တပိုင်းအားဖြင့် ကိုယ်တော်၏မျက်မှောက်တော်ထဲ သို့တိုးဝင်၍ မရပေ၊ အကျွန်ုပ်ဟူသောကိုယ်တစ်ကိုယ်လုံး အပြည့်အဝ တိုးဝင်မှသာရပါမည်။

# အချည်းနှီးသော အိပ်မက်များ
# မာကု ၁၃:၁-၃

မိတ်ဆွေအနေနဲ့ ထိုတပည့်တော်တို့ကို အပြစ်တင်၍မရပေ။ သူတို့သည် စိတ်ပါဝင်စားမှုရှိသောသူများဖြစ်သည်။ သူတို့သည် မိမိတို့၏ အံ့အားသင့်ခြင်းနှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းကို စကားလုံးတို့ဖြင့် အမွှမ်းတင်၍ ဖွင့်ထုတ်ချီးမွမ်းတတ်သူများဖြစ်ကြသည်။ သူတို့သည် ထိုသို့သောအရာကို မပြောဘဲမနေနိုင်ကြပေ။ သူတို့၏မျက်စိတွင် စိတ်ဝင်စားမှုအပြည့်ရှိသည့် အဆောက်အအုံ၏လှပထည်ဝါမှုကို ဖော်ပြလိုကြ၏။ အဆောက်အဆုံများသည် ကိုယ်စားပြုသည့်အနေဖြင့် ရပ်တည်ခြင်းပင်ဖြစ်သည်။ ထိုအဆောက်အဆုံတို့သည် လုပ်ဆောင်ချက်များ၏ အဓိကအချက် အချာဖြစ်ပြီး တည်ဆောက်သောသူ၏ဉာဏ်ထက်မြက်ခြင်းကြောင့် အားလုံးစုစည်းလျက်သိသာထင်ရှားသည့်လူသား၏အောင်မြင်မှုပင်ဖြစ်သည်။

ယေရှုနေ့ရက်၌ တောင်ကုန်းပေါ်တွင်တည်ထားသည့် ဗိမာန်တော်သည် တပည့်တော်များအတွက် အလွန်ပင်အထင်ကြီးသဘောကျစရာဖြစ်ခဲ့ရသည်။ ဗိမ္ဗာန်တော်သည် ဂျူးဘာသာရေးအယူအဆအရ တပည့်တို့၏အောင်မြင်ခြင်း အထိမ်းအမှတ်ပင်ဖြစ်သည်။ ရောမ၏ခံတပ်သည်လည်း ဗိမ္ဗာတော်ရှိရာတောင်ကုန်းထောင့်တစ်နေရာ၌ တည်ရှိ၏။ ဂျူးလူမျိုးအသီးသီးတို့၏စိတ်နှလုံးထဲ၌ ဤဗိမ္ဗာန်တော်၏ထည် ဝါခံ့ညားမှုသည် ရောင်ခြည်ဖြာထွက်လျက်ရှိ၏။ ထိုဗိမ္ဗာန်တော်သည် အရာရာအားလုံးထက်သာ၍ သူတို့ကိုပင် ဂျူးလူမျိုးပီသစေသည်ဟု ယူဆကြ၏။

ယေရှုသည် လူတို့ကို စာနာတတ်ခြင်း၌ ဆရာကြီးပင်ဖြစ်သည်။ မည်သည့် အရာသည် တပည့်တော်တို့အား အထင်ကြီးသဘောကျစေ

သည်ကိုလည်း သိရှိထား၏။ သူတို့၏စကားလုံးသည် သူတို့၏စိတ်နှလုံး သဘောထားကို ထိုးဖောက်သိမြင်နိုင်ရန် ယေရှုအဖို့ ဝင်ပေါက်ဖြစ်လာပါသည်။ ကြီးမားသောဗိမ္ဗာန်တော်၏ အမြင်အာရုံနှင့် စပ်လျဉ်း၍ သူတို့၏ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ယေရှုသည် ရိပ်စားမိသည်။ ယေရှုသည် ထိုသူတို့စိတ်လှုပ်ရှားရသည့် အကြောင်းအရာဖြစ်စေ၊ သူတို့စိတ်မလှုပ်ရှားရသည့်အကြောင်းရာဖြစ်စေ ထိုနှစ်ခုစလုံးတို့ကို သတိပြုသိရှိတော်မူ၏။

စိတ်လှုပ်ရှားခြင်းနှင့်အတူ တစ်စုံတစ်ယောက်သည် ပြဿနာများနှင့်အခက်အခဲ များကိုမမြင်မိ၊ သတိမမူမိဖြစ်နိုင်ပါသည်။ ထိတွေ့ခြင်းရှိပြီးသောစုံတွဲတို့တွင် ဘယ်နှစ်ဦးကများ သူတို့ချစ်ရသည့်အခြားအိမ်ထောင်သည်ကို မျှော်လင့်စောင်းစားရင်း သူတို့၏ရှုပ်ထွေးလှသော ပြဿနာများကို မသိကျိုးကျွန်ပြုကြမည်နည်း။ ယေရှုသည် ထိုသူတို့၏ အိပ်မက်များကို အချည်းနှီးဖြစ်စေရန် အတင်းအကျပ်ပြုတတ်သည်။

ထိုဗိမ္ဗာန်တော်အဆောက်အအုံကြီးသည် မကြာမီပျက်စီးမည့်ဗိမ္ဗာန်တော်ကြီးဖြစ်ပါသည်။ ထိုဗိမ္ဗာန်တော်သည် ဂျူးလူမျိုးတို့အား ကျေးနပ်အားရစေရန် ဟေရုပ်မင်းက ပြန်လည်တည်ဆောက်ထားသည့်ဒုတိယဗိမ္ဗာန် တော်ဖြစ်ပါသည်။

*ယေရှုသည် ဗိမာန်တော်မှထွက်ခွာသွားတော်မူစဉ် တပည့်တော်တို့ထဲမှတစ်ပါးက "ဆရာ၊ ကြည့်ပါ။ အလွန်ကြီးမားသောကျောက်တုံးများနှင့်အလွန်ထည်ဝါသော အဆောက်အအုံများပါတကား"ဟု လျှောက်လေ၏။ ယေရှုကလည်း "ဤကြီးမား သောအဆောက်အအုံများကို သင်မြင်သည်မဟုတ်လော။ ဤနေရာ၌ ကျောက်တုံး တစ်တုံးပေါ်၌ ကျန်ရစ်ခဲ့သည်ဟူ၍ လု ာနားဝမရှိလိမ့်မည်မဟုတ်"ဟု ထိုသူအား မိန့်တော်မူ၏။ ထို့နောက် ကိုယ်တော်သည် သံလွင်တောင်ပေါ်၌ ဗိမာန်တော်ဘက်သို့ မျက်နှာမူလျက် ထိုင်နေတော်မူစဉ် ပေတရု၊ ယာကုပ်၊ ယောဟန်နှင့် အန္ဒြေတို့က၊*

ကျွန်ုပ်တို့သည် အရောင်ဝင်းလက်သောအရာများနောက်သို့လိုက်နေသည်မဟုတ်လော။ ကျွန်ုပ်တို့၏စိတ်နှလုံးများကို ရွှေရောင်နှင့် ထင်ဟပ်နေသောအရာများပေါ်၌ ထားကြသည်မဟုတ်လော။ အကြမ်းဖက်သမားများသည်လည်း သူတို့၏ပစ်မှတ် ၉၁၁ ကိုရွေးချယ်ခြင်း မပြုမီ အမေရိကန်ပြည်ကို အရေးတကြီး လေ့လာသင်ယူကြ၏။ 110-story World Trade Center အကြောင်းအရာထက် နိုင်ငံတကာတွင် ပိုမိုကျော်ကြားသည့်အဆောက်အအုံများရှိပါသလား။ ဤအဆောက်အအုံသည် ထိုအနား၌ရှိသည့် the stock exchange အဆောက်အအုံထက် လေးပုံတစ်ပုံ ပို၍မြင့်သည်။ ဤအဆောက် အအုံကြီးသည် ကမ္ဘာ့အဆောက်အအုံကြီး၏ စွမ်းရည်နှင့်အရှိန်အဝါကို ပြောခြင်းဖြစ်ပါသည်။ Pentagon စစ်ဌာနချုပ်သည် ကမ္ဘာ့စစ်တပ်အင်အား အကြီးမားဆုံးအဖြစ် ရပ်တည်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ယေရှု၏စကားတော်များကိုကြားလျှင် World Trade အဆောက်အအုံကြီးအကြောင်း ရှိတော့မည်မဟုတ်၊ ကျွန်ုပ်တို့နားလည် သွားမည်မဟုတ်လော။ ကျွန်ုပ်တို့ယုံကြည်နိုင်သလော။

၎င်းသည် သေချာပေါက် တပည့်တော်တို့၏တုံ့ပြန်မှုဖြစ်ပါသည်။ မယုံကြည်နိုင် လောက်အောင်ဖြစ်ပါသည်။ ထုထည်ကြီးမားလှသည့် ထိုကျောက်တုံးတို့သည် ရွေ့၍ မရနိုင်ပေ။ ယေရှုဟောခဲ့သည့်အတိုင်း ထိုဗိမ္ဗာန်တော် ကျောက်တုံးများသည် A.D. ၇၀ ဝန်းကျင်၌ ပြိုလဲခြင်းခံရသည်။ ထိုဗိမ္ဗာန်တော်ကို ရောမစစ်တပ်များက ဝင်ရောက် ကျူးကျော်ခဲ့သည်။ အကြောင်းမှာ ထိုဗိမ္ဗာန်တော်ကျောက်တုံးကြီးကြား၌ ရှိသည့်ရွှေများကိုရယူလိုကြသောကြောင့်တည်း။ ထို့အတူပါပဲ the Twin Trade Towers အမွှာပူး အဆောက်အအုံကြီးသည်လည်း ယနေ့မရှိပေ။

ပြောလိုသောသတင်းစကားသည် အတူတူပင်ဖြစ်သည်။ ကျွန်ုပ်တို့၏အံ့အား သင့်ခြင်းနှင့်ရင်သပ်ရှုမော စရာတို့ကို အဆောက်အအုံပေါ်တွင် တွေ့မြင်နိုင်ပြီး ကျွန်ုပ်တို့၏တန်ဖိုးဖြတ်ခြင်းသည်လည်း ထိုအ

ဆောက်အအုံပေါ်တွင် ရှိတတ်၏။ ၎င်းတို့သည် ကျွန်ုပ်တို့၏ရုပ်တုများ ဖြစ်လာပြီး မိမိတို့တန်ဖိုးထားသောရတနာနှင့် မျှော်လင့်ချက်ကို ပုံ ဆောင်လာပါတော့သည်။ တစ်စုံတစ်ဦးက ထိုအမူအရာသည် ဂျူးလူမျိုး များအတွက် အဆိုးမဟုတ်ပါဘူးဟု ယူဆနိုင်ပါသည်။ အမှန်မှာ ဘုရား သခင်၏နိုင်ငံတော်သည် အဆောက်အအုံများ ဒါမှမဟုတ် ဘာသေ ရေးအဖွဲ့အစည်းများနှင့်အသင်းတော်စည်းကမ်းတို့တွင်မတည်ပေ။ ယော ဟန် ၄:၂၁ တွင် ယေရှုက ရှမာရိအမျိုးသမီးအား "အသင်မိန်းမ၊ ငါ့ စကားကိုယုံလော့။ သင်တို့သည် ဤတောင်ပေါ်၌လည်းမဟုတ်၊ ဂျေရုဆ လင်မြို့၌လည်းမဟုတ်သည့်အရပ်တွင် ခမည်းတော်ကို ကိုးကွယ်မည့် အချိန်ကာလရောက်လာလိမ့်မည်။

ဗိမ္မာန်တော်ကိုစီမံခန့်ခွဲသောသူတို့သည် ယေရှုခရစ်တော်ကို သတ် သောသူများ ပင်ဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်နှင့်လောကစပ်ကြား သည် ဆန့်ကျင်ဘက်ဖြစ် ၏။

အမေရိကန်ပြည်ထောင်စုရှိ ဘုရားသခင်၏နိုင်ငံတော်သည် the Trade Towers or the Pentagon အဆောက်အအုံကြီးများပေါ်တွင် မရပ်တည်ပေ။ ထိုအဆောက်အအုံကြီး တို့သည် ကိုယ်စားပြုခြင်းသာဖြစ် ပြီးလူတို့၏အာရုံစူးစိုက်မှုနှင့်စိတ်ဝင်စားမှုကို ဆွဲဆောင်သောအဆောက် အအုံကြီးများဖြစ်သည်။ ထိုအဆောက်အအုံကြီးတို့သည် နာရီ ပိုင်းအ နည်းငယ်အတွင်း၌ပင် ကွယ်ပျောက်ပျက်စီးသွားနိုင်သည်။ ထိုအဆောက် အအုံကြီးတို့သည် စင်စစ်ကြီးမားသော်လည်း လှည့်စားခြင်းသာဖြစ်ပြီး မတည်မြဲပေ။ ဤမြေကြီးပေါ်၌ ရှိသမျှသောအဆောက်အအုံတို့သည် လည်း ထို့အတူပင် ပျက်စီးသွားမည်ဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ် တို့အဖို့ သက်သေသာဓကများဖြစ်ပါသည်။

ယေရှု၏ကြိုတင်ဟောပြောခြင်းသည် ဗိမ္မာန်တော်ပျက်စီးခြင်း ဆိုင် ရာဘေးဒုက္ခကို ကျရောက်စေခြင်းမဟုတ်ဘဲ ထိုဗိမ္မာန် တော်၏ပျက်စီး ခြင်းကြောင့် လူများမသေရမည့်အကြောင်း သူတို့ကိုသိခွင်းပေးခြင်း

သာဖြစ်သည်။ ကျွန်ုပ်တို့၏မျက်လုံးများကို ဤသို့သောအထိမ်းအမှတ် များအပေါ် မကြည့်ရှုတော့ဘဲ ဘုရားသခင်ထံတော်သို့ ပြန်လှည့်၍ ယုံကြည်ကိုးစားမှသာ မျှော်လင့်ချက်ပေါ်ထွက်လာနိုင်မည်ဖြစ်သည်။ ဂျူးလူမျိုးတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို ပွေ့ဖက်သောကြောင့်မဟုတ်ဘဲ ငြင်းပယ်ကြသောကြောင့် ဘေးဒုက္ခကျရောက်လာ ခြင်းဖြစ်သည်။ အမေရိကန်လူမျိုး တို့သည် ဘုရားသခင်၏နိုင်ငံတော်အစီအစဉ်များသို့ လိုက်ကြသောကြောင့်မဟုတ်ဘဲ သူတို့၏အောင်မြင်မှုကိုသြဘာ ပေးကြသောကြောင့် ဘေးဒုက္ခရောက်ရှိလာခြင်းဖြစ်သည်။

# အကျင့်ပါသောယုံကြည်ခြင်း
## မာကု ၁၁:၂၇-၃၃

စဉ်းစားတွေးခေါ် သောသူများနှင့်လုပ်ဆောင်သောသူများစပ်ကြား၊ အစီအစဉ် ရေးဆွဲသောသူများနှင့်အကောင်အထည်ဖော်သောသူများ စပ်ကြားတို့တွင် အစဉ်အမြဲ အားပြိုင်မှုရှိသည်။ ဤဆန့် ကျင်ဘက်နှစ်ရပ်တို့သည် ကာလအချိန်ကြာမြင့်စွာရှိ တတ်သည်ကို သံသယရှိစရာမလိုပေ။ အကောင်အထည်ဖော်လုပ်ဆောင်သောသူများသည် မစဉ်းစားသောသူများဖြစ်သည်ဟု ကျွန်ုပ်တို့ ပြတ်ပြတ်သားသားပြော၍မရပေ။

မကြာသေးမီကဖြစ်ပျက်သော ၉၁၁ အကြမ်းဖက်သမားများ၏လုပ်ရပ်ကြောင့် ကျွန်ုပ်တို့အားလုံးသည်လည်း အစွန်းရောက်ဝါဒီကို အနည်းငယ် ပို၍စိတ်ဝင်စားလာပြီး သိလည်းသိရှိလာကြရသည်။ ထိုစဉ်က အကြမ်းဖက်သမားများသည် အချိန်ကုန်ကျခံလျက် အစီအစဉ်များကို စနစ်တကျတွက်ချက် ပြီးသားဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။ သို့သော် သူတို့၏ယုံကြည်မှုသည် ပြည့်စုံမှုမရှိရုံသာမက လူအများက လက်မခံနိုင်လောက်အောင် ချို့တဲ့နေသည်ကို တွေ့မြင်ကြရသည်။ သူတို့၏တွေးတောကြံဆမှုသည် အမှားအယွင်းဘက်သို့ပို့ဆောင်၍ မုန်းတီးဖွယ်ရာ အပြုအမူများသည်လည်း ထောင်သောင်းချီသောလူများကို သေကြေပျက်စီးစေခဲ့သည်။

အသက်မွေးဝမ်းကျောင်းပညာကို သင်ကြားပေးသောသူများသည် မိမိတို့၏ ကိုယ်ပိုင်သုတေသနအခန်း၌ ထိုင်လျက် လက်တွေ့ဘဝ၏ အနိဋ္ဌာရုံများကို မျက်ကွယ်ပြုလျက်နေကြသည်မှာ တရားမျှတမှုမရှိဟု ဆိုရပေမည်။ ယေရှုသည် လုပ်ဆောင်သူအဖြစ် တာဝန်ပေးအပ်ခြင်း ခံရပြီး အကောင်အထည်ဖော်လုပ်ဆောင်သောအခါ တချို့က သူ့ကိုအ

စွန်းရောက်ဝါဒီရှိသူဟု ခေါ်နိုင်သည်။ ကိုယ်တော်သည် မိမိ၏ယုံကြည်မှု အတွက် မိမိဘဝအသက်တာကို ပုံသွင်းလိုသောသူဖြစ်ပါသည်။

ဂျူးလူမျိုးအသိုင်းအဝန်းထဲမှဘာသာရေးနှင့်လူမှုရေးခေါင်းဆောင်များက ယေရှုကို ရန်စသည့်ပုံစံဖြင့် တုံ့ပြန်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ယေရှုပြုခဲ့သည့်အရာအပေါ်မှာ အကောင်းမမြင်ကြပေ။ ထိုသူတို့သည် ယေရှု၏သင်ကြားခြင်းအပေါ် အနှောင့်အယှက်ပေး၍ မည်သူ၏အခွင့်အာဏာဖြင့် လုပ်ဆောင်ခဲ့သည်ကို စိန်ခေါ်ခဲ့ကြ၏။ ထို့ပြင် ငွေလဲလှယ်သောသူများကို ဗိမာန်တော်ထဲမှနှင်ထုတ်စဉ် ပျက်စီးသွားသည့်စားပွဲနှင့် ကုလားထိုင်များကို လက်ညှိုးထိုးထောက်ပြကြပြန်၏။ ဂျူးလူမျိုးတို့သည် ကျမ်းပြု ဆရာများ၏သွန်သင်ခြင်းဖြင့် ကျေနပ်ရောင့်ရဲနိုင်ကြသော်လည်း ယေရှုသည် ထိုထက်မက လုပ်ဆောင်ပြသည်။

*ထို့နောက် သူတို့သည် ဂျေရုဆလင်မြို့သို့ တစ်ဖန်ရောက်ကြ၏။ ကိုယ်တော်သည် ဗိမာန်တော်ထဲ၌ ကြွတော်မူစဉ် ယဇ်ပုရောဟိတ် အကြီးအကဲများ၊ ကျမ်းပြုဆရာများ နှင့်သက်ကြီးဝါကြီးများသည် အထံတော်သို့လာ၍ သင်သည် ဤအမှုအရာများကို မည်သည့်အခွင့်အာဏာနှင့်ပြုသနည်း၊ သို့မဟုတ် ဤသို့ပြုနိုင်သောအခွင့်အာဏာကို မည်သူက သင့်အားပေးသနည်း"ဟု မေးမြန်းကြ၏။ ယေရှုကလည်း "ငါ သည် သင်တို့ကို မေးခွန်းတစ်ခုမေးဦးမည်။ ငါ့ကိုဖြေကြလော့။ သို့ပြုလျှင် ဤအရာများကို မည်သည့် အခွင့်အာဏာနှင့် ငါပြုကြောင်း သင်တို့အား ငါပြောမည်။ ယောဟန်၏ဗတ္တိဇံသည် ကောင်းကင်မှဖြစ်သလော၊ သို့မဟုတ် လူတို့ထံမှဖြစ်သလော။ ငါ့ကိုဖြေကြလော့"ဟု မိန့်တော်မူ၏။ ထိုအခါ သူတို့သည် အချင်းချင်းဆွေးနွေးပြောဆိုကြကာ "ကောင်းကင်မှ ဖြစ်သည်'ဟု ငါတို့ပြောလျှင် သူက သို့ဖြစ်လျှင် အဘယ်ကြောင့် ယောဟန်ကိုမယုံကြ သနည်း'ဟု ပြောလိမ့်မည်။ လူတို့ထံမှဖြစ်သည်'ဟု ငါတို့ပြောလျှင်လည်းမဖြစ်"ဟု ဆိုကြ၏။ လူအပေါင်းတို့သည် ယောဟန်ကို ပရောဖက်ဖြစ်သည်ဟု အမှန်ပင် မှတ်ယူကြသောကြောင့်*

*သူတို့သည် လူထုပရိသတ်ကိုကြောက်ကြ၏။ ထို့ကြောင့် သူတို့က "အကျွန်ုပ်တို့မသိပါ"ဟု ယေရှုအား ပြန်ဖြေကြ၏။ ထိုအခါ ယေရှုက "ငါသည်လည်း ဤအမှုအရာများကို မည်သည့်အခွင့်အာဏာနှင့်ပြုကြောင်း သင်တို့ကိုမပြော"ဟု သူတို့အား မိန့်တော်မူ၏။*

ပြဿနာကား လေ့ကျင့်သင်ကြားခြင်းပင်ဖြစ်သည်။ အသင်းတော်ထဲတွင် ကောင်းသောလှုပ်ရှားမှုတချို့ရှိပါသည်။ ထိုလှုပ်ရှားမှုက အသင်းတော်အား သေခြင်းကွင်းထဲသို့ လုံးဝမသွားမိရန် စောင့်ထိန်းပေးသည်။ ဤသို့သောလှုပ်ရှားမှုများက အသင်းတော်အား ဆုတောင်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ ဧဝံဂေလိဝေငှခြင်းနှင့် ဆင်းရဲသားများအတွက် ကြည့်ရှုစောင့်ရှောက်ခြင်း စသည်တို့ကိုပြုပေး၏။ ယနေ့ ကျွန်ုပ်တို့သည် ပုံမှန်အားဖြင့် စဉ်းစားတွေးခေါ်တတ်သည့် ခေါင်းဆောင်များထက် လက်တွေ့လုပ်ဆောင်နိုင်သည့်ခေါင်းဆောင်များကိုသာ ကျမ်းစာကျောင်း တက်ခွင့်ပြုရပါမည်။ ကျမ်းစာကို ဦးနှောက်အားဖြင့် သိရှိခြင်း ဒါမှမဟုတ် ကျမ်းစာဘာသာပြန်ခြင်းတို့ကြောင့် ထောင်လွှားမောက်မာလာတတ်သည်ကိုလည်း တွေ့ရသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မကြာခဏ လုပ်ဆောင်ချက်မရှိဘဲ သေနေသော်လည်း ဂုဏ်ယူဝါကြွားတတ်ကြ၏။

*ထိုနည်းတူ ယုံကြည်ခြင်းသည်လည်း လုပ်ဆောင်မှုမပါဘဲ ၎င်းသက်သက်သာဆိုလျှင် အသေဖြစ်၏။ သို့သော် သင်၌ယုံကြည်ခြင်းရှိ၍ ငါ ၌ လုပ်ဆောင်မှုရှိသည်ဟု အချို့သောသူက ပြောဆိုလိမ့်မည်။ သို့ဆိုလျှင် လုပ်ဆောင်မှုကင်းသောသင်၏ ယုံကြည်ခြင်းကို ငါ့အားပြလော့။ ငါသည်လည်း ငါ၏လုပ်ဆောင်မှုအားဖြင့် ငါ၏ယုံကြည်ခြင်းကို သင့်အားပြမည်။*

ဤကျမ်းချက်က ဘုရားသခင်၌ လူတစ်ဦး၏ယုံကြည်ခြင်းပါပါ အသက်ရှင်ခြင်း၏ သဘောသဘာဝကို အခြေခံကျကျပြောနေခြင်းဖြစ်ပါသည်။ တစ်စုံတစ်ယောက်သည် စင်စစ်ယုံကြည်လျှင် တောင်များကိုပင် ပင်လယ်ထဲသို့ စင်စစ်ကျစေနိုင်သည်။ ရှင်ယာကုပ်ပြောသည့်စစ်မှန်သောယုံကြည်ခြင်းသည် အကျင့်ပါသောယုံကြည်ခြင်းဖြစ်ပါသည်။ အ

ကျင့်မပါသောယုံကြည်ခြင်းကား အသေဖြစ်သည်။ ထို့ကြောင့် ဂျူးခေါင်းဆောင်များ၊ ယဇ်ပုရောဟိတ်များ၊ အကြီးအကဲများနှင့်လူဆိုးဂိုဏ်းများက ယေရှု၏ သွန်သင်ခြင်းများအပေါ်တွင်မဟုတ်ဘဲ ယေရှု၏လုပ်ဆောင်ချက်များအပေါ်တွင် ပို၍စိန်ခေါ်မှုပြုကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။ ထိုသူတို့သည် ဗိမာန်တော်၌ အများ၏အမြင်တွင် ပြုမူဆောင်ရွက်နိုင်ကြသော်လည်း ယေရှုလုပ်ဆောင်နေသောအရာများနှင့်ပတ်သက်လာသောအခါ ပြဿနာများရှိနေကြောင်း ထင်ရှားလှပေသည်။ ယေရှု၏လုပ်ဆောင်ချက်များသည် သူ၏သွန်သင်ခြင်းမှစ၍ ယုံကြည်မှုတို့နှင့်ပါ ကွဲပြားမှုမရှိ အကျိုးပေးတူလွန်းလှပါသည်။ ဥပမာအားဖြင့် အံ့ဩဖွယ်ရာများနှင့် အနာငြိမ်ခြင်းတို့သည် ယေရှု၏ဩနာလုပ်ငန်းကို ပေါ်လွင်စေပါသည်။

အသင်းတော်သည် ယုံကြည်ခြင်းကို စတင်ကျင့်သုံးလာသောအခါ လောကသည်လည်း စတင်အာရုံစိုက်လာပါသည်။ လောကီသားတို့သည် အသီးမသီးသည့် ယုံကြည်ခြင်း၌ သေလျက်နေသောသူများကို သည်းခံနိုင်သည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ ထိုသူတို့၏ယုံကြည်ခြင်းသည် အလွယ်တကူတွန်းချနိုင်သည်သာမက မိမိတို့၏လမ်းစဉ်နောက်ကို လိုက်နေသောကြောင့်ဖြစ်သည်။ ထိုသူတို့သည် မိမိတို့၏ယုံကြည်ခြင်းကို အစဉ်အမြဲအပေးအယူလုပ်တတ်ကြသည်။ ထိုသူတို့သည် မိမိတို့၏ယုံကြည်ခြင်းကို မည်ကဲ့သို့လက်တွေ့လုပ်ဆောင်ရမည်ကိုမသင်ယူတတ်ကြပေ။

ကျွန်ုပ်သည် ကိုယ်ဝန်ဖျက်ချသည့်ဆေးခန်းကိုညွှန်လျက် ယေရှုထံချီတက်ပြီး အိုးအိမ်မဲ့နေသူများထံ ဩနာပြုနေပါက တချို့အတွက် အံ့အားသင့်စရာဖြစ်ပေမည်။ ဤသို့သောယုံကြည်ခြင်းကို ကျွန်ုပ်တို့ဖော်ပြနေတွေ့ ကျွန်ုပ်တို့သည် လုံးလုံးလွဲနေပြီ ဖြစ်သည်။ အခြားသူများ၏အသွင်ကို လိုက်တုနေခြင်းမဟုတ်ဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ပြောဆိုချက်ကို လိုက်ရှာ၍ တုံ့ပြန်ရမည်သာဖြစ်သည်။ ခမည်းတော်

ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ခြင်းသည် အဆုံးမရှိသော လမ်းစဉ်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ရှင်သန်၍ အသက်တာပြောင်းလဲလာစေခြင်းငှာ ဘုရားသခင်နှင့် နီးကပ်လာဖို့ လိုအပ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏အသံတော်ကို ကြားနိုင်ဖို့ရန် မချဉ်းကပ်လျှင် မည်သည့်အမှုပြုရမည်ကို ကျွန်ုပ်တို့သိရှိမည်မဟုတ်ပေ။

သခင်ဘုရားသည် ကျွန်ုပ်တို့လုပ်ဆောင်စရာများအတွက် အသင့်ရှိသောအခါ မရပ်တန့်စေတတ်ပေ။ ကိုယ်တော်အလိုရှိသောအရာကို ကျွန်ုပ်တို့မလုပ်ဆောင်နိုင်လျှင် ကိုယ်တော်အဖို့ အဓိပ္ပာယ်မရှိပေ။ သမ္မာကျမ်းစာထဲမှာ ဖော်ပြထားသည့်အတိုင်း ကိုယ်တော်၏လူများစွာတို့သည် လုံးလုံးမသိကျိုးကျွန်ပြုကြ၏။ ဂိဒေါင်၏ဖခင်ရုပ်တု များအား ဖြိုချခြင်းနှင့်ပတ်သက်၍ ဂိဒေါင်အား ဘုရားသခင်ထိပ်တိုက်တွေ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏အလိုရှိသောအရာကို လုပ်ဆောင်နိုင်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အားနည်းချက်၌ တုန်လှုပ်ပါသည်။ "မိတ်ဆွေအလိုရှိတဲ့အရာကို ငါလုပ်ပြမယ်"လို့ ကြိမ်ဖန်များစွာ ကျွန်တော်ကြွားလုံးထုတ်ခဲ့၏။ သို့သော် ကိုယ်တော် စကားပြောဆိုသောအခါ အကျွန်ုပ်တုန်လှုပ်ပါသည်။

ကိုယ်တော်သည် သိသာမြင်သာသောလှုပ်ရှားမှုများနှင့်တိကျသောလှုပ်ရှားမှုများကို တောင်းဆိုသောအခါ ၎င်းတို့ကိုလုပ်ဆောင်ဖို့ရန် အကျွန်ုပ်ကြောက်ရွံ့ပါသည်။ အထစ်ထစ် အငေါ့ငေါ့ဖြင့် စကားပြောဆိုသောမောရှေကဲ့သို့ ကိုယ်တော်တောင်းဆိုသောအရာများကို လုပ်ဆောင်ဖို့ရန် အကျွန်ုပ်သည် ဆင်ခြင်ဆင်လက်များစွာစဉ်းစားနိုင်သည်။ ထိုအရပ်၌ရှိသည့်ထိုလူကိုသွား၍ ဧဝံဂေလိတရားဝေငှလော့။ ကိုယ်တော်သည် မိမိတို့ကြောက်ရွံ့ခြင်းနှင့်သံသယများကို အနိုင်ယူဖို့ရန် မိမိတို့၏ယုံကြည်ခြင်းအတွက် အခွင့်ထူးကိုပေးတော်မူတတ်သည်။

ဗိမာန်တော်နှင့်ဆိုင်သောခေါင်းဆောင်များသည် ယေရှု၏ဖြေကြားချက်အား နားထောင်ဖို့ရန် အသင့်မရှိကြသည်ကို ကိုယ်တော်သိရှိတော်မူ၏။ ကိုယ်တော်သည် ဗိမာန်တော်ကျောင်းဝင်းကို ပြန်လည်မွမ်းမံရန်နှင့် ထင်ရာဆိုင်းသောအမှုအရာများကို ရှင်းထုတ်ရန် အခွင့်အာဏာရရှိထားသူဖြစ်ပါသည်။ ကိုယ်တော်သည် ခမည်းတော် ဘုရားသခင်၏ပြောပြချက်မပါဘဲ ထိုအမှုအရာများကို မလုပ်ဆောင်တတ်ပေ။ သို့သော် ယေရှုသည် ထိုသူတို့၏ကြော်ကြားမှုမဟုတ်ပေ။ ထိုသို့ပြုခြင်းသည် ဇန်းပြထားသည့်ထွင်လုံးလည်း မဟုတ်ပေ။ ယေရှုသည် ခမည်းတော်ဘုရားသခင်၏ဆုတောင်းရာ အိမ်တော်အား လူများက အဘယ်မျှလောက်စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်အောင် ပြုကြသည်ကို ဂရုစိုက်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ ယေရှုသည် ထိုသူတို့ကို ရိုးရှင်းစွာမေးခွန်းလှည့်၍ ရှုပ်ထွေးစေခဲ့ပါသည်။

မြေကြီးပေါ်၌ ယေရှုလုပ်ဆောင်ခဲ့သောအရာများစွာ ရှိပါသည်။ ယောဟန်က ယေရှုပြုသောအမှုအရာများသည် ရှိသမျှသောစာအုပ်များဖြင့် ပြည့်နှက်နိုင်သည်ဟု ဆိုထားပါသည်။ "ယေရှုပြုတော်မူသောအမှုအရာများစွာရှိသေး၏။ ထိုအမှုအရာများကို တစ်ခုချင်းရေးထားပါက ဤကမ္ဘာကြီး၌ပင် ထိုရေးထားသောကျမ်းဂန်များ ဆန့်မည်မဟုတ်ဟု ငါထင်မှတ်၏" (ယော၂၁:၂၅)။

လူတို့သည် ယေရှုထံသို့ သူသင်ကြားပေးသည့်အကြောင်းအရာပြဿနာများ မလာကြဘဲ သူပြုခဲ့သည့်အကြောင်းအရာများနှင့်ပတ်သက်၍ ရောက်လာကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ယုံကြည်လျက်ဘာမျှမပြုဘဲ အသင်းသားများဖြစ်ရုံနှင့် အလွန်တင်းတိမ်ရောင့်ရဲကြသည်။ အကယ်၍ ကျွန်ုပ်တို့သည် ယေရှု၏နောက်လိုက်များဖြစ်လျှင် လောကီလူသားတို့ကို သန့်ရှင်းတော်မူသော ဖန်ဆင်းရှင်နှင့် ထိပ်တိုက်တွေ့ဆုံစေမည့်အကျင့်သည် မိမိတို့၌ ရှိသင့်သည်။

ခရစ်တော်၌ တည်နေခြင်း

မိတ်ဆွေသည် ယေရှုခရစ်တော်၏နောက်တော်သို့လိုက်နေသော သူဖြစ်ကြောင်း အခြားသူများက သတိပြုသိရှိနိုင်ရန် မိတ်ဆွေ၌ လုံလောက်သောအထောက်အထား ရှိပါသလား။ အကယ်၍ မရှိသေးလျှင် ယေရှုယုံကြည်လက်ခံပြီး သူ၏သွန်သင်ချက်လမ်းညွှန်ချက်များကို နာခံလျှောက်လှမ်းရပါမည်။ ထိုသို့ပြုပါက ခရစ်တော်နောက်တော်သို့ လိုက်သော သူဖြစ်ကြောင်း အခြားသောသူများက သိရှိလာပါလိမ့်မည်။

# လှုပ်နေသောကျော်ကြားမှု
## မာကု ၂:၁-၂

မာကု ၂:၁-၂ ကို ကျွန်တော်ဖတ်ရှုသောအခါ အကျွန်ုပ်သည် ကျော်ကြားမှု၏လိုအင်ဆန္ဒဖြင့် ချက်ချင်းစိန်ခေါ်ခြင်းခံရလေ၏။ ယေရှု၏အနာငြိမ်းခြင်း ဖြစ်ရပ်မှန်သည် အစပြုခဲ့သော်လည်း အကျွန်ုပ်ဖတ်နေသည့်ကျမ်းပိုဒ်ကို ရပ်တန့်လိုက်ပါသည်။ အကျွန်ုပ်လိုအပ်သောအကြောင်းအရာသည် အကျွန်ုပ်ရှေ့၌ပင် အစပြုနေပြီဖြစ်သည်။

ကျော်ကြားမှု၏အတွေးများသည် ပေါက်ကွဲသည့်ပုံးသဖွယ် အကျွန်ုပ်စိတ်နှလုံးထဲသို့ဝင်ရောက်လာပါသည်။ ဤအတွေးများသည် နတ်ဆိုးက ထည့်သွင်းပေးခြင်းဖြစ်နိုင်သည်ဟု အကျွန်ုပ်သင်္ကာမကင်းဖြစ်လာသည်။ ထိုသို့သောအဖြစ်အပျက်မျိုးကို ယေရှုလည်း ခံရနိုင်ကြောင်း အကျွန်ုပ်တွေ့ရှိလေသည်။

*ရက်အနည်းငယ်ကြာပြီးနောက် ကိုယ်တော်သည် ကပေရနောင်မြို့ထဲသို့ တစ်ဖန် ဝင်တော်မူ၏။ အိမ်၌ ကိုယ်တော်ရှိတော်မူသည်ကိုကြား၍ များစွာသောလူတို့သည် စုဝေးလာကြသဖြင့် အိမ်တံခါးရှေ့၌ပင် နေရာမရှိတော့ချေ။ ကိုယ်တော်သည် သူတို့အား နှုတ်ကပတ်တော်တရားကို ဟောပြောလျက်နေတော်မူ၏။*

ယေရှုကိုမြင်တွေ့ဖို့ရန်နှင့်သူ၏အသံကို ကြားဖို့ရန် လူတို့၏ပြေးလွှားမှုပုံရိပ်သည် အကျွန်ုပ်ကို များစွာနှစ်သက်အားရစေသည်ဟု ထင်ရသည်။ သို့သော် အကျွန်ုပ်သည် ဤအမှုအရာကို မစဉ်းစားခဲ့ပေ။ ယေရှုထံသို့ လူတို့ပြေးလွှားနေကြသည့်အကြောင်းသည် အကျွန်ုပ်ကိုမပျော်ရွှင်စေခဲ့ပေ။ စုဝေးလျက်ရှိသည့်လူထုပရိသတ်ထံသို့ ယေရှု ပြောဆိုလျက်ရှိသည့်ကြီးမြတ်သောစကားတော်တို့ကိုလည်း အကျွန်ုပ်မစဉ်းစားခဲ့ပေ။

လိုအပ်ချက်ရှိသောလူတို့ထံသို့ ယေရှုပေးအပ်မည့်အနာငြိမ်းခြင်းနှင့်ငြိမ်သက်ခြင်းအကြောင်းကို အကျွန်ုပ်မစဉ်းစားခဲ့ပေ။

*ရက်အနည်းငယ်ကြာပြီးနောက် ကိုယ်တော်သည် ကပေရနောင်မြို့သို့ ပြန်လာတော်မူ၏။ ကိုယ်တော်သည် အိမ်၌ရှိတော်မူသည်ဟူသောသတင်းကိုကြားကြ၏။ ထိုအခါ များစွာသောလူတို့သည် စုရုံးလာကြသည်ဖြစ်၍ တံခါးရှေ့၌ပင် အခန်းနေရာ မရှိတော့ပေ။ ကိုယ်တော်သည် ထိုလူတို့ကို စကားပြောလျက်နေ၏ (မာကု ၂:၁-၂)။*

ဤအရာတို့သည် အကျွန်ုပ်၏တွေးတောကြံဆမှုများမဟုတ်ပါ။ အကျွန်ုပ်၏ တွေးတောကြံဆမှုများသည် လုံးဝဥဿုံဆိုးညစ်ပါ၏။ အကျွန်ုပ်သည် ကိုယ်တော်ကိုစွပ်စွဲရန် သက်သေအထောက်အထားရှာဖွေနေသောကျမ်းပြုဆရာများနှင့်အတူ ပါဝင်ခဲ့သည်ဟု ယူဆရပါသည်။ အမှန်မှာ အကျွန်ုပ်သည် အတ္တာကြီးပြီး ယေရှုကိုမမြင်တွေ့နိုင်သောသူသာဖြစ်ပါသည်။

အကျွန်ုပ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုရန် ထိုင်ချလိုက်သည်နှင့် ယေရှုထံတော်ပါးမှသင်ယူရန် ရည်ရွယ်လေသည်။ အကျွန်ုပ်သည် ဘုရားသခင်၏မျက်မှောက်တော်နှင့်သွန်သင်ခြင်း၌ မွေ့လျော်သည်ဖြစ်၍ ထိုင်ချရခြင်းဖြစ်ပါသည်။ အကျွန်ုပ်ကို သွန်သင်ရန် ယေရှုကို အကျွန်ုပ်အလိုရှိ၏။ ထိုအရာသည် အကျွန်ုပ်အား ကိုယ်တော်အလိုသောအရာဖြစ်နိုင်ပါသည်။ အကျွန်ုပ်၏စိတ်နှလုံးကို ညစ်ညမ်းစေသည့်တကယ့်အတွေးများက အကျွန်ုပ်ကိုဖမ်းဆုပ်ထားသည့်အခါ ကျမ်းစာဖတ်ရှုခြင်းကို ရပ်ပစ်လိုက်ပါသည်။ သို့မဟုတ်လျှင် ထိုသို့သောအတွေးများသည် အကျွန်ုပ်ကို အပြစ်ဖြစ်စေတတ်သည်။

*သင်၏ဘုရားသခင်ထာဝရဘုရားကို သင်၏စိတ်နှလုံးအကြွင်းမဲ့၊ သင်၏စိတ် ဝိညာဉ်တစ်ခုလုံး၊ သင်၏ဉာဏ်ရှိသမျှနှင့် သင်၏အစွမ်းသတ္တိရှိသမျှတို့ဖြင့် ချစ်ရမည်ဟူ၍ဖြစ်၏။ ဒုတိယပညတ်ချက်မှာ ကိုယ့်ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ် ရမည်ဟူ၍ဖြစ်၏။*

*ဤပညတ်ချက်နှစ်ပါးထက်ကြီးမြတ်သောအခြားပညတ်မရှိ"ဟု မြွက်ကြားတော်မူ၏။*

ကျော်ကြားမှုကို ရှာဖွေရာတွင် မည်သည့်အမှားအယွင်းရှိသနည်း။ "အဘယ့်ကြောင့် ကျော်ကြားမှုကို ကျွန်ုပ်တို့ရှာဖွေရသနည်း"ဟူ၍ ကျွန်ုပ်တို့မေးမြန်းဖို့ လိုအပ်ပါသည်။ လူတို့သည် ထုံးစံအတိုင်း ကျော်ကြားမှုကို ရှာဖွေတတ်ကြသည်။ အကြောင်းမှာ သူတို့သည် အရေးပါသောပုဂ္ဂိုလ်များဖြစ်လိုကြသည်။ ပိုဆိုးသည်မှာ ထိုသူတို့သည် အခြားသူများထက်ပို၍အရေးပါလိုကြသည်။ ထိုသို့မဖြစ်ဖို့ရန် လူဘယ်နှစ်ယောက် ရပ်တန့်နိုင်မည်နည်း။

ကျော်ကြားမှု၏မကောင်းမှုသည် ဖြစ်ရပ်မှန်အကြောင်းအရာများအား လုံးလုံးငြင်းပယ်ခြင်းဖြစ်သည်။ ကြီးမြတ်ခြင်းသည် တစ်စုံတစ်ဦး၏စကားကို နားထောင်ဖို့ရန် လူဘယ်နှစ်ဦးစုဝေးနိုင်သနည်းဟူ၍ မဟုတ်ဘဲ ဘုရားသခင်၏အလိုတော်၌ လူဘယ်နှစ်ဦးနှိမ့်ချနိုင်သနည်းဟူ၍ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အာရုံစိုက်ခြင်းကို ဂရုစိုက်နေတရွေ့ ကျွန်ုပ်တို့၏မျက်လုံးသည် သခင်ဘုရားကိုမမြင်တွေ့နိုင်ပေ။ ကျွန်ုပ်တို့အား ပေးသနားတော်မူသောအရာကလွဲ၍ ကျွန်ုပ်တို့မှာ မည်သည့်အရာမျှမရှိသည်ကို ကျွန်ုပ်တို့နားလည်ထားရမည်။ ကျွန်ုပ်တို့အား ကိုယ်တော်ခေါ်ခြင်းနှင့်ဆုကျေးဇူးများ မတူကွဲပြားစွာမျှဝေခံစားစေခြင်းမှာ ကျွန်ုပ်တို့မည်သူမည်ဝါဖြစ်ခြင်းကြောင့်မဟုတ်ဘဲ ကိုယ်တော်ပြုလိုသောအရာများကို အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့အသီးသီးအား ကိုယ်တော်ကိုယ်တိုင်ပြုပေးသောကြောင့်ဖြစ်သည်။ မည်သူကမျှ ပင်ကိုအားဖြင့် ပိုကောင်းဟူ၍မရှိပေ။ ကျွန်ုပ်တို့ထိုက်တန်သောကြောင့်မဟုတ်ဘဲ ကိုယ်တော်၏ကျေးဇူးကရုဏာတော်ကြောင့်သာ ကျွန်ုပ်တို့ပိုမိုကောင်းမွန်နိုင်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် အဘယ့်ကြောင့် မလုပ်၍မရသောအနေအထားဖြင့် အရေးပါလို ကြသနည်း။ "လူတွေက ငါ့ကိုကြိုက်ကြတယ်၊" "လူတွေက

ငါ့ကို ခေတ်ဆန်တယ်လို့ ထင်ကြတယ်" ဒါမှမဟုတ် "လူတွေက ငါ့ကို ဆွဲဆောင်မှုရှိတယ်လို့ ထင်ကြတယ်"ဟူ၍ မိမိတို့ကိုယ်ကို လှည့်စား တတ်ကြ၏။ ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ အခြားသူများ၏ဂရုစိုက်ခြင်းကို တောင့်တသည်မှလွဲ၍ အခြားမည်သည့်အရာမျှမရှိပေ။ ဂရုစိုက်ခြင်း သည် လူတစ်ဦးကိုအရေးပါစေ၍ ပိုမိုကောင်းမွန်စေသည်ဟု ကျွန်ုပ်တို့ယူ ဆတတ်ကြသည်။

ယေရှုသည် ကျော်ကြားမှုနှင့်ဆိုင်သည့်စုံစမ်းနှောင့်ယှက်ခြင်း မှန် ကန်စွာကိုင်တွယ် တတ်သည်။ ကိုယ်တော်သည် မိမိအား လူများကြိုက် နှစ်သက်သကဲ့သို့ သူ့ကိုယ်သူသတိ ထားလျက်မရှိပေ။ ကိုယ်တော်သည် လူထုပရိသတ်ကို ရရှိထိန်းသိမ်းနိုင်ဖို့ရန် ဖုန်းတကိုင်ကိုင်ဖြင့် မပြုမူခဲ့ပေ။ သူသည် ထိုသို့သောတွေးတောကြံဆမှုများဖြင့် စုံစမ်းခြင်းကိုခံရသည်မှာ သံသယရှိစရာမလိုပေ။ သို့သော် ကိုယ်တော်သည် ၎င်းတို့ကို အမြဲငြင်း ပယ်ခဲ့သည်။ ကိုယ်တော်သည် သူ့အား ဘုရားသခင်ခေါ်ထားသည့် အဓိကကြောင်းရင်း အကောင်အထည်ဖော်ခြင်းကိုသာ အာရုံစိုက်သည်။ ကိုယ်တော်သည် ခမည်းတော်ဘုရားသခင်၏အလိုတော်ကို ခမည်းတော် ဘုရား၏ပြုမူပြောဆိုပုံနှင့် ခမည်းတော်ဘုရား၏အချိန်ဇယားအတိုင်း လုပ်ဆောင်သွားပါသည်။ မိမိကိုယ်ကိုထက် လူတို့ကို ပို၍ဂရုစိုက်စောင့် ရှောက်တော်မူမည်။ မာကု ၁၂:၃၀-၃၁ တွင် ပြောဆိုထား သည့်အတိုင်း ကိုယ်တော်သည် ဘုရားသခင်ကိုအရင်ဆုံးချစ်ပြီးမှ လူကိုချစ်ရပါလိမ့် မည်။ ကိုယ်တော်အတွက် အစေခံခြင်းမှတပါး အခြားမည်သည့်အတွက် မှနေရာမရှိပေ။

ထိုလမ်းစဉ်အတိုင်း ယေရှုမစဉ်းစားသည်ကို ကျွန်ုပ်တို့မည်ကဲ့သို့ သိရှိနိုင်သနည်း။ ကိုယ်တော်သည် မိမိကိုယ်ကို စိတ်အာရုံစိုးမိုးခြင်း မရှိကြောင်းကို ယေဘုယအချက်အလက်များအားဖြင့် ကျွန်ုပ်တို့မြင်တွေ့ နိုင်ပါသည်။

- ကိုယ်တော်သည် မိမိခမည်းတော်ဘုရားသခင် တန်ဖိုးထားသော အရာလုပ်ဆောင်ခြင်းအပေါ်၌ အာရုံစူးစိုက်သည်။
- ကိုယ်တော်သည် လူတို့ကိုချစ်မြတ်နိုးတော်မူ၏။
- ကိုယ်တော်သည် လူတို့နှင့်ခေါင်းဆောင်များကို လှည့်သွားစေလိုသည်။
- ကိုယ်တော်သည် မိမိပြုသောအံ့သြဖွယ်ဖြစ်ရပ်များကို အခြားသူများအားမပြောပြရန် လူတို့ကိုမိန့်မှာခဲ့သည်။
- ကိုယ်တော်သည် မိမိကိုယ်ပိုင်နိုင်ငံတော်တည်ထောင်မည့်အစား တနေရာမှတနေရာသို့ ပြောင်းရွှေ့သွားသည်။
- ကိုယ်တော်သည် သူ၏အရေးပါးမှုကို အလေးထားခြင်းငှာ ရပ်ဝတ္ထုများမစုဆောင်းခဲ့ပေ။
- ကိုယ်တော်သည် ကြမ်းတမ်းသောကားတိုင်လမ်းကို ပွေ့ဖက်နိုင်ဖို့ရန် အနီးကပ်ဆုံး သစ္စာဖောက်ခြင်းကိုပင်မမှုဘဲ အာရုံစိုက်ခြင်းမှာသမျှကို အရှုံးပေးနိုင်ခဲ့သည်။

တစ်စုံတစ်ဦးသည် လုပ်ငန်းအစမပြုမီ ဤအရာသည် ကိုင်တွယ်ရမည့်အရေးပါသည့်အကြောင်းအရာဖြစ်ကြောင်း သံသယရှိစရာ မလိုပေ။ လေ့ကျင့်သင်ကြားခြင်းကာလ၌ ကျော်ကြားမှုအတွက် ထိုဆန္ဒကိုရင်ဆိုင်ဖို့ရန် လူဘယ်နှစ်ဦးသည် စိန်ခေါ်မှုကိုခံရဖူးသနည်း။
သင့်လျော်မှန်ကန်စွာ အကျွန်ုပ်တို့ပြန်ပါရစေ။

- အကျွန်ုပ်သည် အခြားသူများ၏အာရုံစိုက်ခြင်းကို မကြာမဏာ ကြိုက်နှစ်သက်သူဖြစ်ကြောင်းဝန်ခံပါသည်။ အကျွန်ုပ်အား ဘုရားသခင်ဘာအလိုရှိ သနည်းဆိုသည်ထက် မိမိကိုယ်ကို အာရုံစိုက်ခြင်းနှင့်လူတို့၏အမြင်အပေါ် မကြာခဏအလေးထားခြင်းကို အာရုံစိုက်လျက်ရှိကြောင်း အကျွန်ုပ်ဝန်ခံပါသည်။

- ဤသို့သောကျော်ကြားမှု ဆန္ဒအတွက် အကျွန်ုပ်နောင်တရ၍ ဘုရားသခင်သည် အကျွန်ုပ်၏အသက်တာ၌ မာန၏တံတိုင်းကို အားပြင်းသောမုန်တိုင်း သဖွယ်ဖျက်ဆီးသွားပါလိမ့်မည်။ ဤအကြောင်းကြောင့် အကျွန်ုပ်ကို ကျေနပ်အားရစေမည့်လူတို့၏ ဆန္ဒကို ငြင်းပယ်လိုက်သည်။
- အကျွန်ုပ်၏ခမည်းတော်ဘုရားသခင်လိုအင်ဆန္ဒကဲ့သို့ အကျွန်ုပ်၏ပြောစကားအား လူများစွာနားထောင်ခြင်းကိုသာ အကျွန်ုပ်လိုလားသည်။ ထိုသို့သောစကားကို အကျွန်ုပ်မည်သည့်အခါမျှ မပြောဆိုလျှင်လည်း အကျွန်ုပ်ကျေးနပ် အားရပါလိမ့်မည်။
- အကျွန်ုပ်အဖို့ ထာဝရကာလအတွက် ကိုယ်တော်၏ရွေးကောက်ခြင်းနှင့်အကျွန်ုပ်ကျေနပ် ရောင့်ရဲပါမည်။ အကျွန်ုပ်အားပေးသနားတော်မူသောကျေးဇူးတော်ထက် သာလွန်သောအရာနှင့်ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းခံရသည်ထက် သာလွန်သောအရာ ဘာတစ်ခုမျှမရှိပေ။
- ထို့ပြင် အကျွန်ုပ်သည် ဆုံးဖြတ်ချက်ချရန်အတွက် ခမည်းတော်ဘုရား သခင်၏အလိုတော်နှင့်မိမိဝန်းကျင်၌ရှိသော သူတို့၏ကောင်းကျိုးအတွက် (တစ်ယောက်အတွက်ဖြစ်စေ၊ ထောင်သောင်း အတွက်ဖြစ်စေ) ကိုသာရှာဖွေရန် အကျွန်ုပ်၏သခင်ဘုရားကို တောင်းလျှောက်ပါ၏။

# စိုးရိမ်ခြင်းအပေါ် ရှုထောင့်အမြင်
## လုကာ ၁၂:၂၅-၂၆

ကိုယ်တော်၏လေ့လာစူးစမ်းခြင်းတို့သည် ရိုးရှင်းသော်လည်း ထူးခြားမှုရှိသည်။ လူတိုင်းယေရှု၏မေးခွန်းကို ဖြေကြားနိုင်ပါသည်။ သူတို့သည် အဖြေကိုသိရှိကြသည်။ ကျွန်ုပ်တို့သည်လည်း အဖြေကိုသိရှိကြသည်။ ဘယ်နှစ်ဦးသည် မေးခွန်းထုတ်လာနိုင်မည်နည်း။ မှန်ဘီလူးသဖွယ်ဆက်စပ်နေသည့်မေးခွန်းနှစ်ခုသည် ကျွန်ုပ်တို့အား စိုးရိမ်ခြင်း၏ပုံရိပ်ကို ရှင်းလင်းစွာမြင်တွေ့စေပါသည်။

မိတ်ဆွေအနေနှင့် စမ်းသပ်ခြင်းတစ်ခု၊ လူတစ်ဦး၊ မိတ်ဆွေတစ်ဦး၊ ချိန်းဆိုချက်၊ ဌေ့သည်တစ်ဦးနှင့် တွေ့ဆုံခြင်း၊ အန္တရာယ်ထဲကျရောက်ခြင်းစသည့်အရာတို့ နှင့်ပတ်သက်၍ အကြိမ်ပေါင်းမည်မျှစိုးရိမ်လျက်နေသည်ကို အကျွန်ုပ်သေချာမသိပေ။ စာရင်းသည် တစ်ခုပြီးတစ်ခုတိုးလာပါသည်။ အကယ်၍ စိုးရိမ်ခြင်းအကြောင်းအရာများကို ကျွန်ုပ်တို့စာရင်းပြုစုမည်ဆိုလျှင် ကျွန်ုပ်တို့အမှန်ပင်အံ့အားသင့်သွားပေမည်။ မည်သည့်အရာပေါ်၌ အံ့အားသင့်သနည်း။ အများအားဖြင့် ယေရှု၏စူးစမ်းလေ့လာခြင်းသည် အမှုကိစ္စတိုင်း၌ မှန်ကန်မှုရှိ၏။ စိုးရိမ်ခြင်းသည် မည်သည့်အခါမျှအထောက် အကူမပြုပေ။

*သင်တို့တွင် မည်သူသည် စိုးရိမ်သောအားဖြင့် မိမိ၏အသက်ကို တစ်တောင်ခန့်မျှ ပို၍ရှည်စေနိုင်သနည်း။ ထိုသို့ သေးငယ်သောအမှုကို ပင် မတတ်နိုင်ကြလျှင် အဘယ်ကြောင့် အခြားသောအမှုများအတွက် စိုးရိမ်ကြသနည်း။*

ကျွန်ုပ်တို့အများစုသည် မိမိတို့၏အသက်အပိုင်းအခြားများနှင့်ပတ်သက်၍စိတ်ပူကြ၏။ကျွန်ုပ်တို့သည် စိုးရိမ်ခြင်းအားဖြင့်မိမိတို့၏အသက်

ရှင်ခြင်း အချိန်ကာလအတိုင်းအတာကို မတိုးစေနိုင်ကြပေ။ စိုးရိမ်ခြင်းသည် မည်သည့်အခါမျှကောင်းကျိုးမရှိပေ။

အကျွန်ုပ်သည် ကွေးကောက်၍ရသောသူဖြစ်ပါသည်။ မိမိကိုယ်ကို အခြားသူများလောက် စိုးရိမ်ခြင်းမရှိဟု ယူဆသည်။ သို့ရာတွင် အကျွန်ုပ်၌ ပြောစရာကျရှုံးမှုများရှိပါသည်။ အချိန်တိုင်း အကျွန်ုပ်စိုးရိမ်လျက်နေသည်။ ထိုစိုးရိမ်ခြင်းသည် မည်သည့်အခါမျှအကျိုးမပေးချေ။ အကျွန်ုပ်သည် ကျောင်းသားဖြစ်စဉ်က တန်းစီသည့်အဖြစ်အပျက်ကို အမှတ်ရမိသည်။ အကျွန်ုပ်သည် ယောက်ျားကလေးများထဲမှအပု ဆုံးသောသူထက်ပင် ပို၍ပုသကဲ့သို့ခံစားရသည်။ အကျွန်ုပ်၏အရပ်ပုခြင်းအပေါ် အဘယ်မျှလောက်ပင် စိုးရိမ်ခြင်းရှိနေပါစေ ထိုစိုးရိမ်ခြင်းသည် အကျွန်ုပ်၏အရပ်ကို နည်းနည်းလေးမှမရှည်ထွက်စေပေ။

ယေရှု၏ကျိုးကြောင်းသင့်ဆွေးနွေးခြင်းသည် ရိုးရှင်းပါသည်။ အကယ်၍ မိတ်ဆွေ နှင့်အကျွန်ုပ်သည် အလွန်ရိုးရှင်းသည့်အကြောင်းတည်းဟူသောမိမိတို့၏ကိုယ်ခန္ဓာထွားကြိုင်းခြင်း သို့မဟုတ် မိမိတို့၏အသက်ရှည်လျားစေခြင်းတို့ကို ပြုနိုင်ခြင်းမရှိကြလျှင် ကျွန်ုပ်တို့သည် အခြားကိစ္စများနှင့်ပတ်သက်၍ အဘယ့်ကြောင့်စိုးရိမ်ကြပါသနည်း။

ရှရှကို နှစ်ပတ်ကြာခရီးပြုသည့်အကြောင်းအရာ အကျွန်ုပ်ပြောပြပါရစေ။ ထိုအ ရပ်ကို အကျွန်ုပ်ရောက်ရှိပြီးနောက် ထမင်းစားဖို့သွားကြ၏။ အကျွန်ုပ်သည် ထိုအရပ် ဒေသ၏ယဉ်ကျေးမှုအသစ်နှင့် လိုက်လျောအဆင်ပြေအောင် ကြိုးပမ်းအားထုတ်လျက်နေ၏။ အကျွန်ုပ်သည် ထိုဧဝံဂေလိခရီးစဉ်နှင့်ပတ်သက်၍ စိတ်လှုပ်ရှားခဲ့ပြီး စကားပြန်အားဖြင့် ရှရှလူမျိုးတို့နှင့်နယ်စပ်ကို ကျော်ဖြတ်ပြီးရောက်ရှိလာသည့်တရုတ်လူမျိုးတို့ကိုလည်း ဧဝံဂေလိဝေငှနိုင်ခဲ့သည်။ အကျွန်ုပ်၏အိတ်သည် တရုတ်ရပ်ဝတ္ထုများနှင့်လေးလံလျက်ရှိသည်။ အခြားသောသူများက ရှရှကျမ်းစာအုပ်များကို စီစဉ်ကြသည်။ အရာရာအားလုံးသည် လမ်းလျှောက်ခြင်းအပေါ်မှီတင်းပါသည်။ ကျွန်ုပ်တို့သည် ဟိုတယ်ကိုပြန်ရောက်ဖို့ တစ်မိုင်ခန့်

လမ်းလျှောက်ဖို့လိုအပ်သည်။ ကျွန်ုပ်သည်စားသောက်ဆိုင်ရှေ့လျှောက်လာရာ အကျွန်ုပ်၏ခြေဆစ်လွဲသွားပါသည်၊ ကျိုးသွားသလိုပင် ခံစားရသည်။ အကျွန်ုပ်၏ခရီးစဉ်တစ်ခုလုံးသည် မီးခိုးလိုပျောက်ကွယ်ပါတော့သည်။ အိမ်ပြန်ရာလမ်းတလျှောက်တွင် အကျွန်ုပ်၏ခြေကို ကလေးလိုယုယရသော်လည်း နာကျင်လာပါသည်။ အကျွန်ုပ်မစိုးရိမ်ရဟု စိတ်ဆုံးဖြတ်ခဲ့သည်။ ကိုယ်တော်က အကျွန်ုပ်၏ခြေကို တာဝန်ယူစောင့်ရှောက်မည်ဟု ခေါ်ပြောပါသည်။ ထိုည၌ ကူညီ မစခြင်းအတွက် ဘုရားသခင်ထံပါးသို့ အကျွန်ုပ်အော်ဟစ်ဆုတောင်းပါသည်။ မနက်မိုးလင်းသောအခါ အကျွန်ုပ်၏ခြေသည် လုံးဝကောင်းသွားပါသည်။ ထိုအမှုကို အကျွန်ုပ်မလုပ်နိုင်ပေ။ ထိုအမှုသည် ဘုရားသခင်စောင့်ရှောက်ဖို့ လိုအပ်သောအမှုပင်ဖြစ်သည်။ ကိုယ်တော်သည် အကျွန်ုပ်၏ခြေဆစ်ကိုသာ ဂရုစိုက်စောင့်ရှောက်ခြင်းမဟုတ်ဘဲ ပို၍အရေးကြီးသည့်လူတို့၏စိတ်ဝိညာဉ်များကို ဂရုစိုက်တော်မူ၏။

ယေရှုက ရှည်လျားသောအသက်အား အသေးအဖွဲကိစ္စဖြစ်သည်ဟု ပြောဆိုခြင်းသည် အကျွန်ုပ်အား အနည်းငယ်မချို့မရဲဖြစ်စေခဲ့သည်။ အကယ်၍ အကျွန်ုပ် သို့မဟုတ် တစ်စုံတစ်ယောက်သည် ကိုယ့်အသက်ကိုရှည်လျားစေနိုင်လျှင် ထိုအရာသည် မှတ်သားလောက်သောအရာဖြစ်မည်ဟု အကျွန်ုပ်စဉ်းစားမိသည်။ ပိုဆိုးသည်ကား ကိုယ်တော်က ထိုအရာသည် အသေးငယ်ဆုံးသောအရာဟု ပြောဆိုခြင်းပင်ဖြစ်သည်။ အကျွန်ုပ်သည် ထိုအရာကို အသေးငယ်ဆုံးသောအရာဟု မယူဆပေ။ ယေရှုသည် ကျွန်ုပ်တို့အမြင်ကနေပြောဆိုခြင်းမဟုတ်ဘဲ ဘုရားသခင်၏အမြင်ကနေပြောနေခြင်းဖြစ်ရမည်။ ဘုရားသခင်အဖို့ ဤဆန့်တန်းခြင်းသို့မဟုတ် ဆွဲဆန့်ခြင်းသည် လွယ်ကူသော်လည်း ကျွန်ုပ်တို့အတွက်မူကား မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် မည်မျှပင်လေ့လာသင်ယူသည်ဖြစ်စေ၊ လေ့ကျင့်သည်ဖြစ်စေ၊ စိတ်ကူးသည်ဖြစ်စေ ထိုသို့သောအမှုအရာတည်းဟူသောအသက်ရှည်လျားစေခြင်းကို မစိုးမိုးနိုင်စွမ်းမရှိပေ။ ဟောဇကိမင်း

သည် သူ့အား ဆက်လက်အသက်ရှင်ခွင့်ပေးသနားရန် ဘုရားသခင်ထံ တော်ပါးကို အော်ဟစ်ငိုကြွေးခဲ့သည်။ ဘုရားသခင်ကလည်း သူ့အသက် ကိုဆက်လက်ရှည်လျားစေတော်မူ၏။ ထိုအမှုအရာကို ကျွန်ုပ်တို့မ တတ်နိုင်ပေ။

*ထိုကာလအခါ ဟေဇကိမင်းသည် သေနာစွဲသဖြင့် အာမုတ်သား ပရောဖက်ဟေရှာယသည် လာ၍ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ကိုယ်အိမ်အမှုကို စီရင်လော့။ သင်သည် အသက်မရှင်သေရမည်ဟု အမိန့်တော်ကို ပြန်လေ၏။ ဟေဇကိမင်းသည်လည်း ထရံသို့မျက်နှာ လှည့်၍ အိုထာဝရဘုရား၊ အကျွန်ုပ်သည် ရှေ့တော်၌ သစ္စာစောင့်လျက် စုံလင်သောစိတ်နှလုံးနှင့်ကျင့်၍ နှစ်သက်တော်မူသည်အတိုင်း ပြုကြောင်း ကို အောက်မေ့တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု အလွန်ငိုကြွေး လျက် ထာဝရဘုရားကို ဆုတောင်းလေ၏။ ဟေရှာယသည် နန်းတော် အလယ်တန်တိုင်းသို့မရောက်မီ ထာဝရဘုရား၏နှုတ်ကပတ်တော် ရောက်၍ သင်သည် ငါ့လူတို့၏ဗိုလ်ချုပ်ဟေဇကိမင်းထံသို့ တစ်ဖန်သွား ပြီးလျှင် သင့်အဘဒါဝိဒ်၏ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည် ကား၊ သင်၏ပတ္တနာစကားကို ငါကြားပြီ။ သင်၏မျက်ရည်ကိုလည်း ငါမြင်ပြီ။ သင်၏အနာကို ငါပျောက်စေသဖြင့် သင်သည် သုံးရက်လွန် လျှင် ဗိမာန်တော်သို့တက်ရလိမ့်မည်။ သင့်အသက်၌ တစ်ဆယ်ငါးနှစ်ကို ငါဆက်၍ပေးမည်။ သင်နှင့်ဤမြို့ကို အာရှုရိရှင်ဘုရင်လက်မှ ငါကယ် လွှတ်မည်။ ငါ့မျက်နှာကိုလည်းကောင်း၊ ငါ့ကျွန်ဒါဝိဒ်၏မျက်နှာကိုလည်း ကောင်းထောက်၍ ဤမြို့ကို ကွယ်ကာစောင့်မမည်အရာကို ပြောလော့ ဟု မိန့်တော်မူ၏။*

ယေရှုက အခြားကိစ္စများသည် ပို၍ရှုပ်ထွေးသည်ဟု ဖော်ပြသည်။ သို့သော် ဘုရားသခင်အတွက်မူကား အရာအားလုံးသည် အညီအမျှ လွယ်ကူပေသည်။ ကျွန်ုပ်တို့စိုးရိမ်ရသည့်ထိုအမှုကိစ္စအားလုံးတို့သည် လူများအားဖြင့် ထိန်းချုပ်ကွပ်ကဲခြင်းမဟုတ်ဘဲ၊ ဘုရားသခင်အားဖြင့်

ထိန်းချုပ်ကွပ်ကဲခြင်းသာဖြစ်သည်။ ယေရှုက အရာအားလုံးသည် သူ့ဟာသူဖြစ်သွားမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကံကြမ္မာကိုပုံအပ်ပြီး စိတ်လွတ်ကိုယ်လွတ်နေသင့်သည်ဟု ပြောဆိုခြင်းမဟုတ်ပေ။ ထိုသို့ လုံးဝမဟုတ်ပေ။ ကိုယ်တော်က ထိုအရာတို့သည် ဘုရားသခင်နှင့်ဆိုင်သောအမှုကိစ္စများဖြစ်ကြောင်း ကျွန်ုပ်တို့ကိုနားလည်စေရန် အားထုတ်လျက်နေသည်။ ၎င်းတို့ကို ကိုယ်တော်သာလျှင် ကိုင်တွယ်နိုင်သည်။ ၎င်းတို့ကို ကိုယ်တော်ကိုင်တွယ်ပါစေ။

ယေရှုသည် ကျမ်းစာတလျှောက်လုံးတွင် ပူပင်သောသနှင့်စိုးရိမ်ခြင်းကို ဖြတ်တောက်ပေးသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အခန်းကဏ္ဍကို မိမိတို့လက်ဖြင့် တာဝန်ယူရန် ကြိုးပမ်းအားထုတ်ကြသောကြောင့် စိုးရိမ်ကြ၏။ ကျွန်ုပ်တို့သည် အကျိုးမြတ်၊ အချိန်အခါ၊ ပုံပန်း၊ အထွက်အထိပ်၊ လက်ခံခြင်းနှင့်ခနဉစ္စာ စသည့်တို့အတွက် စိုးရိမ်တတ်ကြသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အဘယ်မျှလောက်အရပ်မြင့်သည်၊ ကျွန်ုပ်တို့ဘယ်အချိန်ထိအသက်ရှည်မည်၊ ကျွန်ုပ်တို့အဘယ်အရပ်၌ မွေးဖွားသည်၊ ကျွန်ုပ်တို့အဘယ်မျှလောက်ချမ်းသာသည်၊ ကျွန်ုပ်တို့အဘယ်ကဲ့သို့ဖြစ်သည်စသဖြင့် အခြားသောကိစ္စများတွင် သူကိုယ်တိုင်တာဝန်ယူတော်မူ၏။

တစ်ခုတည်းသောနည်းလမ်းကား မိတ်ဆွေ၏ဘဝအသက်တာ အစီအစဉ်ထဲသို့ ဘုရားသခင်ကို စတင်အခွင့်ပေးခြင်းသာဖြစ်သည်။ ကားထိုးရန်နေရာ၊ ငွေကြေး၊ တွေ့ဆုံမည့်လူများနှင့်အကာအကွယ် စသည်တို့အတွက် ဆုတောင်းနေသည်ကို အကျွန်ုပ်အမှတ်ရမိပါသည်။ အကျွန်ုပ်မှာ ကမ်းကုန်အောင်တစ်သမတ်တည်းသွားရမည့်ရှည်လျားသည့်ခရီးရှိသေး၏။ သို့သော် အကျွန်ုပ်သည် မိမိ၏အသက်တာတစ်ခုလုံးအတွက် ဘုရားသခင်၏လက်ညှိုးတော်ကို စတင်သင်ယူလျက်ရှိ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို အားလုံးနှင့်မပြည့်ဝစေပေ။ သို့သော် အကျွန်ုပ်ကို ကြည့်ရှုစောင့်ရှောက်ရန် ကတိပြုတော်မူ၏။ ထိုအမှုအရာသည် လုံ

လောက်လျက်နေသည်။ စိုးရိမ်ခြင်းသည် မည်သည့်အခါမျှအကျိုးမရှိပေ။ ၎င်းသည် ပုံရိပ်ကိုသာ ပုံပျက်စေသည်။ ဘဝအသက်တာ၌ ဘုရားသခင်၏အမြင်ကို ကျွန်ုပ်တို့လိုအပ်ပါသည်။

# လူကိုကြောက်သည့်စိတ်ကို အောင်နိုင်ကျော်လွှားခြင်း
# မာကု ၁၁:၂၇-၃၃

လူကိုကြောက်ရွံ့ခြင်းသည် ဖြစ်လေ့ဖြစ်ထရှိသောပြဿနာဖြစ်သည်။ ထိုအရာသည် အကျွန်ုပ်အသက်တာ၏အမှန်တရားပင်ဖြစ်သည်။ အကျွန်ုပ်သည် တန်ခိုးနှင့်ပြည့်ဝသည့် ယေရှုနှင့် တွေ့ဆုံခြင်းအကြောင်းကို စတင်ဖတ်ရှုသောအခါ မိမိ၏စိတ်နှလုံးရှေ့၌ မိမိ၏အပြစ်အနာအဆာထင်ရှားလာပါတော့သည်။ အကျွန်ုပ်သည် လူကိုကြောက်ရွံ့သောစိတ်ကြောင့် မိမိ၏သခင်ဘုရားရှေ့မှောက် နှင့်မိမိနီးနား၌ရှိသောလူတို့ရှေ့တွင် ဘယ်နှစ်ခါ ရှုံးနိမ့်ခဲ့ရသနည်း။ အကြိမ်ပေါင်းများစွာရှိပါသည်။

နိမ့်ချဖို့ လိုအပ်သည်။ သဘောပေါက်ဖို့လည်း လိုအပ်သည်။ အကျွန်ုပ်သည် တခဏအတွင်း ငြိမ်ဝပ်စွာထိုင်လျက် ဆုတောင်းဖို့ လိုအပ်သည်။ ဘုရားသခင်သည် အကျွန်ုပ်အသက်တာ၌ အသစ်သောအလုပ်ကို အစပြုလာပါသည်။ အကျွန်ုပ်သည် ဘုရားသခင်ရှေ့တော်မှောက်နှင့်လူရှေ့၌ မှန်ကန်စွာအသက်ရှင်နိုင်ဖို့ရန် သေခြင်းနှင့်စပ်ဆိုင်သောအရာများကို ဖယ်ရှားဖို့ လိုအပ်ပါသည်။

လူကိုကြောက်ရွံ့ခြင်းသည် ဘုရားသခင်ရှိစေလိုသောအရာများကို မရရှိ အောင် အကျွန်ုပ်တို့အား အပေးအယူလုပ်ခြင်းထဲသို့တွန်းပို့ပေးပြီး ကျွန်ုပ်တို့ကို ထောင်ချောက်ဆင်ထားခြင်းဖြစ်သည်။ အပေးအယူလုပ်ခြင်းသည် အမျိုးမျိုး စဉ်းစားတွေးခေါ်ခြင်း၊ စကားလုံးများနှင့်လုပ်ဆောင်ချက်များကို ပြုလုပ်စေပြီး မှားယွင်းသောဆုံးဖြတ်ချက်များနှင့်အကျိုးဆက်များ၌ အဆုံးသတ်လျက်ရှိသည်။

*ထို့နောက် သူတို့သည် ဂျေရုဆလင်မြို့သို့ တစ်ဖန်ရောက်ကြ၏။ ကိုယ်တော်သည် ဗိမာန်တော်ထဲ၌ ကြွတော်မူစဉ် ယဇ်ပုရောဟိတ် အကြီးအကဲများ၊ ကျမ်းပြုဆရာများနှင့်သက်ကြီးဝါကြီးများသည် အထံ တော်သို့လာ၍ "သင်သည် ဤအမှုအရာများကို မည်သည့်အခွင့် အာဏာနှင့်ပြုသနည်း၊ သို့မဟုတ် ဤသို့ပြုနိုင်သောအခွင့်အာဏာကို မည်သူက သင့်အားပေးသနည်း"ဟု မေးမြန်းကြ၏။*

ယေရှု၏တပည့်တော်တို့သည် သူတို့၏သခင်မျက်နှာ၌ ခြိမ်း ခြောက်မှုအခြေအနေများကို အနည်းဆုံးလေးကြိမ်တွေ့မြင်ကြ၏။ ကိုယ် တော်သည် မတွန်းသွားပေ။

- မြို့တော် - ဂျေရုဆလင်

  လူတစ်ဦးသည် ဂျေရုဆလင်မြို့မှာရှိသည့်ကြည်ညိုခြင်းနှင့် ကျော် ကြားမှုကိုရရှိလိုခြင်းထက် အခြားမည်သည့်နေရာမှရရှိလိုခြင်း မ ရှိပေ။ အကယ်၍ လူတစ်ဦးသည် ထိုအရပ်၌ ကောင်းကောင်း မွန်မွန်လက်ခံခြင်းခံရပါက ထိုသူသည် ထိုလူမျိုးတို့အားဖြင့် ကောင်းကောင်းမွန်မွန်လက်ခံခြင်း ကိုခံရပါသည်။ ဤနေရာသည် ကိုယ်တော်၏ကြီးမြတ်ခြင်းကို ပြသရန် တသက်တာအခွင့်အရေး ဖြစ်ပါသည်။

- **သန့်ရှင်းသောနေရာ - ဘုရားသခင်၏ဗိမာန်တော်**

  ထိုအရပ်သည် ဘုရားသခင်၏ဗိမာန်တော်အရပ်ထက် လူတချို့ က ဘုရားသခင်သိခြင်းကိုပြသရန် ပို၍စည်းကမ်းတင်းကြပ်သည့် နေရာဟုတ်ပါသလား။ လူ၏လက်ခံခြင်းကိုခံရ၍ လူ၏ဉာဏ်ပညာ နှင့်ကိုက်ညီခြင်းအားဖြင့် ကိုယ်တော်သည် သန့်ရှင်းသောသူနှင့် ဘုရားသခင်နှင့် နီးကပ်သောသူ အဖြစ် သူ့ကိုယ်သူပြသနိုင်သည်။

- **ထိတ်တိုက်ရင်ဆိုင်သည် - ယဇ်ပုရောဟိတ်များ၊ ကျမ်းပြုဆရာများ နှင့်အကြီးအကဲများအားဖြင့်**

ဤအခြေအနေသည် အပေးအယူအတွက် စူးစူးဝါးဝါးအော်နေသည်။ အများ၏ကြည်ညိုခြင်း အခံရဆုံးယဇ်ပုရောဟိတ်များ၊ ကျမ်းပြုဆရာများနှင့်အကြီးအကဲများဖြစ်သည့်ဤအုပ်စုသုံးစုတို့ကို ကိန်းဂဏန်းအများဖြင့် ရေးသားထားသည်။ အနည်းဆုံး ဝတ်လုံရှည်ကြီးကို ဝတ်ဆင်ထားသည့်လူကြီး ခြောက်ယောက်တို့သည် တက်လာပြီး ယေရှုကိုစိန်ခေါ်ကြ၏။ ထိုအရပ်တွင် ထိုထက်မက လူဦးရေများပြားနိုင်သည်။ လူဦးရေများပြားသည်။ ရန်သူဆီ ပန်း၍ချီတက်လာကြသည်။ ယေရှုလက်ခံဖို့ရန် အပေးအယူလုပ်ခြင်းကို စတင ကြပါသည်။

- **ရန်လိုသည် - စိန်ခေါ်ခြင်းဆိုင်ရာ မေးခွန်းတစ်ရပ်**

ထိုသူတို့၏မေးခွန်းသည် ယေရှုခရစ်တော်၏သာသနာလုပ်ငန်းကို တည့်တည့်မေးလာခြင်းဖြစ်သည်။ ယေရှု၌ အပေးအယူလုပ်ရန် နည်းလမ်းများစွာရှိပြီး ဤလူတို့ကို သူ့အား ထောက်ခံလာအောင်လုပ်နိုင်သည်။ ထို့ပြင် ကိုယ်တော်က "ငါတို့တွေဟာ တစ်ဆူတည်းသောဘုရားသခင်အတွက် အလုပ်လုပ်နေကြတာပါ။ နားလည်မှုလွဲမှားခြင်းရှိခဲ့မယ်ရင် ဝမ်းနည်းတယ်ကွ၊ ခွင့်လွှတ်ကြပါ"လို့ ပြောနိုင်သော်လည်း လုံးဝမပြောခဲ့ပေ။

လူကိုကြောက်ရွံ့ခြင်းသည် အကျွန်ုပ်အသက်တာ၌ အမှန်စင်စစ်ကျော့ကွင်းဖြစ်သည့်အချိန်အခါ ရှိခဲ့ဖူးသည်။ မည်သို့ပင်ဖြစ်စေ ယေရှုသည် တုန်လှုပ်ခြင်းမရှိ၊ လန့်သွားခြင်းမရှိ၊ ဆတ်ဆတ်ထိမခံဖြစ်သည်ဟူ၍မရှိတတ်ပေ။ သူသည် သတ္တိနည်းသူမဟုတ်သလို ရက်ကြောက်တတ်သူလည်း မဟုတ်ပေ။ ကိုယ်တော်သည် ဝိညာဉ်တော်နှင့် ပြည့်ဝသောသူဖြစ်ပြီး ရင်ဆိုင်ရသည့်စိန်ခေါ်မှုကို ဉာဏ်ပညာအပြည့်နှင့် တုံ့ပြန်တတ်သူဖြစ်သည်။

## လက်တွေ့ကျင့်သုံးခြင်း

အကျွန်ုပ်သည် အခြားသောသူများထံမှလာသောပြိမ်း ခြောက်မှုမှာ သမျှကို ပယ်ဖျက်နိုင်ဖို့ရန် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းရှိဖို့ လိုအပ်ပါသည်။ ယေရှုက ထိုသူတို့သည် ကိုယ်တော်မေးသည့် မေးခွန်းကို အရင်ဆုံးဖြေကြားမည်ဆိုလျှင် သူတို့မေးထားသည့်မေးခွန်းကိုလည်း ကိုယ်တော်ဖြေကြား ပေးမည်မဟု ပြောဆိုသွားပါသေ။ ထိုသို့ဖြင့် သူတို့သည် ကိုယ်တော်ကို ရဲဝံ့စွာမေးခွန်းမေးမြန်းကြသည်။ သူတို့သည် ယေရှု၏ မေးခွန်းကို ယဉ်ယဉ်ကျေးကျေးပြန်ဖြေကြရမည်။ ယေရှုက

*ယေရှုကလည်း "ငါသည် သင်တို့ကို မေးခွန်းတစ်ခုမေးဦးမည်။ ငါ့ကို ဖြေကြလော့။ သို့ပြုလျှင် ဤအရာများကို မည်သည့်အခွင့်အာဏာနှင့်ငါပြုကြောင်း သင်တို့အား ငါပြောမည်။ ယောဟန်၏ဗတ္တိဇံသည် ကောင်းကင်မှဖြစ်သလော၊ သို့မဟုတ် လူတို့ထံမှဖြစ်သလော။ ငါ့ကိုဖြေကြလော့"ဟု မိန့်တော်မူ၏။ ထိုအခါ သူတို့သည် အချင်းချင်းဆွေးနွေးပြောဆိုကြကာ "'ကောင်းကင်မှဖြစ်သည်'ဟု ငါတို့ပြောလျှင် သူက 'သို့ဖြစ်လျှင် အဘယ်ကြောင့် ယောဟန်ကိုမယုံကြသနည်း'ဟု ပြောလိမ့်မည်။ 'လူတို့ထံမှဖြစ်သည်'ဟု ငါတို့ပြောလျှင်လည်းမဖြစ်"ဟု ဆိုကြ၏။ လူအပေါင်းတို့သည် ယောဟန်ကို ပရောဖက်ဖြစ်သည်ဟု အမှန်ပင်မှတ်ယူကြသောကြောင့် သူတို့သည် လူထုပရိသတ်ကိုကြောက်ကြ၏။ ထို့ကြောင့် သူတို့က "အကျွန်ုပ်တို့မသိပါ"ဟု ယေရှုအား ပြန်ဖြေကြ၏။ ထိုအခါ ယေရှုက "ငါသည်လည်း ဤအမှုအရာများကို မည်သည့်အခွင့်အာဏာနှင့်ပြုကြောင်း သင်တို့ကိုမပြော"ဟု သူတို့အား မိန့်တော်မူ၏။*

ထိုသူတို့၏ကိုယ်ပိုင် ဆွေးနွေးချက်သည် အထက်ကကျမ်းချက်၏ နောက်ဆုံးပိုင်းတွင် တွေ့မြင်ရသည်။ တစ်စုံတစ်ယောက်က ဤအဖွဲ့သုံးဖွဲ့အတူ တကွစုပြုံပြွတ်သိပ်လျက် ထင်မြင်ချက်အမျိုးမျိုး တင်ဆက်

နေမှုကို တွေ့မြင်နိုင်ပါသည်။ ခရစ်တော်၏ဉာဏ်ပညာသည် အနည်းဆုံး အခန်းကဏ္ဍသုံးခု၌ တွေ့ရပါသည်။

- ယေရှုသည် အယုံအကြည်ကင်းမဲ့သောသူတို့နှင့် နှစ်သက်ဖွယ်ကောင်း သောဘုရားသခင်၏နှုတ်ကပတ်တော်ကို ဝေငှလေ့မရှိပေ။
- ထိုသူတို့အား အဓိကအကြောင်းအရာပိုင်းခြားစိတ်ဖြာစေမည့် မေးခွန်းကို ယေရှုဖန်တီးလိုက်သည်။
- ယေရှုသည် သူတို့၏အပြစ်ဖြင့် သူတို့ကိုထိပ်တိုက်ရင်ဆိုင်ရသည်။
- ဗတ္တိဇံယောဟန်သည် ကောင်းကင်ကဖြစ်လျှင် သူတို့သည် အဘယ့်ကြောင့် သူကိုမကြည်ညိုသနည်း၊ သူ၏အကြံကို အဘယ့်ကြောင့် နားမထောင်ကြသနည်း။
- သူတို့ကိုယ်တိုင်သည် လူကိုကြောက်ရွံ့ကြ၏။

## လက်တွေ့ကျင့်သုံးခြင်း

ခေါင်းမာသောသူများနှင့်ယုံကြည်မှုကင်းမဲ့နေသော ယနေ့ခေတ်လော ကီခေါင်းဆောင်များ၏လိုအပ်ချက်များကို တွေ့ဆုံဖြည့်ဆည်းခြင်းဌာ သာ၍ကြီး မြတ်သောဉာဏ်ပညာအတွက် ဘုရားသခင်ကိုတောင်းလျှောက်ပါ။

ဘုရားသခင်၏ဝိညာဉ်တော်သည် အကျွန်ုပ်စိတ်ဝိညာဉ်၏ယခင် အခြေအနေကို ဖော်ထုတ်လျက်နေသည်။ လူကိုကြောက်ရွံ့ခြင်း နောက်တမျိုးပေါ်လာပြန်သည်။ အကျွန်ုပ်သည် ဘုရားသခင်ကို မနာခံသည့်အတွက် ကြိမ်ဖန်များစွာ နှိမ့်ချခြင်းခံရသည်။ ထိုအချိန်သည် ဘုရားသခင်နှင့် လူအပေါ်အဆက်မပြတ် ပျက်ကွက်မှုရှိသည့်အချိန်အခါဟု ထင်စရာရှိသည်။ ထိုအရာကို ကြည့်ခြင်းအားဖြင့် အကျွန်ုပ်သည် တူး

ဖော်ခြင်းကို လုပ်ဆောင်ဖို့ရန် လမ်းပြမောင်းနှင် မည့်သူကိုလိုအပ် ဟန် ရှိပါသည်။ အကျွန်ုပ်သည် ကြီးမြတ်သောဘုရားသခင်၏ကျေးဇူးတော် အပေါ်၌ ပို၍ပို၍ အံ့အားသင့်လျက်နေသည်။

## လက်တွေ့ကျင့်သုံးခြင်း

အကျွန်ုပ်သည် မိမိအပြစ်နှင့်လူကိုကြောက်ရွံ့ခြင်းတို့ကို မသိကျိုးကျွန်ပြုရန် ငြင်းဆိုတတ်သည်။ ထိုသူတို့သည် မိမိတို့စိတ်နှလုံးထဲ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်အခြေချရန် အလိုမရှိကြပေ။ သို့ဖြစ်၍ သူတို့၌ ယေရှုကိုဖြေကြားရန် အဖြေမရှိကြ။ သူတို့၌ ဘုရားသခင်ထံတော်ပါးက နှုတ်ကပတ်တော်မရှိပေ။

အကျွန်ုပ်သည် လူငယ်ဘဝကပင် ခြိမ်းခြောက်မှုကို သင်ယူခဲ့ကြောင်းသိရှိရပါသည်။ လူတို့က အကျွန်ုပ်အား ခြိမ်းခြောက်သောအခါ အကျွန်ုပ်သည် လူကိုကြောက်ရွံ့သောသူဖြစ်လာသည်။ ။ သူတို့သည် မိမိတို့ကိုယ်ပိုင်၏ကျော့ကွင်းဖြင့် ခြိမ်းခြောက်မှုကိုခံရကြ၏။

နောက်ပိုင်းတွင် အကျွန်ုပ်အပေါ်၌ အထမြောက်သည့်ဤနည်းပညာကို အသုံးပြုသွားပါသည်။ ကာလအကြာကြီးကျင့်သုံးလာသည့် အသံကျယ်ကျယ်ပြောဆိုခြင်း၊ ခြိမ်းခြောက်သည့်စကားလုံးများကို အသုံးပြုခြင်း၊ မျက်နှာရှုံ့ခြင်းစသည့်တို့ကို ဘုရားသခင်၏ကျေးဇူးတော် အားဖြင့်စွန့်လွှတ်နိုင်ရမည်။ ထိုသို့သောအမူအကျင့်တို့ကို ခြိမ်းခြောက်သည့်နေရာ၌ အသုံးပြုတတ်ကြ၏။ အကျွန်ုပ်၏မိသားစုဝင်များက ဤနည်းလမ်းများကို သူတို့၏ညီအစ်ကိုရင်း မောင်နှမများကြားတွင် စတင်အသုံးပြုသောအခါ အကျွန်ုပ်သည် အံ့အားသင့်မည်လော။ မျိုးဆက်တစ်ဆက်၏အပြစ်သည် နောက်ပေါ်လာမည့်မျိုးဆက် အထိကူးဆက်သွားတတ်သည်။

# နောက်ဆက်တွဲ ၁: စာရေးသူ၏အကြောင်း

Paul သည် ၁၉၈၀ ခုနှစ်တွင် ပင်လယ်ရပ်ခြား တိုင်းတစ်ပါး၌ အသင်းတော်တည်ထောင်သူအဖြစ် လုပ်ဆောင်ခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် အမေရိကန်ပြည် ထောင်စု၌ သင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ဘုရားသခင် သည် Biblical Foundations for Freedom ကို တည်ထောင်ဖို့ရန် ၂၀၀၀ ခုနှစ်တွင် သူ့ကိုခေါ်ထုတ်တော်မူ၏။ သူသည် စာကို စိတ်ဝင်တစားရေးသားပြီး နိုင်ငံတကာ ခရစ်ယာန်ခေါင်းဆောင်မှု လေ့ကျင့်သင်ကြားခြင်းကို ပို့ချကာ ဒေသန္တာရအသင်း တော်၌ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

Paul ၏အရာဝတ္ထုပေါင်းစုံကား ခရစ်ယာန်အသက်တာ၊ တပည့်တော်ဖြစ်ခြင်း၊ ဘုရားတရားကြည်ညိုခြင်း၊ ခေါင်းဆောင်မှု လေ့ကျင့်သင်ကြားခြင်း၊ အိမ်ထောင်ရေး၊ ကလေးကြည့်ရှုခြင်း၊ စိုးရိမ်ခြင်း၊ ဓမ္မဟောင်းနှင့်ဓမ္မဟာသစ် ရှင်းလင်းချက်များ၊ အခြားသောဝိညာဉ်ရေးရာအကြောင်း အရာများစသည်တို့သည် အထူးထိုးထွင်းသိမြင်မှုများကို ပြင်ဆင်ပေးပြီး သူ့စာအုပ်များစွာအဖြစ်သို့ ရောစပ်ကာလူတို့၏ကြွယ်ဝသောဆက်သွယ်ရေး လေ့ကျင့်သင်ကြားခြင်း အရင်းအမြစ်ဖြစ်လာသည်။

၏အိမ်ထောင်သက်တမ်းမှာ အံ့အားသင့်ဖွယ်ကောင်းအောင် သုံးဆယ်ငါးနှစ်ရှိပြီဖြစ်သည်။ သားသမီး ရှစ်ယောက်နှင့်သားမြေးများ လေးယောက်ထွန်းကားပါသည်။ Paul and ချစ်ဇနီး Linda တို့သည် သူတို့၏အသက်တာ၌ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ဆက်လက်မြင်တွေ့လျက် နေကြပါသည်။

For more on Paul and Linda and the BFF ministry, check online at : www.foundationsforfreedom.net